မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၂၁၁)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

၂၀၁၃ ခုနှစ်၊ မေ ၄ ရက်၊ စနေနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အဆင့်မြင့်နှင့် အခြေခံပညာကဏ္ဍနှစ်ရပ်စလုံး ပြုပြင်ပြောင်းလဲရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ကျင်းပသည့် တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီ (၁/၂၀၁၃) အစည်းအဝေးနှင့် တက္ကသိုလ်များ ဗဟိုကောင်စီ (၁/၂၀၁၃) အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမျိုးသားပညာရေးကော်မတီသည် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များချမှတ် အဆုံးအဖြတ်ပေးမည့် တစ်ခုတည်းသော တာဝန်ခံအမြင့်ဆုံးအဖွဲ့အစည်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးကော်မတီ အနေဖြင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအတွက် တက္ကသိုလ်များဗဟိုကောင်စီနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ အတွက် တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီများအနေဖြင့် မူဝါဒတစ်ခုအပေါ် အကောင်အထည်ဖော်နေကြရသည့် ပြည်ထောင်စုဝန်ကြီးဌာန(၁၃) ခု၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် တစ်ဦးတစ်ယောက်တည်း(သို့မဟုတ်) ဝန်ကြီးဌာန တစ်ခုတည်းဆုံးဖြတ်သည့် ဗဟိုချုပ်ကိုင်မှုမျိုးမဟုတ်ဘဲ ဝန်ကြီးဌာနအချင်းချင်း အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ပြီး တွေ့ကြုံရသည့် စိန်ခေါ်မှုအခက်အခဲများနှင့် အောင်မြင်မှုများကို အမြင်ချင်းဖလှယ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ ■

အမှာစကားပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ (၁/၂၀၁၃) အစည်းအဝေးနှင့် တက္ကသိုလ်များ ဗဟိုကောင်စီ (၁/၂၀၁၃) အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ကြေညာချက်အမှတ်(၁/၂၀၁၃)
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်)

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၃)ကို ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေကြေညာခြင်းနှင့် စပ်လျဉ်း၍ အတည်ပြုချက်ရယူနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၈၃ နှင့် ပုဒ်မ ၂၁၂ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၅၂ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်(၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ)ခင်အောင်မြင့်
နာယက

နေပြည်တော် လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် မေ ၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည် ဖြစ်စေ နေပြည်တော်ရုံးအမှတ် (၂၀)၊ လွှတ်တော်ရုံးသို့ မေ ၁၈ ရက်ထက်မစော ၁၉ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြိုးခြံချွေတာရေး

ကြီးပွားချမ်းသာရေးအတွက် မြိုးခြံချွေတာခြင်းသည် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ မြိုးခြံချွေတာခြင်းသည် မျက်မှောက်အချိန်သာမက အနာဂတ်အတွက်ပါ အကျိုးရှိပြီး ကောင်းမွန်သော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ မြိုးခြံချွေတာရေးကို တစ်ဦးတစ်ယောက်မှအစပြုပြီး အစုအဖွဲ့အလိုက် လုပ်ဆောင်ကြခြင်းဖြင့် အကျိုးသက်ရောက်မှုရရှိနိုင်သည်။ တစ်ယောက်အားဖြင့် ဆောင်သော်မရ၊ တစ်သောင်းအားဖြင့် ဆောင်သော်ရ၏ ဆိုရိုးစကားကဲ့သို့ လူတိုင်းလူတိုင်းက လုပ်ဆောင်ပါက အကျိုးကျေးဇူးခံစားရမည်ဖြစ်သည်။

နှမ်းတစ်စေ့နှင့် ဆီမဖြစ်နိုင်ဟု ဆိုရိုးစကားသည် ပေါ့ပေါ့တန်တန်နေထိုင်သူတို့အတွက် မှန်ကန်နိုင်သော်လည်း နှမ်းတစ်စေ့ ဆန်တစ်စေ့သည် မိသားစုအတွက် ထိခိုက်စရာ မရှိဟု ထင်ရသော်လည်း နှမ်းစေ့၊ ဆန်စေ့တို့ ကြိမ်ဖန်များစွာ လစ်ဟင်းမှုသည် ဆီတစ်ဖွန်း ဆန်တစ်ဆုပ်အဖြစ် ကူးပြောင်းပြီး တစ်ဖွန်း၊ တစ်ဆုပ်မှသည် အလေးချိန်ပမာဏ များပြားလာပြီး တန်ချိန်အထိ ရောက်ရှိလာနိုင်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာ အားဖြင့်ဆိုလျှင် တန်ချိန်ပေါင်းများစွာ ဖြစ်လာနိုင်ပေသည်။ ဆီတစ်ဖွန်း၊ ဆန်တစ်ဆုပ်မှအစ လူတိုင်းလူတိုင်း မြိုးခြံချွေတာမှု စည်းစနစ်နှင့် လုပ်ဆောင်သွားကြပါက စရိတ်လျှော့ပါးပြီး စုဆောင်းငွေများရရှိလာခြင်းသည် နိုင်ငံတော်သစ်တည်ဆောက်မှု အင်အားကို အထောက်အကူပြုရာရောက်သည်။

မြန်မာတို့၏ မင်းတစ်ပါးဖြစ်ခဲ့သော သာလွန်မင်းတရားကြီးသည် မြိုးခြံချွေတာမှုကို အလေးထားသော မင်းတစ်ပါးဖြစ်သည်။ စစ်ကိုင်းအရပ်ဒေသသို့ ဆင်စီး၍ထွက်တော်မူစဉ် သူဆင်းရဲမတစ်ဦးသည် ထမင်းမြေအိုးမှ ထမင်းရည်ကို မြေပေါ်သို့ အလဟဿသင့်ပစ်နေသည်ကိုမြင်သော် အပြစ်တင်၏။ ယင်း ထမင်းရည်ကို သားငယ်တို့အား ဆားခတ်၍တိုက်လျှင်သော်လည်းကောင်း၊ အိမ်ရှိ ခွေး၊ ကြောင်တို့အား ကျွေးမွေးလျှင်သော်လည်းကောင်း မသင့်လေလောဟု သူဆင်းရဲမအား ဆုံးမပဲ့ပြင်ခဲ့လေသည်။

မြိုးခြံချွေတာခြင်းသည် စားသုံးသင့်သည်ကို စားသုံးခြင်းဖြစ်ပြီး အပိုကုန်ကျမည့်အလုပ်ကို လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ စည်းစနစ်နှင့် သုံးစွဲခြင်းဖြစ်သည်။ အများပိုင်အစုအဖွဲ့များ၊ အသင်းများ၊ ကုမ္ပဏီများ၊ ရုံးလုပ်ငန်းစသည်တို့၌ စာရေးကိရိယာ၊ အသုံးအဆောင်ပစ္စည်း၊ ကွန်ပျူတာ၊ စက်ကိရိယာများကို မပျက်စီးစေရန် လေလွင့်ပြန့်တီးခြင်းမျိုးမရှိစေရန် အသိစိတ်ဓာတ် ပြည့်ပြည့်ဝဝနှင့် အသုံးပြုခြင်းသည် ဌာန၏ဘဏ္ဍာငွေကို မြိုးခြံချွေတာရာရောက်ပေသည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်ကြီးပွားရန် မည်မျှပင်လုပ်ဆောင်ပါသော်လည်း မြိုးခြံချွေတာခြင်းကို မပြုလုပ်ပါက အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ပင် ရှိမည်ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေကြရာ စိုက်ပျိုးရေးလုပ်ငန်း၊ အသေးစားစက်မှုလုပ်ငန်းမှ အကြီးစားစက်မှုလုပ်ငန်းအထိ ပြည်သူများအားသွန်ခွန်စိုက် စွမ်းပကားများအပြည့်အဝဖြင့် လုပ်ဆောင်ရုံနှင့်မပြီးသေးဘဲ အခြားတစ်ဖက်တွင် မြိုးခြံချွေတာရေးကိုလည်း ကျင့်သုံးရန်၊ မေ့မေ့လျော့လျော့မဖြစ်စေရန် အရေးကြီးပါကြောင်း။ ။

ပြည်တွင်းသတင်း

လယ်ယာသုံးစက်ကိရိယာများ တောင်သူများလက်ဝယ်ရောက်ရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၃

နေပြည်တော်ကောင်စီနယ်မြေ ငလိုက်ဆည်ရေသောက် တောင်သူပညာပေး မြေပဲစံပြစိုက်ခင်း ဧက ၅၀၀ ဖြစ်ထွန်းအောင်မြင်နေမှု၊ ဟိုတယ်ဇုန်အနီး စက်မှုလယ်ယာ မြေဧက ၃၀၀၀ ၌ အသုံးပြုမည့် ဖွဲ့လယ်ထွန်စက်၊ ရော (၁) လက်တွန်းထွန်စက်၊ မြန်မာ ကျွဲလက်တွန်းထွန်စက်နှင့် ရေတင်စက်၊ ပန့်၊ ထွန်သွား၊ ထယ်သွား လယ်ယာသုံး စက်ကိရိယာများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တို့သည် ဧပြီ ၃၀ ရက် နံနက် ၇ နာရီက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တောင်သူလယ်သမားများနှင့် စိုက်ကွင်းအနီးတွေ့ဆုံ၍ ထယ်ထိုးစက်၊ ပေါင်ဖော်စက်၊ စပါးရိတ်စက်၊ ပေါင်ပလတ်စတစ်အုပ်စက်၊ ပေါင်းရိတ်ဖြတ်စက်၊ မြေထွန်စက်၊ ထွန်ယက်စက်၊ ထွန်ခြစ်စက်၊ မြောင်းတူးစက်၊ လက်တွန်းထွန်စက်နှင့် ဘက်စုံ ၁၀ မျိုးသုံး လက်တွန်းထွန်စက်များ၏ အသုံးချနိုင်မှုစွမ်းရည်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ခေတ်မီဘက်စုံသုံး ရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ခေတ်မီထွန်စက်များ၊ လယ်ယာသုံး စက်ကိရိယာအပိုပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိသည့်ဂိုဒေါင်၊ အောင်သုခကျေးရွာအနီး တည်ဆောက်လျက်ရှိသော ဆာတာကေးဆန်စက်အဆောက်အအုံ၊ ဆာတာကေးဆန်စက်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံး အခြေခံစက်ကိရိယာများကို တောင်သူလယ်သမားများ လက်လှမ်းတမီ ဝယ်ယူအသုံးပြုနိုင်ရန် ဝန်ဆောင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေးကို ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ ကြိုက်နှစ်သက်သည့် ခေတ်မီလယ်ယာသုံး အဆင့်မြင့် စက်ကိရိယာများကို လယ်ယာကဏ္ဍတွင် ရေရှည်ထိရောက်စွာ အသုံးပြုနိုင်ရေး သင်တန်းများဖွင့်လှစ်၍ ကျွမ်းကျင်အောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာသုံး စက်ကိရိယာများကို တစ်ပိုင်တစ်နိုင်ဝယ်ယူလိုပါက အရစ်ကျ ငွေချေစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး နည်းလမ်းများကို ဆောင်ရွက်ပေးပြီး တောင်သူများသုံးစွဲနိုင်အောင် လယ်ကွင်းထဲအရောက် စီစဉ်ပေးနိုင်မှသာ စက်မှုလယ်ယာစနစ်ကို လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး တောင်သူများနှစ်သက်သော စက်ကိရိယာများကို အလွယ်တကူ ဝန်ဆောင်မှုပေးနိုင်ရေးကို စီမံဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမာရွတ်၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ဇေယျသုခကျောင်းတိုက်တွင် ရပ်ကွက်အတွင်းရှိ မူကြိုအရွယ်ကလေးများနှင့် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် ဗုဒ္ဓဘာသာဝင်တိုင်း ရတနာသုံးပါးအပေါ် အလေးအနက် သက်ဝင်ယုံကြည်မှုရှိစေရန်နှင့် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်လာစေရန် ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့သော ဗုဒ္ဓဘာသာယဉ်ကျေးမှု (ယဉ်ကျေးလိမ္မာ)သင်တန်းဆင်းပွဲကို ဧပြီ ၂၅ ရက် ညနေ ၄ နာရီက ကျင်းပရာ စာသင်၊ စာချသံဃာတော်များ၊ သင်တန်းဆရာ ဆရာမများ၊ အလှူရှင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အာဟာရဒါနကျွေးမွေး

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းတွင် ဇေယျသုခကျောင်းတိုက် ဆရာတော် ဦးသူရိယနှင့် စာသင်၊ စာချဆရာတော်များအပြင် ကိုးဘွဲ့ရဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရ (ဓမ္မပါလကျောင်း သာစုကျောင်းတိုက်) တို့က ငါးပါးသီလ၊ သရဏဂုံသုံးပါးတို့ကို ဧပြီ ၂၅ ရက်မှ စတင်ကာ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ် တရားပြသင်ကြားခဲ့ပြီး အလှူရှင်များက အချိန်ပြည့် အာဟာရဒါန ကျွေးမွေးခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းတွင် ရပ်ကွက်အတွင်း ကွမ်းခြံတောင်ပိုင်းအုပ်စု၊ ဂျပန်ကုန်းအုပ်စု၊ ဟိုင်းဝေးကွန်ပလပ်အုပ်စုတို့မှ မူကြိုအရွယ်နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၀ ကျော် တက်ရောက်သင်ယူခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

သန်လျင်နှင့် ကျောက်တန်းမြို့နယ်တို့၌ စည်ပင်လုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် မေ ၁ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက်နှင့် ထန်းပင်ကုန်းရပ်ကွက်တို့အကြားရှိ ဖို့မြေလမ်း ကွန်ကရစ်လမ်းချောခင်းနေမှု၊ ကျောက်တန်းမြို့နယ်၌ မြိုင်သာယာ-ကြာကန်- ဝဲကြီးကျေးရွာချင်းဆက် ကတ္တရာလမ်းနှင့် ကမာကလုတ်-ကလားတန်းကျေးရွာချင်းဆက် ကျောက်ချောလမ်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ချောင်းဝ-ဘော်ဂလွတ်ကျေးရွာချင်းဆက် ကွန်ကရစ်ဘီးလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်မြေအေးချမ်းခြင်း၊ လုပ်ငန်းစီးပွားများ အထိုက်အလျောက် အဆင်ပြေလာကြခြင်းကြောင့် မြန်မာပြည်သူပြည်သားများ ဘုရားဖူးခရီးထွက်ခြင်း၊ လေ့လာရေးခရီးထွက်ခြင်း၊ အပျော်ခရီးထွက်ခြင်းများကို ယခင်ကာလများထက် တွေ့မြင်လာရပါသည်။ စိတ်အပန်းဖြေခြင်း၊ ဒေသန္တရဗဟုသုတရခြင်းတို့ကြောင့် ခရီးသွားခြင်းကို ကြိုဆိုပါသည်။

ပြင်ဦးလွင်က ပွဲကောက်ရေတံခွန် သန့်ရှင်းစေချင်

လွန်ခဲ့သော သင်္ကြန်ကာလရုံးပိတ်ရက် ၁၀ ရက်တွင် မိသားစုနှင့်အတူ အထက်မြန်မာပြည်သို့ ခရီးထွက်ဖြစ်ခဲ့ပါသည်။ မသွားမဖြစ် သွားရောက်ခဲ့သော နေရာဒေသမှာ ပြင်ဦးလွင်ဖြစ်ပါသည်။ ပြင်ဦးလွင်ရောက်လျှင် မဟာအံ့ထူးကံသာ (ပြည်ချစ်ဘုရားကြီး)၊ ပွဲကောက်ရေတံခွန်နှင့် ရုက္ခဗေဒဥယျာဉ်တို့သို့ သွားရောက်စမြဲဖြစ်ပါသည်။ ဘုရားဖူးရာတွင် များပြားလှသော လူအများကို တိုးဝှေ့ဖူးမြော်ရသည်မှအပ အဆင်ပြေပါသည်။

ရေးချင်သည်မှာ ပွဲကောက်ရေတံခွန်အကြောင်း ဖြစ်ပါသည်။ ဝင်ကြေးကို မော်တော်ယာဉ်ရပ်နားခအပြင် ယာဉ်ပေါ်ပါခရီးသည်ဦးရေအလိုက် အတိအကျတွက်ချက်ကောက်ခံပါသည်။ ချိုသာသောဈေးနှုန်းမဟုတ်ပါ။ နှစ်ဆန်းနှစ်ရက်နေ့ဖြစ်သဖြင့် မော်တော်ယာဉ်များကို နှစ်ထပ် သုံးထပ် ရပ်ထားရပါသည်။ ရေတံခွန်အတွင်း၌လည်း ရေကူးသူများ များပြားလွန်းလှပါသည်။ အဓိကတင်ပြလိုသည်မှာ ရေတံခွန်ဧရိယာအတွင်း အချို့နေရာများတွင် ရေမစီးဆင်းသော နေရာအချို့၏ ညစ်ပတ်မှု၊ မသန့်ရှင်းမှု ဖြစ်ပါသည်။

နေရာအတိအကျ ဖော်ပြရပါလျှင် ပင်မဂိတ်ဝင်ပေါက်၏ လက်ဝဲဘက်အခြမ်းရှိ ရေကူးရာနေရာပင်ဖြစ်ပါသည်။ ကုန်းထိပ်ပေါ်တွင် စားသောက်ဆိုင်များရှိရာ အညစ်အကြေးရေများမှာ ရေကူးရာနေရာချိုင့်အတွင်းသို့ စီးဝင်လျက်ရှိပါသည်။ သို့ဖြစ်ရာ ရေများမသန့်ရှင်းတော့ပါ။ သို့သော်လည်း အခြားနေရာအသီးသီးတွင်လည်း ရေကူးသူများ များပြားနေသဖြင့် ကလေးသူငယ်အများအပြားမှာ ထိုမသန့်ရှင်းသောရေ၌ပင် ရေကူးကြ၊ ဗောစီးကြရပါသည်။ စားသောက်ဆိုင်များမှ စီးဆင်းလာသော ရေစီးမြောင်းကတော့ ရေကူးနေသည့်အတွင်း စီးဝင်နေသည်မှာ မြင်စရာမကောင်းသော အနိဋ္ဌာရုံဖြစ်ပါသည်။

တာဝန်ရှိသူတို့အနေဖြင့် ရေတံခွန်ဝင်ကြေးကို ကားအတွက်ပါမက လူတစ်ယောက်ချင်းအတွက်ပါ တွက်ချက်၍ စေ့စေ့စပ်စပ် ကောက်ခံနေပါသည်။ ထို့အတူ မိမိတာဝန်ယူအုပ်ချုပ်နေသော ရေတံခွန်နယ်မြေအတွင်း မသန့်ရှင်းသောရေပြင်တွင် ရေကူးနေကြရသည့် ပြည်သူများကို စာနာထောက်ထားကူညီရန်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ပြင်ဦးလွင်၏ ဂုဏ်ဆောင် ပွဲကောက်ရေတံခွန်စခန်း ယခုထက် ပိုမိုသန့်ရှင်းသာယာလှပစေချင်ပါသည်။

စိန်လှိုင်ဖိုလ်

ထင်သာမြင်သာ ပြုပြင်စရာ

ခေတ်မီပြည့်စုံသောလွယ်လွယ်ကူကူ အင်္ဂလိပ်စကားပြော

ကျန်းမာရေးအတွက် လက်တစ်ကမ်းမှ ဆေးဖက်ဝင်သီးနှံများ

GOLDEN STAR Travels & Tours

May-23

ကျေးဇူးဆပ်ပါမည်

GENERALISED SYSTEM OF PREFEERENCES FORM(A) NO Y-6634, Y-6596, Y-0359 GSP FORM များသည် ၁၁-၄-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ကန်တော့ကန်ကွင်းNo.691 မင်္ဂလာရပ်ကွက် တိုက်ကြီးမြို့ MGFT ENTERPRISE Co.,Ltd. Phone No.09-43208360 သို့ အကြောင်းကြားပြန်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လက်ဘနွန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်အား တွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လက်ဘနွန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Elie Debahy အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယ သမ္မတနှင့်အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးသန်း ထွန်း၊ ဦးဝင်းသန်းနှင့် ဒေါက်တာ ပွင့်ဆန်းတို့ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်း

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ ၏ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတို့၌ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ အုပ်ချုပ်ရေးကဏ္ဍ တွင် လက်ရှိပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၌ လက်ဘနွန်နိုင်ငံမှ စီးပွားရေးလုပ်ငန်း ရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးတို့ နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရေမြေသယံဇာတကြွယ်ဝမှု၊ လယ်ယာလုပ်သားတို့၏ ကြိုးစားမှု အထိရောက်ဆုံး အသုံးချ မျိုးစေ့ထုတ်လုပ်ငန်းကို စီးပွားဖြစ် လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ရန်ဆွေးနွေး

နေပြည်တော် မေ ၃

နိုင်ငံတစ်ဝန်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရေးတကြီး မရှိမဖြစ်လိုအပ်သော အရည်အသွေးကောင်း မျိုးစေ့များကို တောင်သူလယ်သမားများ လက်ဝယ် သို့ ဖြန့်ဖြူးရေးနှင့် ထွက်ရှိလာသော သီးနှံများအပေါ် ခိုင်မာသော နိုင်ငံ တကာဈေးကွက်သို့ ထိုးဖောက် ရောင်းချနိုင်ရေး လုပ်ငန်းတာဝန်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံ တကာ ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

ယနေ့ နံနက် ၇ နာရီတွင် လယ် ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကမ္ဘာ့အကြီးမားဆုံး မျိုးစေ့ထုတ်ကုမ္ပဏီဖြစ်သည့် အမေရိ ကန်နိုင်ငံအခြေစိုက် Syngenta ကုမ္ပဏီနှင့် ကမ္ဘာ့ဒုတိယ အကြီးဆုံး ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် DEV-GEN ကုမ္ပဏီတို့မှ အမှုဆောင်အရာရှိ ချုပ်များ၊ ပညာရှင်များ ပါဝင်သော အဖွဲ့အား နေပြည်တော်ကောင်စီနယ် မြေအတွင်းရှိ စိုက်ကွင်းများသို့ လိုက်လံ ရှင်းလင်းပြသပြီး အဆင့်မြင့် မျိုးကောင်း မျိုးသန့် မျိုးစေ့များကို မြန်မာနိုင်ငံတွင် ထုတ်လုပ်၍ ပြည် တွင်းတွင်သာမက နိုင်ငံတကာ ဈေး ကွက်ထိ တင်ပို့ရောင်းချနိုင်ရေး အပြန် အလှန် ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံ Syngenta Co., Ltd. မှ Asia Pacific Regional Director Mr. Andrew Guthrie၊ ဘယ်လ်ဂျီယံနိုင်ငံမှ (CEO-DEVGEN Co., Ltd.) Mr. Thierry Bogoert, Advisor Dr. Luc Beaucoart, Planning and Coordination Ms.Eva Delafontaine တို့သည် နေပြည်တော် ကောင်စီနယ်မြေ ဟိုတယ်ဇုန် အနီး စက်မှုလယ်ယာမြေစနစ် တစ်ကွင်း တစ်ဆက်တည်း ဧက ၃၀၀၀ စိုက် ခင်း၌ စိမ်းစိုဖြစ်ထွန်း အောင် မြင်နေပြီး စပါးနှံများ စုံညီစွာထွက် ရှိနေသော သက်တမ်း ၉၁ ရက်သားရှိ ပုလဲသွယ် နွေစပါးစိုက်ခင်းအား ကြည့်ရှုလေ့လာသည်။

ထို့နောက် ငလိုက်ဆည်ရေ သောက်စနစ် စံပြစက်မှုလယ်ယာ မြေစနစ် ဧက ၅၀၀ စိုက်ကွင်း၌ ဓာတု ကင်းလွတ်(Chemical Free) စိုက်ပျိုး ထားသော ဖရဲအမျိုးမျိုး၊ သင်္ဘော စပ်မျိုး၊ ခရမ်းစပ်မျိုး၊ သခွားမွှေးစပ်မျိုး၊ ကြက်ဟင်းခါးစပ်မျိုး၊ ငရုတ်စပ်မျိုး၊ ပြောင်းချိုစပ်မျိုးများ အောင်မြင်ဖြစ် ထွန်း၍ အသီးအပွင့်များ ဝေဝေ ဆာဆာ ထွက်ရှိနေမှုများကို ကြည့်ရှု အားပေးကြပြီး ရာသီအလိုက် ဈေး ကွက်သို့ တင်ပို့ရန်နှင့် ဓာတုကင်းလွတ် စိုက်ပျိုးသီးနှံများအား အရည်အသွေး မြှင့်တင်ပြီး တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ဓာတုကင်းလွတ် (Chemical Free) စိုက်ပျိုးထားသော ဥယျာဉ်သီးနှံ၊ ငှက်ပျော၊ ပိန္နဲ၊ ကွဲကော၊ သံပုရာ၊ ဥသျှစ်၊ တည်ပင်များ ရှင်သန် ဖြစ်ထွန်းနေမှုနှင့် မြေဆီလွှာအစိုဓာတ် ထိန်းသိမ်းရန် စားကျက်မြက်များ တွဲဖက် စိုက်ပျိုးထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး နို့စားနွားမ မွေး မြူရေးခြံတွင် စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်ဆောင်ရွက်၍ နို့ထွက် နွားမ များ မွေးမြူထားရှိမှုကို ကြည့်ရှု လေ့လာကြသည်။

ထို့နောက် လယ်ယာသုံးစက် ကိရိယာများ သိုလှောင်ထားသော ဂိုဒေါင်၌ နိုင်ငံခြားမှ ပထမအသုတ် ရောက်ရှိလာသော မြင်းကောင်ရေ ၈၆ ကောင်အားနှင့် ၃၈ ကောင် အားရှိ ရိတ်သိမ်းခြွေလှေ့စက်များ၊ ဘက်စုံ ၁၀ မျိုးသုံး လက်တွန်းထွန် စက်များ၊ လယ်ယာလုပ်ငန်းခွင်သုံး ဘက်စုံသုံးယာဉ်များ၊ ထွန်စက်များ၊ မျိုးစေ့သန့်စင်စက်များကို ကြည့်ရှု ကာ လယ်ဝေးမြို့နယ် ဝက္ကမူကျေး ရွာအနီး ညိုပင်ချောင်းပေါ်တွင် တည် ဆောက်ထားသော တမံအလျား ၁၄၆ ပေရှိပြီး အမြင့် ရှစ်ပေ၊ အရှည် ၆၅ ပေ ၇ လက်မရှိသော ဝက္ကမူ ရာဘာ ရေလွှဲဆည်ကို ကြည့်ရှုကြသည်။

ဖင်းဆည်ရေသောက် စနစ်ရှိ ဆည်ရေသောက်ဧရိယာ ၁၄၇၁ ဧကတွင် မျိုးစေ့ထုတ်စိုက်ကွင်းကြီး ထူထောင်ဆောင်ရွက်၍ တောင်သူ လယ်သမားများအား စီးပွားဖြစ် မျိုးစေ့ထုတ်ဇုန် ဖြစ်ပေါ်ရေး ပူး ပေါင်းဆောင်ရွက်နိုင်ရန် မြေပြင် အခြေအနေကိုလည်း ကြည့်ရှုကြ သည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ တစ်ကွင်းတစ် ဆက်တည်း စက်မှုလယ်ယာ မြေစနစ် ဧက ၄၄၀ စိုက်ကွင်း၌ ပုလဲသွယ် နွေစပါး စပ်မျိုးစိုက်ခင်းများကို ငလိုက်ဆည်ရေသောက် စနစ် မြောင်းလက်တံ (၁)ဖြင့် ပေးဝေ၍ စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးထား၍ တကွင်းတပြင်လုံး စိမ်းစိုနေသော စိုက်ခင်းများကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာအနီးရှိ အဆင့် မြင့် စက်မှုလယ်ယာစနစ် ဧက ၃၀ စိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်း နေသော ဥယျာဉ်ခြံသီးနှံ နဂါး မောက်ပင်များ၊ အုန်းပင်များ ဖြစ် ထွန်း အောင်မြင်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုး ရေးတက္ကသိုလ် မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ သက်တမ်း ၆၅ ရက် သားရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ ထုတ် စိုက်ကွင်းကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲ ၁၂ နာရီတွင် ပြည် ထောင်စုဝန်ကြီးရုံး စည်းဝေးပွဲခန်းမ၌ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံတို့အကြား စိုက်ပျိုး ရေးကဏ္ဍတွင် မျိုးစေ့များကို စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန်၊ နိုင်ငံတကာ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်ရန် တို့ကို အသေးစိတ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလွန်အခြေအနေပေးလျက်ရှိနေရာ ရာသီဥတုကောင်းမွန်မှု၊ ရေသယံဇာ တနှင့် မြေသယံဇာတကြွယ်ဝမှု၊ လယ် ယာလုပ်သားတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ ထက်သန်ပြီး နိုးကြားကြိုးစားမှုစသော အခြေအနေကောင်းများကို အထိ ရောက်ဆုံးအသုံးချ၍ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ အကြား မျိုးစေ့ထုတ်လုပ်ငန်းများကို စီးပွားဖြစ် လုပ်ငန်းများအဖြစ် ထိထိ ရောက်ရောက် ပူးပေါင်းအကောင် အထည်ဖော်ရန် အပြန်အလှန်ညှိနှိုင်း ဆွေးနွေးကြသည်။

နှစ်ဖက်ညှိနှိုင်း ချက်များနှင့် ကြိုတင်၍ ဆောင်ရွက်ခဲ့ပြီးဖြစ်သော ရှေ့ပြေးစီမံကိန်းများ၏ အလား အလာများအရ ဆန်စပါးသီးနှံအပါ အဝင် နိုင်ငံတကာဈေးကွက်ဝင်မည့် ပြောင်းသီးနှံနှင့် သစ်သီးဝလံ၊ ဟင်း သီးဟင်းရွက်မျိုးစေ့တို့အား မြန်မာ နိုင်ငံတွင် အခြေစိုက်ထုတ်လုပ်ရန် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်မရှင်၏ နိုင်ငံခြားရင်းနှီးမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့ဖြင့် ညီညွတ်စွာ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင် ရွက်မည့် အစီအစဉ်များကို အောင်မြင် စွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် မျိုးစေ့ ထုတ် ကုမ္ပဏီများမှ အမှုဆောင်အရာ ရှိချုပ်များ၊ ပညာရှင်များသည် ပြည် ထောင်စုဝန်ကြီးရုံး၌ ခင်းကျင်းပြသ ထားသော သီးနှံမျိုးစေ့နမူနာများ၊ လယ်ယာထွက်ကုန်ပစ္စည်း နမူနာများ၊ တန်ဖိုးမြင့် ကုန်ချောပစ္စည်းများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် အမေရိကန်နိုင်ငံအခြေစိုက် Syngenta ကုမ္ပဏီ၊ ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် DEVGEN ကုမ္ပဏီတို့မှ အမှုဆောင်အရာရှိချုပ်များ၊ ပညာရှင်များ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိုက်ကွင်းများ လေ့လာကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲရလဒ် ပြန်ရုပ်သိမ်းရန် အတိုက်အခံခေါင်းဆောင် ကာပရီလက်စ်တောင်းဆို

ကာရာကာ့စ် မေ ၃

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဟင်ရီကွီးကာပရီလက်စ်က ပြီးခဲ့သည့်လ သမ္မတရွေးကောက်ပွဲ ရလဒ်အပေါ် တရားဝင်စိန်ခေါ်လိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

နီကိုလတ်မာဒူရိုသည် ရွေးကောက်ပွဲရလဒ် ၁ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့် နှာတစ်ဖျားကပ်နိုင်သွားခြင်းဖြစ်သည်။ သို့သော်လည်း အတိုက်အခံကိုယ်စားပြု ရှေ့နေများက တရားရုံးချုပ်သို့ ရွေးကောက်ပွဲမသမာမှုများရှိ၍ ယင်းရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းပေးရန် ဆော်ဩလိုက်သည်။ မစ္စတာမာဒူရိုကမူ ယင်းရွေးကောက်ပွဲသည် တရားမျှတမှုရှိကြောင်း ပြောကြားလိုက်သည်။ မာဒူရိုသည် ၁၄ နှစ်ကြာ အာဏာရယူထားသော သမ္မတဟူဂိုချာဗက်ဇ် မတ် ၅ ရက်က ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပြီးသည့်နောက် ၎င်း၏နေရာတွင် ဆက်ခံခဲ့ခြင်းဖြစ်သည်။ လက်ဝဲခေါင်းဆောင်ဟူဂိုချာဗက်ဇ်သည် ဒီဇင်ဘာလက ကျူးဘားသို့ ကင်ဆာရောဂါကုသမှုအတွက် မသွားရောက်မီ ၎င်း၏ ကျန်းမာရေးအခြေအနေကြောင့် မစ္စတာမာဒူရိုအား ရွေးကောက်ပွဲကျင်းပပေးရန် ဗင်နီဇွဲလားပြည်သူများအား တောင်းဆိုခဲ့သည်။ ဧပြီ ၁၄ ရက် ရွေးကောက်ပွဲ မဲရုံပိတ်ချိန်တွင် အာဏာပိုင်များက မာဒူရိုအနိုင်ရကြောင်း ကြေညာခဲ့သည်။ ၎င်းသည် ငါးရက်အကြာတွင် ဗင်နီဇွဲလားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ မစ္စတာကာပရီလက်စ်က ယင်းရွေးကောက်ပွဲရလဒ်ကို ရှုတ်ချလိုက်ပြီး ရွေးကောက်ပွဲပြန်လည်ကျင်းပရန် တောင်းဆိုလိုက်သည်။ **(ဆင်ဟွာ)**

နျူကလီးယားရေငုပ်သင်္ဘော အစင်း ၄၀ ရုရှားပိုင်ဆိုင် ပြုပြင်ဆဲရေငုပ်သင်္ဘောသုံးစင်း နှစ်မကုန်မီပြန်လည်သုံးမည်

မော်စကို မေ ၃

ရုရှားရေတပ်သည် လက်တလောပြုပြင်မွမ်းမံဆဲ နျူကလီးယားရေငုပ်သင်္ဘောသုံးစင်းကို ၂၀၁၃ ခုနှစ်မကုန်မီ ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း ပရက်စ်တီဗွီတွင် ဖော်ပြသည်။ **(အောက်ပုံ)**

ရုရှားရေတပ်၏ K 140 Smolensk နျူကလီးယားတိုက်ခိုက်ရေးရေငုပ်သင်္ဘောကို ၂၀၁၁ ခုနှစ်အတွင်း ပြင်ဆင်မှုပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်မကုန်မီ ၎င်းသင်္ဘောကို မြောက်ပိုင်းရေယာဉ်အုပ်စုတွင် ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း ရုရှားရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အသုံးပြုသွားမည်

ထို့ပြင်နျူကလီးယားခါတ်ပေါင်းဖို အအေးပေး အင်ဂျင်ချွတ်ယွင်း၍ ၂၀၁၀ ခုနှစ်တွင် ဒေါက်တင်ထားသော ပဲ့ထိန်းဒုံးကျည်တပ် K-150 Tomsk ရေငုပ်သင်္ဘောနှင့် ၂၀၁၀ ခုနှစ်ကတည်းက K-419 Kughuss ပြင်ဆင်ဆဲ တိုက်ခိုက်ရေးရေငုပ်သင်္ဘောနှစ်စင်းတို့ကိုလည်း ယင်းရေယာဉ်အုပ်စုတွင် အသုံးပြုသွားမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် နျူကလီးယားရေငုပ်သင်္ဘော အစင်း ၄၀ ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်ပြီး ယင်းတို့ အနက်မှ အစင်း ၂၀ ကို ပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်မွမ်းမံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

(ပရက်စ်တီဗွီ)

အမေရိကန်လူလတ်ပိုင်းများ ကိုယ့်ကိုယ်ကိုသတ်သေမှုနှုန်း မြင့်မားလာ

ဝါရှင်တန် မေ ၃

အမေရိကန်လူလတ်ပိုင်းများအကြား ကိုယ့်ကိုယ်ကို သတ်သေမှု ၂၈ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်မားလာနေကြောင်း ဖက်ဒရယ်အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။ အသက် ၃၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ အမေရိကန်လူမျိုးအမျိုးသားအမျိုးသမီးများ၏ကိုယ့်ကိုယ်ကိုသတ်သေမှုနှုန်းသည် ၁၉၉၉ ခုနှစ်က လူ ၁၀၀၀၀၀ လျှင် ၁၃ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၁၇ ဒသမ ၆ ရာခိုင်နှုန်း အထိ တိုးလာကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဗဟိုဌာန (စီဒီစီ) က မေ ၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ယင်းကဲ့သို့ ကိုယ့်ကိုယ်ကိုသတ်သေမှုနှုန်း မြင့်မားလာခြင်းသည် စီးပွားရေးကျဆင်းမှု၏ အဓိကအချက်ဖြစ်ကြောင်း ၎င်းအစီရင်ခံစာက ဖော်ပြသည်။

စီဒီစီက ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အမျိုးသားစာရင်းအင်းစနစ်ကိုအခြေခံ၍စိတ်ပိုင်းဆိုင်ရာခံစားမှုကြောင့် သေဆုံးရသူများ၏ စာရင်းကို ကောက်ယူခဲ့ရာ ကိုယ့်ကိုယ်ကိုသတ်သေမှုတွင်အမျိုးသားများက ၂၇ ဒသမ ၃ ရာခိုင်နှုန်းနှင့်အမျိုးသမီးများက ၃၁ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ဟု ဆိုသည်။ ကိုယ့်ကိုယ်ကိုသတ်သေရာတွင် အများအားဖြင့် သေနတ်ဖြင့် ကိုယ့်ကိုယ်ကိုပစ်သတ်ခြင်း၊ အဆိပ်သောက်သေခြင်းနှင့် ဆွဲကြိုးချသေခြင်းတို့ဖြစ်ကြောင်း ၎င်းအစီရင်ခံစာက ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

VNRED Sat-1 ဂြိုဟ်တု ဗီယက်နမ်က လွှတ်တင်မည်

ဟနွိုင်း မေ ၃

ဗီယက်နမ်နိုင်ငံက VNRED Sat-1 အမည်ရှိဂြိုဟ်တု တစ်လုံးကို ပြင်သစ်နိုင်ငံ ဂူယားနားရှိ ကော့ရူးဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ မေ ၄ ရက်တွင် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းလွှတ်တင်သွားမည်ဖြစ်ကြောင်းဗီယက်နမ် သိပ္ပံနှင့်နည်းပညာအကယ်ဒမီသတင်းရပ်ကွက်မှ ပြောကြားချက်အား ကိုးကား၍ ဗီယက်နမ်ကွန်မြူနစ်ပါတီ (စီပီဗွီ)က ၎င်းဝက်ဘ်ဆိုက်တွင် ထုတ်ပြန်သည်။

VNRED Sat-1 ဂြိုဟ်တုလုပ်ငန်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃ သန်းရင်းနှီးမြှုပ်နှံထားသည်ဟု ဆိုသည်။ အဆိုပါဂြိုဟ်တုကို ပြင်သစ်ဂြိုဟ်တုထုတ်လုပ်ကျွမ်းကျင်သည့် ဥရောပလေကြောင်းကာကွယ်ရေးနှင့် အာကာသကုမ္ပဏီအောက်ရှိ Astrium SAS ကုမ္ပဏီက သက်တမ်းငါးနှစ်ကြာ ဒီဇိုင်းဖော်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** **(ဆင်ဟွာ)**

ကယ်လီဖိုးနီးယားတွင် တောမီးလောင်

လော့စ်အိန်ဂျလိစ် မေ ၃

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြင်းထန်သော တောမီးလောင်မှုတစ်ခုကြောင့် ယင်းပြည်နယ်၏ ပင်လယ်ကမ်းခြေ အဝေးပြေးလမ်းမကြီး တစ်နေရာကို ယာယီပိတ်ထားလိုက်ရကြောင်း မေ ၃ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လေပြင်းများတိုက်ခတ်သဖြင့် အဆိုပါတောမီးသည် လော့စ်အိန်ဂျလိစ်မြို့ ဗင်ကျူရာစီရင်စုရှိ တောင်ခြေများနှင့်နက်ရှိုင်းသော ချောက်ကြီးများတစ်လျှောက် ပျံ့နှံ့လောင်ကျွမ်းခဲ့ပြီး အနီးပတ်ဝန်းကျင် မြို့နှစ်မြို့မှ နေအိမ်များကိုပါ ခြိမ်းခြောက်နေသည်။ ထို့အပြင် ပစိဖိတ်ကမ်းခြေအဝေးပြေးလမ်းမကြီး၏ ၁၀ မိုင်ခန့်ရှည်သော လမ်းပိုင်းတစ်နေရာကိုလည်း ပိတ်ထားရကြောင်း သတင်းတွင်ဖော်ပြသည်။

ကယ်လီဖိုးနီးယားပြည်နယ် တက္ကသိုလ်တွင်လည်း မီးခိုးငွေ့များကြောင့်သင်ကြားမှုများကိုဖျက်သိမ်းခဲ့ရသည်ဟုဆိုသည်။ မေ ၃ရက် နံနက်ပိုင်းတွင် တောမီးလောင်မှုတစ်ဟုန်ထိုးပျံ့နှံ့လာခဲ့သဖြင့် ရာပေါင်းများစွာသော မီးသတ်သမားများ ဝိုင်းဝန်းငြှိမ်းသတ်လုပ်ဆောင်ခဲ့သည်။ အဆိုပါတောမီးကြောင့် ဧကပေါင်း ၆၅၀၀ ထက်မနည်း မီးဘေးသင့်ခဲ့သည်။ မီးသတ်သမား ၇၀၀ခန့်က လေယာဉ်များဖြင့် အဆိုပါ တောမီးလောင်မှုကို ဝိုင်းဝန်းငြှိမ်းသတ်လျက်ရှိသည်။ **(ဘီဘီစီ)**

ဆီးရီးယားနယ်စပ်တိုက်ခိုက်မှုအတွင်း တူရကီလုံခြုံရေးအရာရှိတစ်ဦးသေဆုံး

ဒမတ်စကတ် မေ ၃

ဆီးရီးယားနယ်စပ်တွင် လက်နက်ကိုင်အုပ်စုတစ်စုနှင့် တိုက်ပွဲတစ်ခုဖြစ်ပွားစဉ် လုံခြုံရေးအရာရှိတစ်ဦးသေဆုံးပြီး အခြားခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း တူရကီအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါတိုက်ခိုက်မှုသည် ဆီးရီးယားပိုင်တဲလ်အယက်ဂိတ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သော ဆန်လီဖာပြည်နယ် အက်ကာကာလီနယ်စပ်ဂိတ်၌ မေ ၂ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ထုတ်ပြန်သည်။

ဆီးရီးယားလက်နက်ကိုင်အုပ်စုတစ်ခုကို တူရကီနိုင်ငံပိုင်နက်အတွင်း ဝင်ရောက်မှုများအား ငြင်းဆိုခဲ့ရာမှ နယ်စပ်တစ်လျှောက်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အဆိုပါတိုက်ပွဲစတင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ပွဲတွင် အရပ်သားများအပါအဝင် ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြိတ်ခရိုင်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းဥက္ကဋ္ဌ၊ မြိတ်အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ၊ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးလှသန်း(လူမှုထူးချွန်ပထမဆင့်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးမှ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆုကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆုနှင့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းခံရသော တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါက်တာအောင်လွင်တို့အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးမောင်လှ-ဒေါ်ရှုလိုင်မိသားစု
ဥက္ကဋ္ဌ၊ တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်

ခေါင်းဆောင်ကောင်းတို့၏ကျင့်စဉ်
မျက်မှောက်ခေတ် ထင်ပေါ်ကျော်ကြားသူတို့၏
တင်ဆက်မှုမော်ပညာ
ဖန်သူဝေး
PowerPoint ကို အသုံးပြုပြီး၊ ခင်မြင့်ထက် တင်ဆက်တဲ့ပညာ အကြောင်း ဖြစ်ပါတယ်။ PowerPoint ကို အသုံးပြုပြီး ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ၊ စိတ်ဆက်ရှင်းပြတဲ့အခါမှာ ဖြိုင်ဖြိုင်ဆိုင်ဆိုင်ဖြစ်စေအောင် အလွယ်ကူဆုံးဖြစ်အောင် တင်ဆက်ထားတဲ့ စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းဖြစ်လိုသူတိုင်းအတွက် Steve Jobs ၏ အကောင်းမြင်ဆုံး တင်ဆက်မှုမော်ပညာနည်းလမ်းများကို စေ့စေ့စပ်စပ် တင်ပြထားပါသည်။

လုံးချင်းငှားရန်ရှိသည်
RC နှစ်ထပ်၊ အဆင့်မြင့်ပြင်ပြီး၊
ခြံအကျယ် (၉၆×၇၃)ပေ
တိုက်အကျယ်ပေ (၄၀×၄၀)၊
ပင်လုံရိပ်မွန်၊ သဃ်န်းကျွန်း။
ဖုန်း-၀၉-၇၃၀၁၉၂၅၊
၀၉-၇၃၁၂၃၃၂

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၇ခ/၆၂၆၅၊ ISUZU Pickup 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးတေဇ ၁၂/ကမရ(နိုင်)၀၂၈၀၉၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

သဘာဝဘေးအန္တရာယ်သတင်းများ

ကလော၊ ဆီဆိုင်နှင့် ကျောက်မဲမြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ် နေအိမ်အဆောက်အအုံများ ပျက်စီးကာ လူ ၁၁ ဦးသေ၊ ၇ ဦး ဒဏ်ရာရ၊ ၄ ဦးပျောက်ဆုံး

နေပြည်တော် မေ ၃

မေ ၂ ရက် နံနက် ၁ နာရီခွဲတွင် ကလောမြို့နယ် ရွှေမင်းဖုန်းအုပ်စု ရွှေတောဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် အလျားပေ ၄၀၊ အနံ ပေ ၂၀ရှိ ရွှေမင်းဖုန်း ဒေသလုံခြုံရေးရဲကင်း၊ မြေစိုက် ထရံကာ သွပ်မိုးအဆောက်အအုံမှ အမိုးသွပ်များလွင့်ပါခဲ့ပြီး ရဲကင်း၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာလျှိုအတွင်းရှိ အာရှကမ္ဘာမြေစက်မှုဇုန်နှင့် သတ္တုတူးဖော်ရေး ရွှေလုပ်ကွက်အနီး အလုပ်သမား များနေထိုင်သည့် (၁၅×၂၀) ပေခန့်ရှိ တာလပတ်မိုး၊ ထရံကာအဆောက်အအုံပေါ်သို့ လုံးပတ်နှစ်ပေခန့် အင်ပင်တစ်ပင် လဲကျခဲ့သဖြင့် အဆောက်အအုံအတွင်းမှ ကလောမြို့နယ် ရွှေမင်းဖုန်းရွှေတော ရွှေတောင်ကြားရပ်ကွက်နေ စောစိန်ဌေးအောင် ၄၀ နှစ်ပါ ခြောက်ဦးနှင့် ကလောမြို့နယ် ရွှေမင်းဖုန်း ရွှေတော သဖန်းဆိပ်ရွှေမှော်နေ မဝင်းအေး ၄၀ နှစ်ပါ နှစ်ဦး စုစုပေါင်း ရှစ်ဦး သေဆုံး ပြီး ကလောမြို့နယ် ရွှေမင်းဖုန်းအုပ်စု ရွှေတောင်ကြားရပ်ကွက်(၃)နေ ချစ်ကို ၂၇ နှစ်ပါ ခုနစ်ဦးတွင် ဝဲ/ယာခြေနှစ်ချောင်းကျိုး၊ ရင်ဘတ်နာကျင်၊ ဝဲမျက်ခုံးပေါက်ပြဲဒဏ်ရာများရရှိကာ မော်တော်ယာဉ်လေးစီး ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းနေစဉ် အနက်ပေ ၂၀၀ ခန့်ရှိ ဂိုးစတားအင်း ရွှေကျင်သည့်နေရာတွင် ရှိသည့် ကလောမြို့နယ် ရွှေမင်းဖုန်းအုပ်စုနေ ဇော်နိုင်ဦး ၃၀ နှစ်ပါ သုံးဦးမှာ သေဆုံးပြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာနေ မောင်ရဲ ၁၇ နှစ်ပါ လေးဦးမှာ ပျောက်ဆုံးလျက် ရှိသဖြင့် စုစုပေါင်း သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရရှိသူ ခုနစ်ဦးနှင့် ပျောက်ဆုံးလျက်ရှိသူ လေးဦးရှိကြောင်း သိရသည်။

ထို့ပြင် နံနက် ၃ နာရီမှ ၃ နာရီခွဲအထိ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ဖြိုဟန်းခါးကျေးရွာတွင် မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ ဓနိမိုး၊ ထရံကာ၊ သွပ်မိုးနေအိမ်ကိုးလုံး၏ အမိုးသွပ်များနှင့် အလျား ၃၆ ပေ၊ အနံ ၁၂ ပေရှိ ပျဉ်ကာ၊ သွပ်မိုး ခြောက်ခန်းတွဲ မြေစိုက် အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံမှ အမိုး သွပ်အချပ် ၃၀ ခန့် လန်ထွက်၍ ဒိုင်း၊ မြားတန်းများပြုတ်ထွက်ပြီး တန်ဖိုးငွေကျပ် ၁၂၀၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကျောက်မဲမြို့အနောက်ဘက် ၂၅ မိုင်ခန့်အကွာ မော်မာအုပ်စု ထန်းတပင်ကျေးရွာတွင် အိမ်ခြေ ၄၅ လုံး တန်ဖိုးငွေကျပ် ၄၈၅၀၀၀၊ ခဲတုံကျေးရွာတွင် အိမ်ခြေ ၁၅ လုံး တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၊ မော်မာကျေးရွာတွင် နေအိမ် ၃၅ လုံး တန်ဖိုးငွေကျပ် ၃၇၅၀၀၀၀၊ မန်လွယ်ကျေးရွာတွင် နေအိမ် ၆၀ တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၊ ပါကန်ကျေးရွာတွင် နေအိမ် ရှစ်လုံး တန်ဖိုးငွေကျပ် ၈၀၀၀၀၀၊ ဟဲကွီကျေးရွာအုပ်စု နပါဟန်ခိတ်ရွာ(တောင်)တွင် စာသင်ကျောင်းတစ်လုံးနှင့် နေအိမ် ခြောက်လုံး တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်တွင် မိုးသက်လေပြင်းကျရောက် လူနေအိမ်အချို့၊ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ ပြိုကျပျက်စီး

တောင်တွင်းကြီး မေ ၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်တွင် မေ ၃ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးသက်လေပြင်းကျရောက်ပြီး နေအိမ်၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းအချို့ ပြိုကျပျက်စီးသွားကြောင်း စုံစမ်းသတင်းရရှိသည်။ ယင်းမိုးသက်လေပြင်းကျရောက်မှုကြောင့် တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စု ကုက္ကိုခွကျေးရွာအရှေ့စုရှိ ဇေယျာသိဒ္ဓိဘုန်းတော်ကြီးကျောင်း အနောက်ဘက်ခြမ်း အခန်းခုနစ်ခန်းရှိ သွပ်အချပ် ၁၃၀ ခန့် လွင့်ပါပျက်စီးပြီး ဒိုင်း ၂၅ ချောင်း၊ မြား အချောင်း ၄၀ ကျိုးပဲ့ပျက်စီးသွားခဲ့ကြောင်း၊ အလားတူ ကုက္ကိုခွ ကျေးရွာ အထက(ခွဲ)ရှိ ပေလေးပင် ကျောင်းဆောင်နှင့် ပိဿနိုးကျောင်းဆောင်ရှိ သွပ်အချပ် ၂၀၄ ချပ် ကျိုးပဲ့လွင့်ပါပျက်စီးသွားပြီး ဒိုင်း၊ မြား ၅၁ ချောင်းခန့် ပျက်စီးသွားကြောင်း၊ ထို့အတူ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် သွပ် ၁၆ ချပ်ခန့် လွင့်ပါပျက်စီးသွားပြီး ဒိုင်းမြားလေးချောင်း ကျိုးပဲ့ပျက်စီးသွားခဲ့ကြောင်း၊ ၎င်းအပြင် ကုက္ကိုကုန်းကျေးရွာ အနောက်ဘက်ရှိ အမက (၂)ကျောင်းမှာ ခေါင်မိုးတစ်ခြမ်း အမိုးလန်ပြီး သွပ်အချပ် ၄၀ခန့် လွင့်ပါပျက်စီးသွားကြောင်း၊ အလားတူ ကုက္ကိုကုန်းကျေးရွာ၌ နေအိမ်ခုနစ်လုံး ပြိုကျပျက်စီးသွားပြီး အမိုးလန် အိမ် ၈၀ ခန့်ဖြစ်ကြောင်း၊ အလားတူ ဆတ်သွားရဲစခန်းပိုင်နယ်မြေ ပရပ်ကြယ်ကျေးရွာတွင် အိမ်ခြေ သုံးလုံးခန့် အမိုး၊ အကာ ပျက်စီးသွားကြောင်း စုံစမ်းသိရှိရသည်။ ဌာနအလိုက် ပျက်စီးဆုံးရှုံးမှုတန်ဖိုးများနှင့် နေအိမ်ပြိုကျပျက်စီးဆုံးရှုံးမှုတန်ဖိုးများအား သက်ဆိုင်ရာမှ တွက်ချက်မှုရရှိပါက နောက်ဆုံးသတင်းဆက်လက်ဖော်ပြသွားပါမည်။

ဟသ်ာ(တောင်တွင်းကြီး)

မင်းလှမြို့နယ် သပြေမြောင်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား အိမ်ခြေ ၁၀၉ လုံးမီးလောင်ဆုံးရှုံး

မင်းလှ မေ ၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရေနံမကျေးရွာအုပ်စု သပြေမြောင်ကျေးရွာတွင် မေ ၃ ရက် နံနက် ၄ နာရီ ၄၅ မိနစ် ခန့်က အိမ်ရှင်ဦးအောင်လွင်ဦး(၂၄) နှစ် (ဘ) ဦးကျော်လေး၏ နေအိမ်အတွင်း အင်ဂျင်စက်ဖြင့် ရေနံခိုးခပ်ရာမှ မီးများထွက်ပြီး အင်ဂျင်ကို မီးလောင်သဖြင့် ပျဉ်ကာ ပျဉ်ခင်းသွပ်မိုးနေအိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ **(အပေါ်ပုံ)** မီးလောင်မှုကို မင်းလှမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်များ၊ ပုဂ္ဂလိကရေသယ် ယာဉ်များ၊ မင်းဘူးမြို့နယ်နှင့် မကွေးမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်များ ပူးပေါင်းငြိမ်းသတ်မှုကြောင့် နံနက် ၇ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သပြေမြောင်ကျေးရွာမှ အိမ်ခြေ ၇၄ လုံး၊ အနီးရှိ ရေနံမရွာမှ အိမ်ခြေ ၃၅ လုံး ပေါင်း ၁၀၉ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဒုက္ခသည် စုစုပေါင်း ၃၇၉ ဦးအား ဒုက္ခသည်စခန်း ဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရ သည်။

သတင်း-တင်ဝင်းလေး
ဓာတ်ပုံ-သတင်းစဉ်

နိုင်ငံတကာသတင်း

ဘနာဇီယာဘူတို၏အထူးရှေ့နေ သေနတ်ဖြင့် ပစ်သတ်ခံလိုက်ရပြီ

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို အသတ်ခံရမှုတွင် အထူးရှေ့နေလိုက်ပေးသူသည် သေနတ်ပစ်ခံရပြီး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောသည်။ ချောင်ဒရီဇူလ်ဖီကြာအလီဆိုသူသည် အစ္စလာမ္မာဘတ်မြို့တွင် မော်တော်ဆိုင်ကယ်တစ်စီးပေါ်မှ တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရပြီး ဆေးရုံပေါ်၌ သေဆုံးခဲ့သည်ဟု ဆိုသည်။ မစ္စစ်ဘူတိုသည် ၂၀၀၇ခုနှစ်က ရွေးကောက်ပွဲ မဲဆွယ်နေစဉ် သေနတ်နှင့်ဗုံးတို့ဖြင့် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသည်။ မစ္စတာအလီသည် မေ ၃ ရက် နံနက်ပိုင်းက အကြမ်းဖက်မှုတိုက်ဖျက်ရေးတရားရုံးသို့ ကြားနာစစ်ဆေးရန် အသွားလမ်းတွင်ချုံခိုတိုက်ခိုက်ခံရသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

ကဒါဖီ၏သားကို ရုံးထုတ်စစ်ပြီ

လစ်ဗျားခေါင်းဆောင်ဟောင်း ကဒါဖီ၏ဒုတိယသား ဆိ(ဖ်)အယ်လ်အစ္စလမ်အား မေ ၂ ရက်က မြို့တော်ထရီပိုလီ၏ အနောက်တောင်ဘက် ၉၃ မိုင်အကွာ ဇင်တန်မြို့ အနောက်မြောက်ပိုင်း တရားရုံး တစ်ရုံး၌ ရုံးထုတ်ကြားနာစစ်ဆေးခဲ့သည်။ ၎င်းသည် အမျိုးသားလုံခြုံရေးခြိမ်းခြောက်မှုနှင့် နိုင်ငံတွင်းမှ ထွက်ပြေးရန် ကြိုးစားမှုတို့ဖြင့် တရားစွဲဆိုခံထားရသည်။ ၎င်းအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလက နိုင်ငံမှထွက်ပြေးရန်ကြိုးစားစဉ် ဇင်တန်၌ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ၎င်းအား ဒုတိယအကြိမ် ရုံးထုတ်စစ်ဆေးခြင်းဖြစ်ပြီး စစ်ဆေးမှုကို စက်တင်ဘာ ၁၉ ရက်သို့ ရွှေ့ဆိုင်းလိုက်သည်။ ဆိ(ဖ်)အယ်လ်အစ္စလမ်သည် ၂၀၁၁ ခုနှစ်က လစ်ဗျားနိုင်ငံကို အနှစ် ၄၀ ကျော်ကြာ အုပ်ချုပ်ခဲ့သည့် ၎င်း၏ဖခင်ဖြစ်သူ ဖြုတ်ချရေးဆန္ဒပြမှုတွင် ဆန္ဒပြသူများအား သတ်ဖြတ်မှုဖြင့် နိုင်ငံတကာရာဇဝတ်မှုခုံရုံးက အလိုရှိနေသူ ဖြစ်သည်။

ဂျပန်နှင့်ယူအေအီး နျူကလီးယားပူးပေါင်းဆောင်ရွက်

ဂျပန်နှင့်အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့သည် ယူအေအီးနိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သွားရောက်လည်ပတ်စဉ်အတွင်း နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မစ္စတာအာဘေးနှင့် ယူအေအီးဝန်ကြီးချုပ် ရှိတ်မိုဟာမက်ဘင်ရာရှစ် အယ်လ်မတ်ကွန်တို့သည် ဒူဘိုင်း၌ တွေ့ဆုံကြစဉ် နျူကလီးယားပူးပေါင်း ဆောင်ရွက်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ကြကြောင်း နိုင်ငံပိုင်သတင်း အေဂျင်စီက ဖော်ပြသည်။ ဒေသတွင်းခရီးလှည့်လည်နေသော မစ္စတာအာဘေးသည် ဂျပန်နျူကလီးယားနည်းပညာများကို အရှေ့အလယ်ပိုင်းသို့ ရောင်းချရန်ရည်ရွယ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လလယ်က တောင်ကိုရီးယား ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းကာ နျူကလီးယား ဓာတ်ပေါင်းဖိုလေးရုံအနက် နှစ်ရုံကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းဓာတ်ပေါင်းဖို လေးခုစလုံး ၂၀၂၀ ခုနှစ်တွင် စွမ်းအားပြည့်လည်ပတ်ရန် စီစဉ်ထားသည်။

မြင့်မောင်စိုး-စုစည်းသည်

မြန်မာနိုင်ငံက လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသား၊ အမျိုးသမီး ဟော်ကီအားကစားသမားများအတွက် လှူဒါန်းသည့်နေ့မှ ပြိုင်ပွဲပြီးဆုံးသည်အထိ သုံးဆောင်ရန် ခွန်အားဖြည့်အာဟာရများဖြစ်သည့် ပရိုဆိုင်းပဲနို့နှင့် Happy ကွေကာများ လှူဒါန်းပွဲကို မေ ၃ ရက်က သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပရီးမီးယားကော်ဖီကုမ္ပဏီ Brand မန်နေဂျာ ဒေါ်အိအိဟန်က မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။

သန်းဆွေ(ပန်းဘဲတန်း)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ကုန်စည်ဒိုင်)၏ဥက္ကဋ္ဌဖြစ်သော ဦးအုန်းဆိုင်အား ပထမအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏(အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်-ဂုဏ်ထူးဆောင်လက်မှတ်)ကို ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်အတွက် ပြည်ပပို့ကုန်များကို ဆတက်ထမ်းပိုးတိုးမြှင့်တင်ပို့နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးခင်ဟန် (အောင်ရတနာပွဲရုံ)
ဦးအောင်သိန်း (အောင်သီဟကုမ္ပဏီ)
ဦးမင်းလွင် (ရွှေခြူးပွဲရုံ)
ဦးမောင်မောင်ငယ် (ခြသေ့ရာဇာပွဲရုံ)
ဒေါက်တာကျော်ဝင်း (လင်းလက်ပွဲရုံ)

ကလေးများအတွက်
ကွန်ပျူတာဆိုင်ရာနည်းပညာ
(အင်္ဂလိပ်-မြန်မာ)
နေဝင်းကျော်
Cyber Service

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၈၃၈၆၂ (Kenbo- 125) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုးသစ် ၁၄/ပသန(နိုင်)၀၅၂၃၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)

သင့်သွေးဖြင့် အသက်ကယ်ပါ

(၆၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အကြိုဆောင်းပါး

သင်နေတဲ့နေရာမှာ ထွက်ပေါက်ရှိရဲ့လား

လှစုမြတ်(ဗိသုကာ)

ကျွန်မတို့နိုင်ငံအတွင်း ဖြစ်ပွားခဲ့တဲ့ အဆောက်အအုံမီးလောင်မှုတွေမှာ မီးခိုးကြောင့် မကြာခဏလူသေဆုံးမှုများ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ မီးခိုးတွေကြားက ခက်ခက်ခဲခဲ၊ မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်တဲ့ သတင်းတွေကြားရတော့ ဗိသုကာတစ်ဦးအနေနဲ့ တာဝန်မကင်းစွာခံစားရင်း ဒီဆောင်းပါးလေးကို ရေးသားတင်ပြရတာပါ။ တကယ်တော့ ကျွန်မတို့ဆီမှာ အဆောက်အအုံများ မီးဘေးလုံခြုံရေး အသိအမြင်နည်းပါးမှုကြောင့် ဒီအဖြစ်အပျက်တွေကြုံတွေ့ရတာပါ။ အဆောက်အအုံတွေ ဆောက်လုပ်တဲ့အခါ မီးဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားပြီး မီးလောင်ရင် ပြေးမယ့်ထွက်ပေါက်/လွတ်မြောက်ပေါက် (Means of Egress)ကို ထည့်သွင်းစဉ်းစား ဆောက်လုပ်သင့်ပြီး နေထိုင်အသုံးပြုသူများလည်း ထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။

အဆောက်အအုံတွေ အထူးသဖြင့် အများပြည်သူသုံးအဆောက်အအုံများ (ရုံး၊ ဈေး၊ အဆောင်၊ ကျောင်း)၊ အထပ်နိမ့်သော်လည်း ဧရိယာကျယ်ပြန့်တဲ့ အဆောက်အအုံတွေနဲ့ အထပ်မြင့်အဆောက်အအုံတွေမှာ ပြေးပေါက်/လွတ်မြောက်ပေါက် (Means of Egress) ကို သေချာထည့်သွင်းစဉ်းစားပြီး ဒီဇိုင်းရေးဆွဲထားမှသာ ဆောက်လုပ်ခွင့်ပြုသင့်ပါတယ်။ ကျွန်မတို့မြန်မာပြည်မှာတော့ ဒီစနစ်ကကျွမ်းဝင်မှုမရှိသေးပါဘူး။ “ဖြစ်ခဲ့ရင်ကုသိုလ်ပဲ” ဆိုတဲ့သူမျိုးက များနေပါသေးတယ်။ တကယ်တော့ ပြေးလမ်းကြောင်းတစ်လျှောက် အန္တရာယ်ကင်းစေဖို့ စီစဉ်ဆောင်ရွက်မှုဟာ အဆောက်အအုံငယ်များအတွက်ဆိုရင် လက်ရှိဆောက်လုပ်နေတဲ့ ကုန်ကျစရိတ်ထက်လည်း ပိုမိုများပြားစွာကုန်ကျခြင်းမရှိဘဲ ထည့်သွင်းဆောက်လုပ်နိုင်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံအများစုမှာ အဆောက်အအုံတွေဆောက်လုပ်တိုင်း ဗိသုကာမှ တာဝန်ယူရေးဆွဲပေးရပြီး အရေးပေါ်ထွက်ပေါက် (Exit/Exit Stair)အစရှိသည်တို့ကို ပုံစံရေးဆွဲသူ ဗိသုကာက တာဝန်ယူတွက်ချက် ဒီဇိုင်းရေးဆွဲရပါတယ်။ ဆောက်လုပ်တဲ့အခါ ခွင့်ပြုတဲ့စံသတ်မှတ်ချက်များနဲ့ ကိုက်ညီအောင်မဆောက်လုပ်ခဲ့ရင် ဗိသုကာကို တရားစွဲဆိုနိုင်တယ်လို့ သိရပါတယ်။

အဆောက်အအုံတွေရဲ့ ပြေးပေါက်/လွတ်မြောက်ပေါက်ကို ဒီဇိုင်းရေးဆွဲရာမှာ နိုင်ငံအလိုက် စံသတ်မှတ်ချက်များထားရှိကြပါတယ်။အဲဒီစံတွေကတော့ အထူးသဖြင့် မီးလောင်ရင် ထွက်ပြေးနိုင်အောင်၊ ပြေးလမ်းကြောင်းတစ်လျှောက်ကို မီးခိုးမဝင်နိုင်အောင်၊ မီးအပူဒဏ်မှ ကင်းဝေးအောင်စသည်ဖြင့် ပြုလုပ်ထားရှိကြရတာပါ။အထပ်အမြင့်နဲ့ အများပြည်သူသုံး အဆောက်အအုံတွေမှာ အိမ်တိုင်းအခန်းတိုင်းကတော့ ကိုယ့်အခန်းထဲက ထွက်တာနဲ့ မီးခိုး၊ မီးဒဏ် တစ်ခါတည်း ကင်းစင်တဲ့ အဆောက်အအုံအပြင်ကိုရောက်ဖို့ မဖြစ်နိုင်ပါဘူး။ ကိုယ့်အိမ်ရဲ့ ထွက်ပေါက်၊ ဟိုတယ်အခန်းတံခါး၊ ကုန်တိုက်ကြီးတွေရဲ့ထွက်ပေါက်နဲ့ အဝေးဆုံးနေရာမှ လွတ်မြောက်ပေါက်တံခါး(ထွက်ပေါက်တံခါး)နေရာအကွာအဝေးကို အဆောက်အအုံ၏ အသုံးပြုပုံ၊ အမျိုးအစား (လူနေတိုက်ခန်း၊ကျောင်း၊ရုံး၊ဟိုတယ်. . .)၊အဆောက်အအုံရှိ လူဦးရေ၊ အဆောက်အအုံ၏ မီးဒဏ်ခံနိုင်ရည်ကို၊ အဆောက်အအုံရဲ့ ပြေးပေါက်/လွတ်မြောက်ပေါက်(ထွက်ပေါက်လှေကား/စင်္ကြံ)အရေအတွက်၊ (ထွက်ပေါက်လှေကား/စင်္ကြံ)တွေရဲ့ အနေအထား အဆောက်အအုံ၏ မီးငြိမ်းသတ်စနစ်အစရှိတဲ့ အချက်တွေပေါ်မူတည်ပြီး ဒီဇိုင်းပြုလုပ်တည်ဆောက်ရပါတယ်။ အဲဒီထွက်ပေါက်တံခါးရဲ့ တခြားတစ်ဖက်က(ထွက်ပေါက်လှေကား/စင်္ကြံ) တွေဟာ မီးခိုး၊ မီးအပူဒဏ်ကနေ ကင်းလွတ်အောင် စီမံထားတဲ့နေရာတစ်ခုဖြစ်နေပြီး ယင်းနေရာများမှတစ်ဆင့် အန္တရာယ်လုံးဝမရှိတဲ့ အဆောက်အအုံပြင်ပကို လွယ်ကူစွာ ထွက်ပြေးနိုင်အောင်စီမံထားပါတယ်။ ထွက်ပေါက်တံခါးတွေကိုလည်း သော့ခတ်ထားခြင်းမပြုရဘဲ အတွင်းဘက်ကနေ အလွယ်တကူဖွင့်လေ့ရှိပြီး အပြင်ကသော့တံနဲ့မှ ဖွင့်လို့ရတဲ့ တံခါးသော့စနစ်တွေ ထားရှိကြပါတယ်။ ကျွန်မတို့ဆီမှာ ဒီစနစ်ကို သေချာသုံးထားတဲ့ အဆောက်အအုံတွေက အင်မတန်နည်းလှပါတယ်။

နိုင်ငံတကာမှာ လှေကား(ထွက်ပေါက်လှေကား/စင်္ကြံ)ကို အရေးပေါ်ထွက်ပေါက်အနေဖြင့်သာ သုံးသော်လည်း ကျွန်မတို့ဆီမှာ အပေါ်/အောက်တက်ဆင်းရင် ဓာတ်လှေကားရှိရင်တောင်မှ တစ်ခါတစ်ရံ လျှပ်စစ်မီးပျက်တတ်တဲ့အတွက်သော်လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်မတတ်နိုင်၍သော်လည်းကောင်း၊ ဓာတ်လှေကားစောင့်ဆိုင်းရတဲ့ အချိန်ကြာမြင့်လွန်း၍သော်လည်းကောင်း၊ လှေကားကိုပဲ အဓိကအသုံးပြုလေ့ရှိကြပါတယ်။ နိုင်ငံတကာစံအရ အဆောက်အအုံအတွင်းထားရှိတဲ့ ထွက်ပေါက်လှေကား အများစုကို သီးခြားတံခါးတပ်ပြီး အခန်းကန့်ထားရပါတယ်။ မီးခိုးမဝင်နိုင်အောင်ပါ။ လှေကားရဲ့ လေဝင် လေထွက်ကောင်းမွန်အောင် လှေကားအကျယ်ပေါ် အခြေခံ၍ လေဝင်လေထွက် အပေါက်ဖောက်ထားပေးရပြီး ယင်းအပေါက်များကိုလည်း မီးလောင်နိုင်တဲ့နေရာနဲ့ ဝေးကွာစွာထားရှိရပါတယ်။ လှေကားမှာ သဘာဝအလျောက် လေဝင် လေထွက်ပေါက် မပေးနိုင်ရင် ၂၄ နာရီ မပြတ်စက်များဖြင့် လေဝင် လေထွက်ရှိအောင် ပြုလုပ်လို့ရမယ့်စနစ် (Mechanical Ventilation) ပါရှိရပါတယ်။

ကျွန်မတို့ဆီမှာ အများပြည်သူသုံး အဆောက်အအုံအများစုဟာ လှေကားတွေကို အမြဲလိုလို အဝင်ခန်းမ Lobby အစရှိသဖြင့် ချိတ်ဆက်တဲ့အခါ တံခါးတပ်ထားခြင်း၊ အခန်းပိတ်၍ထားရှိခြင်းမရှိဘဲ အမြဲဖွင့်ထားတဲ့အတွက် တကယ်မီးလောင်တဲ့အခါမှာ အဲဒီလှေကားများဟာ မီးခိုး၊ အပူမကင်းစင်နိုင်တော့တာတွေ့ရှိရပါတယ်။ အချို့ဈေးများမှာ ဆိုင်တွေကြား လှေကားက ပျောက်နေပြီး ရှုံးရှုံးဆင်းဖို့ တက်ဖို့တောင် မနည်းရှာရပါတယ်။ ပြီးတော့ လှေကားများကလည်း အမြဲဖွင့်ထားလို့ စံမမီပါ။

လူနေတိုက်ခန်း(ထွက်ပေါက်တံခါး) လှေကားအများစုမှာလည်း အဆောက်အအုံပြင်ပနဲ့ထိနေတဲ့ အခြမ်းကို လေဝင်လေထွက်ကောင်းအောင် တရုတ်ကပ်ဒါမှမဟုတ် အပွင့်ဖွင့်ထားခြင်းမျိုး မပြုလုပ်ကြဘဲ မိုးလုံလေလုံနဲ့လှပအောင်လို့ ယူဆပြီး မှန်တွေအသေတပ်ဆင်ထားလေ့ရှိပါတယ်။ အဆောက်အအုံနဲ့ ဆက်စပ်တဲ့ အခြမ်းကိုသာ လှေကားနဲ့အလွယ်တကူ သွားရလွယ်ကူအောင် အပွင့်ထားရှိတဲ့အတွက် တကယ်မီးလောင်ရင် အဲဒီလှေကားတွေဟာ မီးခိုးခေါင်းတိုင်သဘောသက်ရောက်သွားဖို့ရှိနေပါတယ်။ ဆိုလိုတာက အထပ်တစ်ထပ်က မီးလောင်ရင် လှေကားများကို အခန်းကန့်ခြင်းမရှိတဲ့အတွက် အဲ့ဒီအထပ်က မီးခိုးတွေ လှေကားကို အလွယ်တကူရောက်ရှိသွားပြီး လှေကားအိမ်အတိုင်းအပေါ်ကို ပျံ့နှံ့တက်သွားမှာပါ။ အဲဒီအတွက် လှေကားကပြေးဆင်းလာတဲ့ လူတွေအတွက် အန္တရာယ်မကင်းနိုင်တော့ပါ။ မီးလောင်ရင် လူအများစုသေဆုံးကြတာ မီးခိုးကြောင့်ပါ။

(ထွက်ပေါက်တံခါး) တွေဟာ မီးခိုးအပူကင်းစင်ရုံမက သက်ကြီးရွယ်အိုကလေးကအစ အသုံးပြုကြရမှာဖြစ်လို့ လှေကားရဲ့အကျော်အနင်းစံက အစ လှေကားလက်ရန်းများစံဟာလည်း အရေးကြီးလှပါတယ်။ စံမမီရင် မီးခိုးကြောင့်မသေဘဲ ပြုတ်ကျလို့သေဆုံးနိုင်ပါတယ်။ ရှုံးရှုံးကန်ထရိုက်တိုက် နောက်ဖေးလှေကားတွေ ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းနဲ့ စံချိန်စံညွှန်းမမီလို့ နောက်ဖေးက ပြုတ်ကျသေဆုံးရတဲ့ သာဓကတွေလည်းရှိခဲ့ပါတယ်။

နိုင်ငံတကာစံတွေမှာ တစ်ထပ်ထက်ပိုမိုဆောက်လုပ်တဲ့ အများပြည်သူသုံး အဆောက်အအုံတွေဟာ အနည်းဆုံးလှေကားနှစ်စင်းထည့်ပေးရပါတယ်။ ကျွန်မတို့ဆီက အများသုံးအဆောက်အအုံအချို့မှာ (၂/၃) ထပ်ဆောက်သော်လည်း လှေကားတစ်စင်းတည်း ဆောက်လုပ်ထားခြင်းမျိုး တွေ့ရှိရပါတယ်။

အဆောက်အအုံတွေမှာ ပြေးပေါက်လှေကားတွေ အများကြီးတပ်ဖို့ထက် လိုအပ်သလောက်သာထားရဖို့နဲ့ လှေကားတွေစံမီဖို့ကို အဓိကပါ။ စင်ကာပူမှာ အလုပ်လုပ်တုန်းက ကျွန်မငှားသုံးခဲ့ဖူးတဲ့ အရပ်အခေါ် ကွန်ဒိုရှစ်ထပ် တစ်လွှာမှာ အိမ်ခန်းသုံးခန်း ဓာတ်လှေကားပါ အဆောက်အအုံမှာ လှေကားလေးစင်းထည့်ထားပါတယ်။ လက်ရှိစည်းမျဉ်းအရ လှေကားလေးစင်းမလိုပါ။ အိမ်ရှင်က စိတ်ချရအောင် ထည့်ထားတယ်လို့တွေ့ရှိ ယူဆမိပါတယ်။ ဒါပေမယ့် မီးခိုးကင်းအောင် လှေကားထားသိုခြင်းမရှိမှု၊ လေဝင်လေထွက်မကောင်းမွန်မှု၊ လှေကားများရဲ့ အကွာအဝေး၊ အဆောက်အအုံပြင်ပသို့ တိုက်ရိုက်ရောက်ရှိနိုင်မှု အစရှိတဲ့ စံတွေနဲ့ လှေကားတစ်စင်းမျှ မကိုက်ညီလို့ ငွေကုန်အကျိုးမရှိဘူးလို့ ဆိုရမှာပါ။

အချို့ဆောက်လုပ်ပြီးအထပ်မြင့် အဆောက်အအုံတွေမှာတော့ အပေါ်ထပ်တွေမှာ လှေကားတွေ သုံးလေးစင်းပါရှိပြီး လေဝင်လေထွက်ကောင်းသော်လည်း လှေကားတွေအတိုင်း ဆင်းသွားလို့ရှိရင် အောက်ဆုံးထပ်မရောက်သေးခင်မှာ ရပ်သွားပြီး လှေကားထပ်ရှာရပါတယ်။ တကယ်ထိတ်လန့်ပြီး ပြေးဆင်းလာတဲ့ လူတွေအဖို့ လှေကားရှာဖို့ဆိုတာ မလွယ်လှပါဘူး (ကျွန်မတောင် လေ့လာချင်လို့ အတော်ရှာပြီး ဆင်းရပါတယ်)။ နောက်ပြီး အချို့အဆောက်အအုံတွေမှာ အဲဒီလှေကားကို လွှဲထားတဲ့အထပ်က အိမ်တွေပဲရှိပေမယ့် အချို့က ဆိုင်ခန်းတွေထဲကနေရှာပြီး ပြေးရမှာပါ။ အဲဒီဆိုင်ခန်းတွေနေရာမှာ မီးလောင်ရင် မတွေးဝံ့စရာပါပဲ။ အဲဒါအပြင် အပေါ်ထပ်တွေက ဆင်းလာတော့ လှေကားသုံးလေးစင်း အောက်ဆုံးကိုရောက်ဖို့ရှာတော့ လှေကားက တစ်စင်းပဲရှိတဲ့အခြေအနေမျိုး အချို့အဆောက်အအုံမှာတွေ့ရှိရပါတယ်။ လှေကားနှစ်စင်းသုံးစင်းက ဆင်းလာတဲ့လူတွေ လှေကားတစ်စင်းတည်းကို ပြုတိုးဆင်းရမယ့် အခြေအနေမျိုးပါ။ ဒီမှာတင်မပြီးသေးပါဘူး။

အောက်ဆုံးထပ်မှာ အဆောက်အအုံပြင်ပကို ပြေးထွက်မယ်လည်းလုပ်ရော ကားတွေက ပတ်လည်ဝိုင်း၊ ဒါမှမဟုတ် လှေကားတည့်တည့်မှာ ပိတ်ရပ်ထားတဲ့ကားကိုဖြတ်ပြေးမှ အပြင်ကိုရောက်မယ့် အခြေအနေမျိုးတွေတွေ့ရှိရပါတယ်။ နိုင်ငံတကာမှာ Car Parking အဆောက်အအုံကို ကားဖုံးအန္တရာယ်နဲ့ မီးလောင်နိုင်တဲ့အန္တရာယ်ရှိတဲ့ အဆောက်အအုံအဖြစ် ယူဆကြပါတယ်။

ပြေးလမ်းကြောင်းတစ်လျှောက်ကို အဆောက်အအုံတွေမှာ စံမီအောင်ဆောက်ဖို့လိုသလို နေထိုင်စဉ်တစ်လျှောက် နေထိုင်အသုံးပြုသူတွေက ဆက်လက်ထိန်းသိမ်းဖို့လိုပါတယ်။ ပြေးလမ်းကြောင်းတစ်လျှောက် အမှိုက်များထားရှိခြင်း၊ အသုံးမလိုတော့သော ပစ္စည်းများ စုပုံထားရှိခြင်း အစရှိတဲ့အချက်များဟာ ပြေးလမ်းကြောင်းပိတ်ဆို့စေပြီး မီးအန္တရာယ်ပါဖြစ်ပွားနိုင်တဲ့အတွက် အဲဒီအချက်များကို နေထိုင်သူများ ရှောင်ကြဉ်ကြဖို့လိုပါတယ်။ ပြီးတော့ ထွက်ပေါက်တံခါးအားလုံးနီးပါးကို သူခိုးရန်ကြောက်လို့ သော့ခလောက်များနဲ့ သော့ခတ်ထားခြင်းကိုရှောင်ကြဉ်ပြီး တံခါးသော့စနစ်ကို ပြုပြင်သင့်ပါတယ်။ ပြေးလမ်းကြောင်းတစ်လျှောက်ဟာ အများပိုင်နေရာဖြစ်လို့ တစ်စုံတစ်ယောက်က ပိတ်ဆို့ထားရင် ကျန်သူများက ကန့်ကွက်အရေးယူသင့်ပါတယ်။ အဆောက်အအုံပေါ်ကနေ ပြေးလမ်းကြောင်းတစ်လျှောက် ပြေးဆင်းပြီး အောက်ထပ်အထိရောက်ရှိလာရုံနဲ့လည်း မပြီးသေးပါဘူး။ စိတ်ချရတဲ့နေရာအထိ ပြေးပေါက်လမ်းကြောင်း ဘေးကင်းဖို့လိုအပ်ပါတယ်။

လူနေတိုက်ခန်း၊ ဟိုတယ်အများစုမှာ လှေကားတစ်စင်းကို မျက်နှာစာလမ်းမဘက်မှာ ထားရှိကြပြီး ကျန်တစ်စင်းကို နောက်ဖေးလမ်းကြားဘက်မှာ ထားရှိပါတယ်။ တချို့ နောက်ဖေးလမ်းကြားမရှိတဲ့ မြို့နယ်တွေအထူးသဖြင့် မန္တလေးမြို့က ဟိုတယ်အဆောက်အအုံတွေမှာ နောက်ဖေးလှေကားဆိုပြီး ထားရှိကြသော်လည်း အောက်ဆုံးထပ်မှာ ပြေးစရာမြေမရှိလို့ မီးလောင်နေတဲ့ အဆောက်အအုံထဲပြန်ဝင်ပြီး ပြေးရမယ့်အနေအထားတွေ့ရှိရပါတယ်။ ရန်ကုန်မှာလည်း ဒီလိုအဆောက်အအုံတွေ အများအပြားတည်ရှိလာနေပါပြီ။

(မန္တလေးအကြောင်း ဆွေးနွေးလက်စနဲ့ အဆောက်အအုံ ပြေးလမ်းကြောင်းနဲ့ တိုက်ရိုက်မဆိုင်ပေမယ့် မန္တလေးမြို့ မီးအန္တရာယ်နဲ့ ပတ်သက်ပြီး ကျွန်မ သတိထားမိတာလေးဖြတ်ပြောချင်ပါတယ်။ မန္တလေးမှာ မီးလောင်ရင် မီးကြီးလေ့ရှိတာ ရာသီဥတုပူလွန်းလို့ထင်ခဲ့မိပါတယ်။ မန္တလေးမြို့ကွက်ကို အပေါ်စီးက မြင်မိတော့မှ မြို့ကွက်အခြေအနေဟာ နောက်ဖေးလမ်းကြား (မီးတားလမ်း)များမရှိခြင်း၊ အဆောက်အအုံနံရံများ မီးတားနံရံအဖြစ်မရှိခြင်းနဲ့ မီးသတ်ကား အလွယ်တကူဝင်ရောက်နိုင်ခြင်းမရှိခြင်းတို့ကြောင့် မီးလောင်လွယ်ဖို့ အားပေးတဲ့ပုံစံဖြစ်နေတာပါ။)

ရန်ကုန်မြို့မှာတော့ နောက်ဖေးလမ်းကြားမရှိတဲ့ မြို့နယ်တွေမှာ အဆောက်အအုံဆောက်လုပ်ရင် ရှေ့ဘက် ၁၂ ပေ၊ ဘေးနှစ်ဖက် ၃ ပေနဲ့ နောက်ဘက် ၆ပေ ချန်လေ့ရှိပါတယ်။ အဲဒီစံတွေဟာ ပုံမှန် သာမန်အိမ်များအတွက်သာရှိသင့်တဲ့စံညွှန်းတွေ ဖြစ်ပါတယ်။ အထပ်မြင့်ဆောက်လုပ်မယ်၊ ဟိုတယ်/ အများပြည်သူသုံး အဆောက်အအုံ ဆောက်လုပ်မယ်ဆိုရင် မီးအန္တရာယ်အတွက် လက်ရှိအတိုင်းအတာများက စံမမီပါ။နိုင်ငံတကာမှာ အဆောက်အအုံကို အသုံးပြုမယ့်အမျိုးအစားနဲ့ အသုံးပြုသူဦးရေ၊ အဆောက်အအုံရဲ့ မီးခံနိုင်ရည်ကို၊ အဆောက်အအုံရဲ့ ပြတင်းထားရှိမှုအချိုး အစရှိတဲ့ အချက်တွေပေါ်မူတည်ပြီး အဆောက်အအုံနှစ်ခုရဲ့ အကွာအဝေးကို သတ်မှတ်ထားရှိကြပါတယ်။ ဤစံများကို ကျွန်မတို့ မြန်မာပြည်မှာလည်း အဆောက်အအုံ အသုံးပြုပုံ အမျိုးအစားအလိုက် ပြောင်းလဲသတ်မှတ်သင့်ပါပြီ။

အခုဆိုရင် ပြောင်းလဲတိုးတက်လာတဲ့နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒအရ ရန်ကုန်မြို့နေရာအနှံ့အပြားမှာ ဆောက်လုပ်ရန် ကြော်ငြာထားတဲ့ အဆောက်အအုံတွေဟာ လက်ရှိဆောက်လုပ်ပြီး အဆောက်အအုံတွေထက် ပိုမိုရှုပ်ထွေးပြီး ပိုမိုမြင့်မားတာတွေ့ရပါတယ်။ မြန်မာပြည်ရဲ့ မြန်ဆန်လွန်းတဲ့ပြောင်းလဲမှုတွေနဲ့အတူ ဆောက်လုပ်ကြတော့မယ့် Complex Building များနဲ့ အထပ်မြင့်အဆောက်အအုံတွေမှာ လူအများဘေးကင်းလုံခြုံစေဖို့ လွတ်မြောက်ပေါက် (Means of Egress) နဲ့ မီးငြိမ်းသတ်စနစ်တွေကို နိုင်ငံတကာစံများနဲ့ ကိုက်ညီမှသာ ဆောက်လုပ်ခွင့်ပြုသင့်ပါတယ်။ ယင်းအဆောက်အအုံများ စံမမီရင် နောင်တစ်ချိန်မှာ အန္တရာယ်ရှိတဲ့ ပတ်ဝန်းကျင်တစ်ခုဖြစ်လာမှာပါ။

လက်ရှိဆောက်လုပ်ပြီး Complex Building များနေထိုင်အသုံးပြုသူများအနေနဲ့ မိမိတို့အဆောက်အအုံ မီးအန္တရာယ်ကင်းစေဖို့ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံဗိသုကာအသင်းတို့နှင့် ညှိနှိုင်းပြီး Means of Egress (လွတ်မြောက်ပေါက်)သေချာဖော်ထုတ်ထားရှိခြင်း၊ Fire Drill (မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှု)များ ပြုလုပ်ထားသင့်ကြောင်း ပြည်သူများ မီးဘေးနှင့် စပ်လျဉ်းသည့် ဘေးဒုက္ခအပေါင်းမှ ကင်းဝေးစေရန်ရည်ရွယ်၍ တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

ရန်ကုန် မေ ၃

မာလကာသီးသည် မြန်မာလူမျိုးများနှင့်ရင်းနှီးသော သစ်သီးဖြစ်သည်။ ဈေးနှုန်းသက်သာသည့်အပြင် ရာသီတိုင်းတွင်လည်း အသီးဖြစ်ထွန်းသည်။

ဈေးချို၍ ရနံ့မွှေးကြိုင်ပေရာ လူတိုင်းနီးပါးက နှစ်ခြိုက်ကြသည်။ မြန်မာနိုင်ငံ ဒေသတော်တော်များများ၌ အလေ့ကျပေါက်လေ့ရှိသကဲ့သို့ အလွယ်တကူ စိုက်ပျိုး၍လည်းရနိုင်ပါသည်။

မာလကာသီးစားသုံးခြင်း၏အကျိုး

မာလကာသီးသည် ဗီတာမင်စီနှင့် ဗီတာမင်အကြွယ်ဝသော အသီးဖြစ်သည်။ မာလကာသီး၌ သံဓာတ်၊ ဖောလစ်အက်စစ်၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်၊ ပိုတက်ဆီယံတို့ ပါဝင်သည်။

မာလကာသီးသည် သွေးအားနည်းခြင်းကို ကာကွယ်ပေးနိုင်ရုံမက သွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသည့်ဂုဏ်သတ္တိရှိသည်။ မာလကာသီးကို ပုံမှန်စားသုံးပါက သွေးတိုးကျဆင်းစေကြောင်း သိရသည်။

နှလုံးကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည်။ အစာအိမ်ရောဂါ၊ သွေးဝမ်းပါရောဂါ၊ ဆီးချိုရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်ကြောင်းလည်း သိရသည်။

သို့ရာတွင် မာလကာသီးအစေ့ကို စားသုံးလျှင် အဆိပ်အတောက်မဖြစ်စေသော်လည်း အခန့်မသင့်ပါက အူအတက်ကို ဒုက္ခပေးနိုင်သဖြင့် အစေ့ကိုမူ ရှောင်ရှားသင့်သည်။

သွင်သွင်နဒီ

မီးသတ်တပ်ဖွဲ့နေ့ ကို ဂုဏ်ပြုသောအားဖြင့် ရေနုတ်မြောင်းများ ရှင်းလင်း

ထားဝယ် မေ ၃

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သင်္ဘောဆိပ်ရပ်ကွက် ကမ်းနားဈေးလမ်း၌ မေ ၁ရက် မွန်းလွဲ ၂နာရီက မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်များဖြင့် ဈေးအတွင်းအပြင်ရေနုတ်မြောင်းများ ပိတ်ဆို့နေမှုကို ရေထိုးပိုက်များဖြင့်လည်းကောင်း၊ ဈေးအင်္ဂါရပ်နှင့်ညီညွတ်ရေးအတွက် သန့်ရှင်းသပ်ရပ်လှပအောင် တညီတညွတ်တည်းစုပေါင်းအင်အားဖြင့် သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ကျော်ကျော်လတ်)

ပြည်တွင်းသတင်း

လူမှုတာဝန်သိသော မီဒီယာပုံစံကို လက်ခံအသုံးပြုရန် ပြည်ထောင်စုဝန်ကြီး တိုက်တွန်း

နေပြည်တော် မေ ၃

မိမိတို့နိုင်ငံ၏ နုနယ်ငယ်ရွယ်သေးသော ဒီမိုကရေစီသည် မခိုင်မာလှသေးပါကြောင်း၊ ထို့ပြင်ပြဿနာ များစွာတို့ကိုလည်း ကိုင်တွယ်ဖြေရှင်းနေရပါသေးကြောင်း၊ သို့ဖြစ်ရာ လူမှုတာဝန်သိသော မီဒီယာပုံစံ (Social Responsibility Model)ကို လက်ခံအသုံးပြုခြင်းသည် မိမိတို့နှင့် အမှန်တကယ်ကိုက်ညီမှုရှိ မရှိ မသေချာသေးသည့် စိတ်ကြိုက် လွတ်လပ်စွာလုပ်နိုင်ခွင့်ပုံစံ (Libertarian Model) ကို လက်ခံအသုံးပြုခြင်းထက် မိမိတို့နိုင်ငံအတွက် ပိုမိုအမြော်အမြင်ကြီးမားရာကျမည်ဟု မိမိယူဆပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနား၌ ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ယူနက်စကိုက ကြီးမှူးကျင်းပသည့် စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ပတ်ရှိုင်ရယ်ဟိုတယ်၌ ယူနက်စကိုက ကြီးမှူးကျင်းပသည့် အဆိုပါ စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဝင်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီဝင်များ၊ ပြည်တွင်းပြည်ပမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာ၌ ယခုအခမ်းအနားသို့ မိမိအား တက်ရောက်ချီးမြှင့်ရန် ဖိတ်မန္တကပြုခဲ့ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ ထို့ပြင် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များနှင့် မီဒီယာအပေါ် အမြင်ချင်းဖလှယ်ခွင့် ရရှိခြင်းကြောင့် မိမိအတွက် ကောင်းမွန်သော အခွင့်အရေးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် ပုံနှိပ်၊ အသံလွှင့်နှင့် အင်တာနက် မီဒီယာအားလုံးမှ သတင်းသမားများ၏ လုံခြုံစိတ်ချရမှုရှိရေးအတွက် အလေးထား၍ ယူနက်စကိုမှ ကျင်းပသည့် စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ကို မိမိအနေဖြင့် လှိုက်လှဲစွာ ကြိုဆိုပါကြောင်း။

ဒီမိုကရေစီကို နိုင်ငံရေးသမားများကသာ အာမခံ၍ မရနိုင်ပါကြောင်း၊ လွတ်လပ်သော မီဒီယာနှင့် ဒီမိုကရေစီတို့သည် ထာဝစဉ်ယှဉ်တွဲ၍ နေကြပါကြောင်း၊ ဒီမိုကရေစီကို တိုးမြှင့်ရန် မီဒီယာသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ယခင်က မီဒီယာကို ဝါဒဖြန့်ချိရေး၊ တိုက်တွန်းနှိုးဆော်ရေးနှင့် အသိပညာပေးရေးတို့အတွက်သာ အသုံးချခဲ့သော်လည်း ယခုအချိန်တွင်မူ မီဒီယာ၏ အခန်းကဏ္ဍမှာသိသိသာသာပင်ပြောင်းလဲသွားပြီ ဖြစ်ပါကြောင်း၊ မီဒီယာသည် အစိုးရအား ဝေဖန်ထောက်ပြသူ အဖြစ်သော်လည်းကောင်း၊ လူတစ်ဦးချင်း၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်သူအဖြစ်သော်လည်းကောင်း၊ လူပုဂ္ဂိုလ်ထက် လူ့အဖွဲ့အစည်း၏ အရေးကို ပိုမိုအာရုံစိုက်တတ်လာစေရန်အတွက် ပြည်သူလူထုကို အသိပညာပေးသူအဖြစ် သော်လည်းကောင်း၊ ပြည်သူလူထုနှင့် အစိုးရတို့အကြား ပေါင်းကူးအဖြစ်သော်လည်းကောင်း၊ ယခုအခါ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့နိုင်ငံမီဒီယာ၏ အနေအထားမှာ ၂၀၁၃ ခုနှစ် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်ဆိုင်ရာ အညွှန်းကိန်းများအရ ယခင်နှစ်ကထက် သိသိသာသာ တိုးတက်လာခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြောင်းလဲလာသော နိုင်ငံရေးရေမြေအနေအထားအရ အစိုးရသည် မီဒီယာ ဦးတည်ချက်များကို ဦးဆောင်အကောင်အထည်ဖော်သူ မဟုတ်တော့ဘဲ ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် အဆင်ပြေစေရန်အတွက် ဝိုင်းဝန်းကူညီသူအဖြစ်သာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် လွတ်လပ်ခွင့်နှင့် စည်းကမ်းလိုက်နာစောင့်စည်းမှုတို့ကို တစ်ပြိုင်တည်း ကျင့်သုံးသည့် လူမှုတာဝန်သိသော မီဒီယာပတ်ဝန်းကျင်မျိုး တိုးတက်ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်သော လွတ်လပ်သည့် မီဒီယာသည် ဒီမိုကရေစီအဖွဲ့အစည်းများရှိ အပြန်အလှန် ထိန်းကျောင်းရေးလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းလည်းဖြစ်ပါကြောင်း၊ စာနယ်ဇင်းသမားများနှင့် မီဒီယာဝန်ထမ်းများအတွက် လွတ်လပ်၍ လုံခြုံသော ပတ်ဝန်းကျင်ကိုဖန်တီး ပေးခြင်းသည် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင်သော်လည်းကောင်း၊ ဒီမိုကရေစီ တည်ထောင် ရာတွင်သော်လည်းကောင်း၊ နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်ရာတွင် လည်းကောင်း၊ အစိုးရအတွက်သာမက မီဒီယာလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံးအတွက် အလွန်ပင် အရေးကြီးပါကြောင်း၊ အလားတူပင် မီဒီယာသမားများအနေဖြင့် ပြည်သူလူထုကို တိကျမှန်ကန်ပြီး ဓမ္မဓိဋ္ဌာန်ကျသော သတင်းများပေးနိုင်ရန် အလွန်ကြီးမားသော တာဝန်တစ်ရပ်လည်း ရှိနေပါကြောင်း၊ ဤနည်းဖြင့်သာ မီဒီယာသမားများအတွက် ကျွမ်းကျင်မှု အဆင့်အတန်းနှင့် တာဝန်ခံနိုင်မှု အသိစိတ်ဓာတ်တို့ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

မီဒီယာသည် ခိုင်မာ၍အင်အားရှိရန် လိုအပ်သကဲ့သို့ပင် လေးနက်တည်ကြည်ရန်၊ အဆိပ်အတောက်ကင်းစေရန်၊ သြဇာကင်းရန်နှင့် အကောင်းဆုံးရလဒ်များကို ဖော်ဆောင်ပေးနိုင်ရန် တို့လည်း လိုအပ်ပါကြောင်း၊ ထိုသို့ဖြစ်လာနိုင်စေရန်အတွက်များမြောင်လှသော မီဒီယာ၏ လုပ်နည်းလုပ်ဟန်များသည် မိမိတို့ရေမြေ၏ လူမှုရေးအဆောက်အအုံ၊ သီးခြားယဉ်ကျေးမှုစရိုက် လက္ခဏာများနှင့် လူမှုစိတ်ဓာတ်ဂယက်ရိုက်ခတ်မှုများနှင့်လည်း သဟဇာတဖြစ်စေရန် လိုအပ်ပါကြောင်း။

ယခုတစ်ဆက်တည်းမှာပင် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုး၊ စံနှုန်းများနှင့်ကိုက်ညီပြီး ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားသည့် လူမှုတာဝန်သိသော မီဒီယာပုံစံမျိုး ဖြစ်ပေါ်လာစေရန်အတွက် အစိုးရအဖွဲ့အစည်းအသီးသီးကလည်း မီဒီယာအသင်းအဖွဲ့များ၊ စာနယ်ဇင်းကောင်စီနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြပါရန် မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း၊ ထိုနည်းတူ အစိုးရနှင့် ပြည်သူလူထုအကြား ဆက်သွယ်ရေးယန္တရားအဖြစ် ဆောင်ရွက်နေကြသော (တစ်ချိန်က ကြာမြင့်စွာ ခွဲခွာနေခဲ့ကြရသူများ အပါအဝင်) သတင်းသမားများ၊ စာနယ်ဇင်းနှင့် မီဒီယာဝန်ထမ်းများအားလုံးကလည်း ပြည်သူလူထုဆက်သွယ်ရေး ယန္တရားတွင် စိတ်ကောင်း၊ စေတနာရှိမှုများကို ဖော်ပြနိုင်ရန်အတွက် မိမိတို့နှင့်အတူ အားလုံးစိတ်တူကိုယ်တူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြပါဟု နွေးထွေးစွာ ဖိတ်ခေါ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UNESCO/Guillermo Cano World Press(2012) ဆုချီးမြှင့်ခံခဲ့ရသူ ဦးဝင်းတင်က စာနယ်ဇင်း လွတ်လပ်ခွင့်သည် တိုင်းပြည်တစ်ပြည်အတွက် အလွန်အရေးကြီးသကဲ့သို့ အခွင့်အရေးတစ်ခုလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူ့အကြားတွင် သတင်းစာကရပ်တည်၍ လုပ်ငန်းများဆောင်ရွက်ရကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းမှလည်း ထိန်းရင်းညှိရင်း လုပ်ကိုင်ရမှာဖြစ်သလို စာနယ်ဇင်းများမှလည်း စောင့်ထိန်းခြင်းတရားကို လိုက်နာလုပ်ဆောင်မှုဖြင့် လူ့ဘောင်အဖွဲ့အစည်းနှင့် ပြည်သူများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNESCO ဌာနေကိုယ်စားလှယ် Mr. Sardar Umar Alan က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် UNESCO ညွှန်ကြားရေးမှူးချုပ် Ms.Irina Bokova တို့၏ ပူးတွဲကြေညာချက်ကို ဖတ်ကြားရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၉)တွင် ဖော်ပြထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းများ၊ လွတ်လပ်သော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီ၏ လုပ်ပိုင်ခွင့်များအတွက် လိုအပ်သော အခြေခံအခွင့်အရေးဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့၏ ဆောင်ပုဒ်ဖြစ်သည့် "လုံခြုံစိတ်ချစွာပြောဆိုရန်၊ မီဒီယာကဏ္ဍအားလုံးတွင် ယုံကြည်စိတ်ချစွာဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရန်" ရည်ရွယ်ချက်သည် နိုင်ငံတကာ သတင်းစာဆရာများအား လုံခြုံစိတ်ချစွာ ကာကွယ်ပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဆောင်ရွက်မှုပင် ဖြစ်ကြောင်းပါရှိသည်။

ယင်းနောက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ အတွင်းရေးမှူး ဦးကျော်မင်းဆွေက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လူ့အဖွဲ့အစည်း၏ လိုအပ်သောအခြေခံအခွင့်အရေးဖြစ်ကြောင်း၊ လွတ်လပ်စွာ သတင်းထုတ်ပြန်ခြင်း၊ လွတ်လပ်စွာ ပြောဆိုခြင်း၊ လွတ်လပ်စွာ ရေးသားခြင်းတို့သည် နိုင်ငံသားတိုင်း ဖတ်ရှုနိုင်ခြင်း အခွင့်အရေးနှင့် တိုက်ရိုက်အချိုးကျပါကြောင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်း ကောင်စီသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ငြိမ်းချမ်းချောမွေ့စွာ ပြောင်းလဲနိုင်ရေးအတွက် သတင်းစာဆရာများအား လေးစားခြင်း၊ ယုံကြည်အားထားခြင်း၊ ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာခြင်း၊ တာဝန်ခံခြင်း၊ တာဝန်ရှိခြင်းတို့နှင့် ပြည့်စုံသော စတုတ္ထမဏ္ဍိုင်ပေါ်ပေါက်လာရေးကို ကြိုးပမ်းအားထုတ် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုက UNESCOနှင့် အခြားသော နိုင်ငံတကာမီဒီယာ အဖွဲ့အစည်းများက ဒီမိုကရေစီ ဖော်ဆောင်နေမှုအပေါ် မြန်မာ့နိုင်ငံ၏ အတွေးအခေါ်နှင့် အမြော်အမြင်များ မျှဝေပေးခဲ့ခြင်းကြောင့် မိမိတို့ နိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် စတင် ပါဝင်နိုင်တော့မည်ဖြစ်ကြောင်း မိမိတို့၏ မီဒီယာဖွံ့ဖြိုးမှု လုပ်ဖော်ကိုင်ဖက်များအနေဖြင့် အစိုးရအဖွဲ့ကိုသာမက ပုဂ္ဂလိကကဏ္ဍနှင့်လူ့အဖွဲ့အစည်းတို့ကိုလည်း ဆက်လက်ကူညီပံ့ပိုးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။ ယင်းနောက် UNESCOမှ မီဒီယာဖွံ့ဖြိုးရေး ကျွမ်းကျင်သူ Romon R. Tuazounက မြန်မာသတင်းမီဒီယာနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ဒေါက်တာကျော်ဇေယျာဝင်း အပါအဝင် ပုဂ္ဂိုလ်၁၇ဦးတို့က ပြည်ထောင်စုအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (UNION NATIONALS DEVELOPMENT PARTY) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားလျက်ရှိခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားသည်။

(သတင်းစဉ်)

နိုင်ငံခြားမှ သုံးစွဲ၍မရသော တိုက်ကြေကားများ တင်သွင်းခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာ

၁။ နိုင်ငံတော်မှ ယာဉ်အိုယာဉ်ဟောင်းများအပ်နှံစေပြီး မော်တော်ယာဉ်အသစ်များ(သို့မဟုတ်) ကောင်းမွန်သောကားများ တင်သွင်းစေလိုသော ရည်ရွယ်ချက်ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှ မှတ်ပုံတင်သက်တမ်းနှစ် ၄၀၊ နှစ် ၃၀နှင့် နှစ် ၂၀ ရှိ ကားများကို အပ်နှံပြီးပါက ၁၉၉၅ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မော်တော်ယာဉ်တစ်စီး ဝယ်ယူခွင့်ပြုကြောင်း ကြေညာ၍ စတင်ခွင့်ပြုခဲ့ပါသည်။ နိုင်ငံတော်၏ စီမံချက်ဖြင့် အိုမင်းဟောင်းနွမ်းနေသော မော်တော်ယာဉ်များ အစားထိုးလဲလှယ်ရေးလုပ်ငန်းစီမံချက်ကို အကောက်ခွန်ဦးစီးဌာနမှ ၂၅-၁၀-၂၀၁၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ စတင်ချိန်မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ စီမံချက်မော်တော်ယာဉ်စီးရေ ၁၂၆၇၃၃ စီး တင်သွင်းခဲ့ပြီး အဆိုပါ မော်တော်ယာဉ်များတွင် တိုက်ကြေပျက်စီးကားများ တင်သွင်းထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ယခု ဇန်နဝါရီလ ၁၅ ရက် နောက်ပိုင်းတွင်မှ တင်သွင်းမှုများရှိလာခဲ့ခြင်းဖြစ်ပါသည်။ တိုက်ကြေပျက်စီးကားများ၏အနေအထားအရ သုံးစွဲသူများအတွက် လုံခြုံမှုစိတ်မချရသော အန္တရာယ်ဖြစ်စေနိုင်သည့် ယာဉ်များဖြစ်သောကြောင့် ထိုကားများကို တင်သွင်းခွင့်ပြုမည်ဆိုပါက ကြံ့ခိုင်မှုမရှိနိုင်တော့ဘဲ အသုံးပြုရာတွင် အန္တရာယ်ရှိစေနိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ ထို့ကြောင့် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပြည်ပမှ တင်သွင်းလာသည့် တိုက်ကြေကားများသည် သုံးစွဲသူပြည်သူလူထုအတွက် ထိခိုက်နစ်နာစေနိုင်ခြင်း၊ အသက်အန္တရာယ်ဖြစ်စေနိုင်ခြင်းတို့ကြောင့် လည်းကောင်း၊ ကုန်သွယ်မှုမူဝါဒအရလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း တင်သွင်းခွင့်မပြုသည့် ယာဉ်များဖြစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၃။ နောင်တွင်လည်း အလားတူတိုက်ကြေကားများ တင်သွင်းလာပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ ထိခိုက်ခံစားခဲ့ရသူများအား မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေး ဆောင်ရွက်နေ

နေပြည်တော် မေ ၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား အမေရိကန်နိုင်ငံ လူဦးရေ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဌာနမှုဒုတိယ လက်ထောက်အတွင်းရေးမှူး Ms.Kelly Tallman Clements နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Derek Mitchell တို့ ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Alex Garcia Chua သည် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း အဆိုပါ ဝန်ကြီးရုံး ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် အမေရိကန်နိုင်ငံ လူဦးရေ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာဌာနမှ ဒုတိယလက်ထောက်အတွင်းရေးမှူးနှင့် အဖွဲ့အားတွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်းရှိ ထိခိုက်ခံစားခဲ့ရသူများအား မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေး ဆောင်ရွက်နေမှုများ၊ အလားတူ ဖွဲ့စည်းထားပြီးဖြစ်သည့် လုပ်ငန်းကော်မတီအသီးသီးက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် လတ်တလော အရေးပေါ်ဆောင်ရွက်ပေးနေမှုများ၊ ရေတိုရေရှည် စီမံကိန်းများချမှတ်၍ ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအမံများ၊ ရခိုင်ပြည်နယ်အတွင်း လူဦးရေစစ်တမ်းကောက်ယူရေး ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း နှစ်ဖက်လူ့အဖွဲ့အစည်းအတွက် လူသားချင်းစာနာသည့် အထောက်အကူ ဆောင်ရွက်ရန် ဖိလစ်ပိုင်နိုင်ငံ အစိုးရမှ ပေးပို့လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅ သောင်းနှင့် သက်ဆိုင်သည့် ဘဏ်စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် လူသားချင်း စာနာထောက်ထားသည့် လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဖိလစ်ပိုင်အစိုးရမှ ပေးပို့လှူဒါန်းငွေများကို လတ်တလော ဆောင်ရွက်နေသည့် ထိခိုက်ခံစားခဲ့ရသူများအား မိုးမကျမီအမိုးအကာအောက် ရောက်ရှိရေးလုပ်ငန်းစဉ်များတွင် အကျိုးရှိရှိ ထိရောက်စွာ သုံးစွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ကားဈေးကွက် ဆက်လက်အေးစက်နေ

ရန်ကုန် မေ ၃

ရန်ကုန်ကားဈေးကွက်အတွင်း သင်္ကြန် ပြီးလာခဲ့သော်လည်း အရောင်းအဝယ် ပုံမှန်သာရှိနေကြောင်း သိရှိရသည်။

"ကားဈေးကွက် ကတော့ သင်္ကြန်ပြီးလည်း အရင်အတိုင်းပဲ။ နေရာသစ်မှာ အသားမကျသေးတာရော၊ အရောင်းအဝယ်ပါးတာတွေကြောင့် ပွဲစားတန်းလူသိပ်မစည်ကားပါဘူး"ဟု သီရိမင်္ဂလာကားဝိုင်းက ကိုကျော်ဇေယျာထွန်းက ပြောကြားသည်။

လက်ရှိကားဈေးကွက်အတွင်း ဒေါ်လာဈေးတည်ငြိမ်နေမှုနှင့် ဂျပန်လေလံတန်ဖိုးများ အပြောင်းအလဲမရှိခြင်းတို့အပြင် ဝယ်လိုအားမှာလည်း ကျဆင်းနေခြင်းကြောင့် ကားဝယ်ရောင်း ကိုအေးမင်းထွန်းကဆိုသည်။

ဝယ်သူ ပါးနေခြင်းအတွက် အရောင်းအဝယ်ဈေးကွက်အတွင်းနှင့် ကားအရောင်းစင်တာများရှိ ကိုင်လက်အများစုမှာ ရသင့်သည့်ဈေးထက် လျှော့ရောင်းနေကြရကြောင်း သိရှိရသည်။

"ကျွန်တော်တို့ဆီမှာ သင်္ကြန်ပြီးချိန်ကနေ အခုအချိန်အထိ အလုပ်အကိုင်ဖြစ်တဲ့နေ့က လက်ငါးချောင်းချိုး ရေတွက်လို့ မပြည့်အောင်ဖြစ်နေတာပါ။ ကားဈေးကွက်က တော့ဘာမျှကိုမှန်းလို့ မရသေးပါဘူး။ အခွန်တွေထပ်ပြီးလျှော့ပေးလာမယ်ဆိုမှပဲ ဝယ်ကြတော့မယ်နဲ့တူတယ်" ဟု တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ကားအရောင်းစင်တာတစ်ခု၏ ပိုင်ရှင်တစ်ဦးက အမည်မဖော်လိုသူက ပြောပြသည်။

စလစ်ရောင်းဝယ်ခြင်းများ၌လည်း အမည်ပေါက်ဆိုပါက ငွေကျပ်သိန်း ၉၀ ဝန်းကျင်နှင့် အမည်မပေါက် စလစ်ဆိုပါက ငွေကျပ် ၈၃ သိန်းမှ ၈၅ သိန်းကြားခေါ်ဈေးရှိကာ အပ်နှံရမည့် မော်တော်ယာဉ်များ ဈေးနှုန်းများမှာ ငွေကျပ်သိန်း ၈၀ မှ ၇၀ ဝန်းကျင်သာရှိကြောင်း သိရှိရသည်။

အရောင်းအဝယ်ဖြစ်ခဲ့

လက်ရှိ မင်းရဲကျော်စွာကားပွဲစားတန်းအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများမှာ ဟွန်ဒါဖစ် (၂၀၀၈ မော်ဒယ်)ကို ငွေကျပ် ၁၃၂ သိန်းဖြင့် ရောင်းချခဲ့ပြီး (ကရောင်း ၂၀၀၃)ကို ငွေကျပ် ၃၃၂ သိန်းဖြင့် ပွဲဖြစ်ခဲ့ကာ (တိုယိုတာဘေလ်တာ ၂၀၀၈)ကို ငွေကျပ်သိန်း ၁၄၀ ရရှိခဲ့ကြောင်း သိရသည်။

ခင်ရတနာ

❀ ကျောဖုံးမှ

လူဦးရေ၊ အိမ်ခြေများအပေါ် မူတည်ပြီး စက်ရေတွင်းများကို ကျေးရွာတစ်ရွာလျှင် တစ်တွင်းမှ နှစ်တွင်း၊ သုံးတွင်းစသည်ဖြင့် တိုးတက်တူးဖော်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခုကျင်းပသည့် သန့်ရှင်းသောသောက်သုံးရေရရှိရေး အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၃၇ ဦးက ငွေကျပ် ၇၁၁၂ ဒသမ ၆၅၉ သိန်းကို လှူဒါန်းခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကလည်း ယနေ့ကမ္ဘာကြီးတွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ ရေ၊ စွမ်းအင်နှင့် အစာဟူ၍ ရှားပါးမှု (၃)ခုကို တွေ့လာရပါကြောင်း၊ ယင်းတို့ကို ကုစားနိုင်မည်ဆိုပါက သာယာပျော်ရွှင်သည့် ဘဝကို ပိုင်ဆိုင်ကြရမည်ဖြစ်ပါကြောင်း၊ အချို့နေရာများတွင် ရေသည်ငွေထက် ပိုမိုအရေးကြီးပါကြောင်း၊ ရေသယ် ရေရှာနေရသည့်အချိန်များကြောင့် တိုင်းပြည်၏ လုပ်အားများ ဆုံးရှုံးရပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ရေရှားပါးမှု ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ဝန်ကြီးဌာနများမှ စက်ယန္တရားများကို အသုံးပြုပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်ကို အကျိုးပြုနေသည့် လုပ်ငန်းရှင်များ အနေဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင် ကူညီပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်း၌ ရေရှားပါးမှု၊ ထို့အတွက် ရေရရှိရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားကြသည်။

ယနေ့အလှူငွေ ပေးအပ်ပွဲတွင် လုပ်ငန်းရှင်ကုမ္ပဏီများနှင့် ဝန်ကြီးဌာနများက ပါဝင်လှူဒါန်းခဲ့ကြသည့် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၇၁၂၇ ဒသမ ၆၅၉ သိန်းဖြစ်ပြီး အလှူငွေများကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် ဦးပိုက်ထွေးတို့က လက်ခံခဲ့ကြသည်။

အလှူငွေ လှူဒါန်းမှုမှာ ယူနိုက်တက်အမရာဘဏ် လီမိတက်မှ ကျပ်သိန်း ၁၅၀၀၊ ရွှေတောင်ကုမ္ပဏီများအုပ်စုမှ ငွေကျပ်သိန်း ၁၀၀၀၊ ဦးကိုကိုကြီး- ဒေါ်မိုးမိုး

❀ ကျောဖုံးမှ

အတွယ် ပြည့်မီမှု ရှိ/မရှိ ထပ်မံစစ်ဆေးခဲ့ရာ စက်သုံးဆီအရောင်းဆိုင် ၆၆ ဆိုင်အနက် စက်သုံးဆီအရောင်းဆိုင် ၁၆ ဆိုင်သည် သတ်မှတ်အခြင်အတွယ် ပြည့်မီခြင်းမရှိဘဲ လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

စစ်ဆေးတွေ့ရှိ

ထို့အပြင် ပဲခူးတိုင်းဒေသကြီး ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှလည်း ၄-၄-၂၀၁၃ ရက်နှင့် ၅-၄-၂၀၁၃ ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင် ၄၂ဆိုင်သို့ စက်သုံးဆီဖြန့်ဖြူးရောင်းချရာ၌ အခြင်အတွယ်ပြည့်မီမှု ရှိ/မရှိ စစ်ဆေးခဲ့ရာ စက်သုံးဆီအရောင်းဆိုင် ၂၂ဆိုင်သည် သတ်မှတ်အခြင်အတွယ်ပြည့်မီခြင်းမရှိဆဲ လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမအကြိမ်စစ်ဆေးစဉ်က သတ်မှတ်အခြင်အတွယ်ပြည့်မီခြင်းမရှိသဖြင့် တရားဝင်စာဖြင့် သတိပေးခြင်းပြုလုပ်ခဲ့သည့် စက်သုံးဆီအရောင်းဆိုင် ၂၀ ဆိုင်အနက် စက်သုံးဆီအရောင်းဆိုင် လေးဆိုင်သည် ထပ်မံစစ်ဆေးရာတွင်လည်း အခြင်အတွယ်ပြည့်မီမှုမရှိကြောင်း စိစစ်တွေ့ရှိရသည်။

အရေးယူဆောင်ရွက်

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ၏ စစ်ဆေးမှု နှစ်ကြိမ်စလုံးတွင် သတ်မှတ်ခြင် တွယ်ပြည့်မီခြင်းမရှိသည့် စက်သုံးဆီအရောင်းဆိုင် လေးဆိုင်အား ၂၀၁၃ ခုနှစ် မေလ ၆ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့အထိ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်အား သုံးလအထိလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၃၄ ဆိုင်အား ၂၀၁၃ ခုနှစ် မေလ ၆ ရက်နေ့မှ ဇွန်လ ၅ ရက်နေ့အထိ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို တစ်လအထိလည်းကောင်း ယာယီပိတ်သိမ်းအရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

အထက်ပိုင်းဒေသများ မိုးထစ်ချုန်းမည့် အခြေအနေဖြစ်ပေါ်နေ

နေပြည်တော် မေ ၃

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ကလေးမြို့တွင် ၄၃ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၁ဒသမ ၂၆ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ဒသမ ၀၆ လက်မ၊ ပူတာအိုမြို့တွင် ၁ဒသမ ၀၂လက်မနှင့် ပင်လောင်းမြို့တွင် ၀ဒသမ ၈၃လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သစ်ပင်စိုက်လျှင် ဒီဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း



■ *ရှေ့ဖုံးမှ*

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဝန်ကြီးဌာန (၉)ခုမှ အမှာစာပေါင်း ၆၀ ကျော်ကို တင်သွင်းဆွေးနွေးကြ၍ ကြုံတွေ့ရမည့် စိန်ခေါ်မှုအခက်အခဲများကို ကျော်လွှားသွားရန် နည်းလမ်းရှာဖွေရမည့်အပြင် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် နည်းလမ်းများကို တက်ရောက်လာကြသူများ၏ အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး ဆွေးနွေးအကြံပြု အမြင်ချင်းဖလှယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပညာရေး အဆင့်အတန်းကို အာဆီယံနှင့် ကမ္ဘာ့အဆင့်မီအောင် လက်တွေ့မြှင့်တင်ပေးရန် တာဝန်အရှိဆုံးပုဂ္ဂိုလ်များကလည်း ယခုအစည်းအဝေးကြီးတွင် အကျိုးရှိရှိ အသုံးချ ဆွေးနွေးညှိနှိုင်းတိုင်ပင်ရန်လိုကြောင်း။

မြန်မာပညာရေးအဆင့်အတန်း မြှင့်တင်နိုင်ရေးအတွက် အဆင့်မြင့်ပညာနှင့် အခြေခံပညာကဏ္ဍ နှစ်ရပ်စလုံးတွင် ပြုပြင်ပြောင်းလဲရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကဏ္ဍတွင် အခမဲ့မသင်မနေရ မူလတန်းပညာရေး၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးရေး၊ အခြေခံပညာ စာသင်နှစ် တစ်နှစ်တိုးမြှင့် သင်ကြားရေးနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ ပိုမိုဖွင့်လှစ်နိုင်ရေးတို့ကို တိုးမြှင့်အားပေးသွားကြရန်နှင့် အခြေခံတိုင်းရင်းသား စာပေများကိုလည်း ကျောင်းချိန်ပြင်ပသင်ကြားရေးမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် ကျောင်းချိန်အတွင်း သင်ကြားနိုင်ရေးရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်မြင့် ပညာကဏ္ဍတွင် အာဆီယံနှင့် ကမ္ဘာ့အဆင့်မီပညာရေးစနစ်ဖော်ဆောင်နိုင်ရန်အတွက် ဘွဲ့ကြို၊ ဘွဲ့လွန်ပညာသင်နှစ် တစ်နှစ်တိုးမြှင့်သင်ကြားရေး၊ ကိုယ်ပိုင်တက္ကသိုလ်ဥပဒေပြဋ္ဌာန်းပြီး ပုဂ္ဂလိကတက္ကသိုလ်အခန်းကဏ္ဍ အားပေးနိုင်ရေး၊ လွတ်လပ်သော စီမံခန့်ခွဲမှုဖော်ဆောင်ပြီး တက္ကသိုလ်ရပ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရေး၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစနစ်ပြင်ဆင်ရေး၊ အင်္ဂလိပ်ဘာသာရပ် တိုးမြှင့်သင်ကြားရေးနှင့် စက်မှုသက်မွေးပညာကဏ္ဍ တိုးမြှင့်အားပေးရေးစသည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ တက္ကသိုလ်များသည် ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များ အဖြစ်တည်ဆောက်ကာ မြန်မာ့ပညာရေးကဏ္ဍ မြင့်မားလာစေရေးအတွက် ကြိုးပမ်းအားထုတ် သွားကြရန်လိုအပ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်များ ပညာရေးအဖွဲ့များ ကောင်စီနှင့် တက္ကသိုလ်များဗဟိုကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာအဆင့် ဘက်စုံထူးချွန်စီမံကိန်းကို ပြန်လည်စတင်နိုင်ခဲ့သည့်အပြင် လာမည့် ပညာသင်နှစ်တွင် အဆင့်မြင့်ပညာကဏ္ဍတက္ကသိုလ် ဘက်စုံထူးချွန်စီမံကိန်းကို စတင်တော့မည် ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်ထိ အခြေခံစာတတ်မြောက်ရေး လုပ်ရှားမှုများကို လုပ်အားပေးတက္ကသိုလ် ကျောင်းသားကျောင်းသူ ၁၉၈၅ ဦးနှင့် ဒေသခံလုပ်အားပေးဆရာများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစပြီး အဆင့်မြင့်ပညာကဏ္ဍရှိ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေး တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအထူးပြုဘာသာရပ် တစ်ခုစီ၌ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အထူးချွန်ဆုံး ကျောင်းသား ၁၅ ဦး ရွေးချယ်ပြီး ပါရဂူဘွဲ့ရသည်အထိ ဘာသာရပ်အလိုက် အထူးလေ့ကျင့်ပြုစုပျိုးထောင်ပေးမည့် အစီအစဉ်ကို ယခုကျင်းပသည့် အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေး အတည်ပြုသွားမည်ဖြစ်ကြောင်းဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီ (၁/၂၀၁၃) အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ကောင်စီဝင်များ တက်ရောက်ကြပြီးရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ တက္ကသိုလ်များဗဟိုကောင်စီ (၁/၂၀၁၃) အစည်းအဝေးကို မေ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ကျင်းပသည့်အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မတီနှင့် ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

အုပ်ချုပ်မှု ဒါရိုက်တာ Capital Diamond Star Co., Ltd.မှ ငွေကျပ်သိန်း ၁၀၀၀၊ ဦးအောင်မိုးကျော် မဟာမိတ်ဘီယာ ကုမ္ပဏီလီမိတက်မှ ကျပ်သိန်း ၆၀၀၊ New Day Energy Co., Ltd. နှင့် ဦးအောင်မြတ် Mother Trading & Construction မှကျပ်သိန်း ၅၀၀ စီ၊ ဦးအောင်ကျော်မိုး၊ ပြည့်ဖြိုးအောင် ကုမ္ပဏီလီမိတက်နှင့် ဦးဇော်ဝင်းရှိန် (ဝိတိုရိယဆေးရုံ) တို့က ငွေကျပ်သိန်း ၃၀၀ စီ၊ ဦးအောင်မင်း၊ First Top Co., Ltd. နှင့် ဦးဝင်းလွင်-ဒေါ်မြတ်မြတ်မော် ကျော်သာ ကုမ္ပဏီလီမိတက်တို့က ကျပ်သိန်း ၂၅၀ စီ၊ ဦးစံလင်း၊ SSS ကားရောင်းဝယ်ရေးနှင့် ဒေါက်တာစိုင်းစံထွန်း လွယ်ဟိန်းကုမ္ပဏီလီမိတက်တို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ဦးစိုးညီညီ Feel မိသားစု၊

ဦးကျော်သူအောင်
ဒုတိယညွှန်ကြားရေးမှူး၊
ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဒေါက်တာ မောင်မောင်အေး-ဒေါ်ခင်မိမိလှိုင် မိုးထက်ကမ္ဘာ ကုမ္ပဏီလီမိတက်၊ ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေမိသားစု၊ ဦးစိုင်းကိုကိုအောင် ခေတ်သစ်ဦး ကုမ္ပဏီတို့က အလှူငွေ ကျပ်သိန်း ၅၀ စီ၊ ဦးဗညားဇော် ZMH Universal Trading Co., Ltd.၊ ဦးမြဟန် Fortune International Co., Ltd. နှင့် ဦးအောင်စိုးသာ Myanmar Combis Co., Ltd. တို့က ငွေကျပ်သိန်း ၃၀ စီ၊ ဦးကျော်လင်း LOP Co., Ltd.၊ ဦးမောင်မောင်နှင့်မိသားစု (Chairman) Chu International Co., Ltd.၊ ဦးထင်လင်းအောင်- မထက်ထက်အောင်၊ ဦးမင်းလွင်အောင် သိယ်ရတနာကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီနှင့် ဦးကျော်နိုင်စိုး-ဒေါ်သင်းသင်းဆက် Princess Amara Car Rental Service တို့က ငွေကျပ် ၅ သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ငွေကျပ် ၁၂၅ သိန်း၊ စက်မှုဝန်ကြီးဌာနက ကျပ်သိန်း ၁၀၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငွေကျပ်သိန်း ၄၀၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကျပ် ၂၆ ဒသမ ၆၅၉ သိန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ကျပ်သိန်း ၂၀၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန (၃)၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က ကျပ် ၁၀ သိန်းစီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့က ငွေကျပ် ၃ သိန်းစီနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ငွေကျပ် ၅ သိန်းတို့ ဖြစ်သည်။

အလှူငွေများ လှူဒါန်းပြီးချိန်တွင် ကျော်သာကုမ္ပဏီလီမိတက်မှ ဦးဝင်းလွင်က သန့်ရှင်းသောသောက်သုံးရေရရှိရေး ငွေလှူဒါန်းရခြင်းအကြောင်းအား ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူအများ ပီတိစကား မျှဝေခံစားနိုင်အောင် တာဝန်ရှိသူများနှင့် အလှူရှင်များအား အောက်ပါအတိုင်း မေးမြန်းတင်ပြလိုက်ရပါသည်-

ဦးရဲမြင့်
ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး

အခုက အကုန်အားလုံးဝိုင်းကူညီနေတဲ့အနေအထားပေါ့။ ဒါကို ဝမ်းမြောက်ဝမ်းသာလည်း ကြိုဆိုပါတယ်။ အခုအခြေအနေက အကူအညီ အရမ်းလိုအပ်နေတဲ့ အခြေအနေပဲ။ အဲဒီလို လိုအပ်နေလို့လည်း အစိုးရအနေနဲ့လည်း လုပ်တာကတော့ တောက်လျှောက်ကို လုပ်နေတယ်။ အခုလို လူထုက ဝိုင်းပြီးကူညီတယ်၊ အလှူရှင်တွေက ဝိုင်းကူညီတယ်ဆိုတော့ မြန်မြန်ပြီးသွားမှာပါ။ လိုအပ်ချက်ကို မြန်မြန်ဖြည့်ဆည်းပေးနိုင်တာပေါ့။

မနှစ်က မိုးခေါင်တဲ့အပေါ်မူတည်ပြီးတော့မှ ပထမတော့ရှိတဲ့

‘အခုလို လူထုက ဝိုင်းပြီးကူညီတယ်၊ အလှူရှင်တွေက ဝိုင်းကူညီတယ် ဆို တော့ မြန် မြန် ပြီး သွား မှာ ပါ။ လို အပ် ချက် ကို မြန်မြန် ဖြည့်ဆည်း ပေးနိုင်တာပေါ့’

ဦးရဲမြင့်
ဝန်ကြီးချုပ်၊
မန္တလေးတိုင်း
ဒေသကြီး

ငွေထဲကနေပြီးတော့ သုံးခဲ့တာပေါ့။ အခုတောက်လျှောက်ကို သုံးနေတယ်။ မနှစ်ကလည်း သုံးခဲ့တယ်။ ဖြည့်စွက်အနေနဲ့လည်း သုံးခဲ့တာတွေ လုပ်ခဲ့ပြီးတော့ လာမယ့်နှစ်အတွက်ကိုလည်း ရေကိုပဲ အဓိကထားပြီးတော့ ထည့်ထားတယ်။ ရေအတွက်ဆိုရင် ၄ ဒသမ ၂ ဘီလီယံလောက်ကုန်မယ်။ ဆည်ကန်တွေက ၂ ဒသမ ၆ ဘီလီယံလောက်ကုန်မယ်။ ရေတွင်းက ၁ ဒသမ ၆ ဘီလီယံလောက်ကုန်မယ်။ အခုလည်း တောက်လျှောက်လုပ်နေတယ်။ ဒါပေမယ့်လည်း လုံလောက်တဲ့ အနေအထားတော့ မရှိဘူး။ ဒါပေမယ့်လည်းပဲ ထပ်တူးဖို့တွေ ဆက်လက်ဆောင်ရွက်ရမှာပေါ့။ ဆက်လက်ဆောင်ရွက်ဖို့လည်း အစီအစဉ်ရှိပါတယ်။

ဦးကျော်သူအောင်
ဒုတိယညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုစုစုပေါင်း ၂၀မှာ ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာဆိုလို့ရှိရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းပေါင်း ၆၀၀ ကျော် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်ပြီးတော့လည်း ကျန်တဲ့ JICA အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီးတော့ အပူပိုင်းဒေသရေရရှိရေး လုပ်ငန်းတွေကိုလည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ တွင်းနက်ပေါင်း ၂၀ အတွက် တူးဖော်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုအလှူရှင်ရေပေးရေးအနေနဲ့ ဒီ(၂၁)ကြိမ်မြောက် အလှူရှင်ရေပေးရေးကို ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ အကြိမ် (၂၀) မြောက် အထိကို ပြီးခဲ့တဲ့နှစ်ပိုင်းအထိက ဆောင်ရွက်ပြီးပါပြီ။ အခုဒီနှစ်ပိုင်းတွေမှာ ရာသီဥတုဖောက်ပြန်မှု အနေအထားရော၊ ပိုပြီးပူပြင်းတဲ့အတွက်ရော၊ နွေရာသီ ရေရှားပါးတဲ့ဒေသတိုင်းဒေသကြီးတွေပြည်နယ်တွေဟာ အနှံ့အပြားမှာ ဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ဌာနအနေနဲ့ နိုင်ငံတော်ကရရှိတဲ့ ဘဏ္ဍာရန်ပုံငွေတွေအပြင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်တဲ့ လုပ်ငန်းတွေလည်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ထပ်မံလိုအပ်တဲ့ လုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာ ရေအလှူရှင်တွေ ဖိတ်ခေါ်ပြီးတော့ စေတနာ သဒ္ဓါတရား စိတ်အားထက်သန်စွာနဲ့ သူတို့လှူဒါန်းနိုင်မယ်။ လှူဒါန်းတဲ့ငွေကြေးတွေနဲ့ အထောက်အပံ့တွေနဲ့လည်း ရေတကယ်ရှားပါးပြတ်

ရှိတယ်။ ဘာသာရေးအမြင်နဲ့ပြောလို့ရသလို လူမှုရေးအမြင်နဲ့လည်း ပြောလို့ရပါတယ်။ ဘာသာရေးအမြင်နဲ့ ပြောရရင်တော့ ရေဟာ လူရဲ့အသက်ပါပဲ။ ရေမရှိရင်မဖြစ်ပါဘူး။ ဒါကို လှူဒါန်းတဲ့အတွက် မတောင်းဘဲနဲ့ရတဲ့ ရည်ရွယ်ချက်ပါ။ အဲဒီရည်ရွယ်ချက်အတွက်လည်း ပီတိဖြစ်ပါတယ်။ လူမှုရေးအနေနဲ့ ကျွန်တော်တို့ ရေရှားပါးတဲ့ဒေသမှာ အခက်အခဲဖြစ်နေတာကို လှူဒါန်းခြင်းအားဖြင့် ပိုပြီးမွန်မြတ်သန့်စင်တယ်လို့ ခံစားရပါတယ်။ ပီတိကတော့ အတိုင်းအဆမရှိပါဘူး။ အခုလိုအရေးကိစ္စတွေမှာ ကျွန်တော်တို့ဘဏ်တွေ အနေနဲ့လည်း ဆက်ပြီးတော့ လှူဒါန်းသွားဖို့ရှိပါတယ်။

ကုမ္ပဏီအုပ်စုအနေနဲ့ အင်တိုက်အားတိုက် ဆက်လက်လှူဒါန်းသွားမှာဖြစ်ပါတယ်။

ဒေါ်ရည်မွန်စိုးဝင်း
ဒါရိုက်တာ၊ SSS
ကားထုတ်လုပ်ရေးကုမ္ပဏီ

ရာသီဥတုတွေ ပြောင်းလဲတဲ့အပေါ် အထက်ဒေသတွေမှာ ရေရှားပါးတဲ့ဒဏ်ကို ပြည်သူပြည်သားတွေအားလုံးက ခံစားနေရပါတယ်။ ပူပြင်းတဲ့ရာသီဥတုနဲ့ခံစားနေရတဲ့ အဲဒီလိုနေရာတွေအတွက် အလှူငွေထည့်ဝင်ရတဲ့အတွက် ဝမ်းလည်းဝမ်းသာတယ်။ ဒီလိုအစီအစဉ်တွေ ရှိရင်လည်း ကျွန်မတို့က ထပ်ပြီးတော့လှူဒါန်းဖို့လည်း ရှိပါတယ်။ အဓိကကတော့

ရေရှားပါးသောဒေသများ၌ နိုင်ငံတော်နှင့် စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ရေတွင်းများတူးဖော်ပေးစဉ်။

လပ်နေတဲ့ဒေသတွေကို ဖြန့်ဝေလှူဒါန်းပြီးတော့ ဆောင်ရွက်သွားဖို့အတွက် ရည်ရွယ်ပြီးတော့ အလှူငွေပေးအပ်ပွဲတွေ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို (၀၆၇-၄၀၉၂၁၁)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး (၀၆၇-၄၀၉၃၅၇)ပါ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေးဌာန(၀၆၇-၄၀၉၄၀၇)တို့ကို ဆက်သွယ်ပြီး လှူဒါန်းလိုတဲ့နေ့၊ လှူဒါန်းချင်တဲ့အမျိုးအစားနဲ့၊ လှူဒါန်းမယ့်ငွေကြေးကိုပေးပို့ပြီးတော့ လှူဒါန်းလို့ရပါတယ်။ အလှူရှင်တွေကိုလည်း လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လျက်ရှိပါတယ်။

ဦးသန်းဝင်းဆွေ
အမှုဆောင်အရာရှိချုပ်၊
ယူနိုက်တက်အမရာဘဏ်လီမိတက်

အဓိကကတော့ ကျွန်တော်တို့ ရည်ရွယ်ချက် (၂)ခုပေါ့။ ရည်ရွယ်ချက်(၂)ခုလို့ဆိုတာထက် ပီတိနှစ်ခု

ဦးထွန်းရင်
ဒါရိုက်တာ၊ Capital Diamond Star Co., Ltd.

ကျွန်တော်တို့အနေနဲ့ ရေဖူလုံတဲ့နေရာမှာ နေရတဲ့အတွက်ကြောင့် ရေရှားတဲ့ဒေသက လူတွေကို ကိုယ်ချင်းစာပြီးတော့ ရေနဲ့ပတ်သက်ရင် နေရာတကာလည်း တတ်နိုင်သလောက် လှူဒါန်းပါတယ်။ အခုလည်းသက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း ဦးဆောင်ကမကထလုပ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့လည်း ပါဝင်လှူဒါန်းခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ အနေနဲ့ကတော့ တကယ်ကို လိုအပ်တဲ့နေရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ရေရှားပါးတဲ့နေရာတွေမှာ ရေလှူရတဲ့အတွက် တခြားပစ္စည်းဝတ္ထုလှူဒါန်းရတာထက် အင်မတန်ကြည်နူးပီတိဖြစ်ပါတယ်။

ရှေ့လျှောက်လည်း ကျွန်တော်တို့တောက်လျှောက် လှူမှာပါ။ ကျေးလက်ဒေသတွေ၊ မဖွံ့ဖြိုးသေးတဲ့ဒေသတွေ၊ အခုလိုရေရှားပါးတဲ့နေရာတွေနဲ့ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ နေရာတိုင်းကို ကျွန်တော်တို့

အဲဒီလိုရာသီဥတုပူပြင်းပြီး ရေရှားပါးတဲ့နေရာတွေမှာ ဒီလိုမျိုးလှူဒါန်းတဲ့အစီအစဉ်တွေ ဖြစ်လာတဲ့အတွက်လည်း အများကြီးဝမ်းသာပါတယ်။ ဒီရေရှားပါးတဲ့ဒေသတွေအတွက်ကို အများကြီးကြည်နူးမိပါတယ်။

ဦးအိုက်ထွန်း
ရွှေတောင်ကုမ္ပဏီ

ကျွန်တော်တို့ ရွှေတောင်ကုမ္ပဏီအနေနဲ့ ၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရေတွင်းတူးတဲ့ စက်ကြီးတစ်လုံးကို သီးသန့်ဝယ်ယူပြီး မကွေးဘက်မှာ ခုနစ်ရွာ၊ ရှစ်ရွာကို ရေတွင်းတူးပေးနေပါတယ်။ ရေတွင်း ၁၀၀ ကျော် တူးပေးပါတယ်။ အခုလည်း နိုင်ငံတော်က လုပ်တဲ့အခမ်းအနားမှာ ကျေးလက်ဒေသမှာ သန့်ရှင်းသော သောက်သုံးရေရရှိမှုမှာ ကျွန်တော်တို့မှာလည်း တာဝန်ရှိတဲ့အတွက် ရှားပါးဒေသမှာရှိတဲ့ ပြည်သူတွေရေသန့်သန့်ရှင်းရှင်းနဲ့ ရေလုံလုံလောက်လောက် ရရှိအောင် ရည်ရွယ်ပြီး လာလှူတာဖြစ်ပါတယ်။

(သတင်းစဉ်)

ရေရှားပါးသောဒေသများ၌ နိုင်ငံတော်နှင့် စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ရေတွင်းများတူးဖော်နိုင်ခဲ့မှုကြောင့် သောက်ရေ၊ သုံးရေရရှိခဲ့ရာ ဒေသခံများ ဝမ်းပန်းတသာ လာရောက်သယ်ယူကြစဉ်။

ပြည်တွင်းသတင်း

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အား UNICEF မှ ကိုယ်စားလှယ်များအဖွဲ့ လာရောက်တွေ့ဆုံ

မန္တလေး မေ ၃

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းအား UNICEF မှ Mr. Bertrand Bainvel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်ပြီး ကလေးသူငယ် တရားရုံး(မန္တလေး)သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲ၌ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးနှင့် ကလေးသူငယ်တရားသူကြီးတို့ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

တင်မောင်(မန်း-ကိုယ်ပွား)

မီးသတ်တပ်ဖွဲ့နေ့ စုပေါင်းသွေးလှူဒါန်း

မန္တလေး မေ ၃

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ ရက်က မန္တလေးမြို့ ဗဟိုမီးသတ်တပ်ဖွဲ့ရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၁၀၀ ကျော် သွေးများလာရောက်လှူဒါန်းကြပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ် တာဝန်ခံဆရာဝန်၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ သွေးလှူဘဏ် ဝန်ထမ်းများက သွေးလှူဘဏ် တာဝန်ခံဆရာဝန်၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများ သွေးလှူဘဏ်ဝန်ထမ်းများက သွေးလှူဘဏ် နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် သွေးသန့်များ စစ်ဆေးဖောက်ယူဆောင်ရွက်ပေးကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲကို အမှတ်(၁) တိုင်းဒေသကြီးနှင့် ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်တိုးနှင့် တာဝန်ရှိသူတို့က လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးကြပြီး တပ်ဖွဲ့ဝင်များ လှူဒါန်းခဲ့သည့် AB သွေး ရှစ်အိတ်၊ A သွေး ၂၉ အိတ်၊ B သွေးနှင့် O သွေး ၃၃ အိတ်စီ စုစုပေါင်း သွေးသန့် ၁၀၃ အိတ်ကို ပေးအပ်လှူဒါန်းရာ တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်ခင်မြတ်မွန်က လက်ခံယူပြီး **(ဝဲပုံ)** ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ သွေးလှူရှင်များကိုလည်း အာဟာရများ၊ အားဆေးများ အမှတ်တရလက်ဆောင်ဂုဏ်ပြုဆုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်း-ကိုယ်ပွား)

ကမ္ဘာ့နှစ်အကြာဆုံးခံသောပန်း

ကမ္ဘာမှာရှိသော ပန်းတကာပန်းတွေထက် နှစ်သက်တမ်းအခံဆုံးပန်းကို ပြပါဆိုလျှင် မြန်မာနိုင်ငံအလယ်ပိုင်း ပုပ္ပားနယ်ကထွက်သည့် စကားဝါပန်းများကို ပြဆိုရမည်ဖြစ်ကြောင်း၊ စကားဝါပန်းသည် ရနံ့အလွန်မွှေးကြိုင်ပြီး နှစ်ပေါင်းများစွာ တာရှည်ခံအောင်ထားနိုင်သည့် ပန်းမျိုးဖြစ်ကြောင်း ပုပ္ပားမြို့မှ စကားဝါပန်းရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

“ကျွန်မတို့ ပုပ္ပားနယ်ကထွက်တဲ့ စကားဝါပန်းပုလင်းတွေဟာ အဖုံးမဖွင့်ဘူးဆိုရင် အနှစ် ၅၀၊ ၆၀ အထက်အထိ တာရှည်ခံတဲ့ ပန်းဖြစ်ပါတယ်။ ဒါက အနည်းဆုံးပြောတာပါ။ ဒီထက်လည်း တာရှည်ခံနိုင်ပါတယ်။ ဒါကြောင့် ဒီပန်းကို ကမ္ဘာ့နှစ်အကြာဆုံးခံနိုင်တဲ့ ပန်းလို့ဆိုတာပါ” ဟု မသင်းသင်းက ပြောပြသည်။

“ဒီပန်းတွေက ကျွန်မတို့ ပုပ္ပားမှာ တပို့တွဲ၊ တပေါင်း အရွက်ခြွေတဲ့အချိန်ကလွဲရင် တစ်နှစ်ပတ်လုံးပွင့်ကြပါတယ်၊ စကားဝါပန်းမှာ နှစ်မျိုးရှိတယ်။ တစ်မျိုးက အဝါရင့်ရောင်ဖြစ်ပြီး တစ်မျိုးက အဝါဖျော့ရောင်ဖြစ်ပါတယ်။ အဝါရင့်ရောင်ကတော့ လူကြိုက်ပိုများပါတယ်။ ပန်းတွေတာရှည်ခံအောင် လုပ်တဲ့ နည်းပညာကိုတော့ ကျွန်မတို့ မပြောပါဘူး၊ ဒါကျွန်မတို့ ပုပ္ပားနယ်က စကားဝါပန်းပုလင်းထုတ်လုပ်တဲ့ လျှို့ဝှက်ချက် ဖြစ်ပါတယ်” ဟု မသင်းသင်းက ဆက်လက်ရှင်းပြသည်။

ပုပ္ပားမြို့သည် ပုပ္ပားတောင်၏ တောင်စခန်းမြို့ဖြစ်သည်။ ပုပ္ပားမြို့မှ တောင်ဘက်သို့လာသော ထန်းပင်ထန်းတောများဖြင့် သာယာရှုမောဖွယ် ကျောက်ပန်းတောင်းမြို့ရှိပြီး အကွာအဝေးအားဖြင့် ၁၀ မိုင်အကွာတွင် ရှိပါသည်။ အရှေ့ဘက် ပုပ္ပားတောင်ကြီးနှင့် နှစ်မိုင်ခန့် ကွာဝေးပါသည်။ အနောက်ဘက်တွင်မူ ဗျတ္တပန်းဆက်လမ်းမှတစ်ဆင့် ပုဂံ-ညောင်ဦးသို့ ခရီးဆက်နိုင်ပါသည်။ ပုပ္ပါးမြို့လယ်အဝိုင်းကို စကားဝါပန်းများဖြင့် ပုံဖော်ထားသည်မှာ စကားဝါပန်းသည် ပုပ္ပား၏ သင်္ကေတဖြစ်ကြောင်းကို ဖော်ပြနေပါသည်။ ပုပ္ပားမြို့လယ်တွင် စကားဝါပန်းအရောင်းဆိုင်များ၊ နဂါးမောက်၊ သရက်၊ သင်္ဘော၊ စတော်ဘယ်ရီ အစရှိသဖြင့် သစ်သီးအရောင်းဆိုင်များ ရှိပါသည်။ ပုပ္ပားသည် အထက်အညာ အပူပိုင်းဒေသဖြစ်သော်လည်း သစ်သီးဝလံများ အထူးစိုက်ပျိုးအောင်မြင်ကြောင်း သိရပါသည်။

ပုပ္ပားသို့ရောက်ပြီဆိုလျှင် ဘုရားဖူးခရီးသွားများက အိမ်ပြန်လက်ဆောင်အဖြစ် စကားဝါပန်းပုလင်းများကို ဝယ်ယူလေ့ရှိပါသည်။ စကားဝါပန်းပုလင်းများ အကြီး အသေး အရွယ်

မျိုးစုံရှိပြီး ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများကလည်း ဝယ်ယူကြကြောင်း သိရပါသည်။ ထို့ကြောင့် စကားဝါပန်းများသည် ကမ္ဘာ့နှစ်အကြာဆုံးခံပန်းဖြစ်၍ မြန်မာလူမျိုးတို့ ဂုဏ်ယူမဆုံးရှိကြပါသည်။

(အပေါ်ပုံ) **မောင်နွေသစ်**

ရေနံရှာဖွေရေး ကုမ္ပဏီများကြောင့် ဒေသခံများထိခိုက်လျက်ရှိ

ရေစကြို မေ ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အောက်ဘို၊ မအူ၊ ဗြိတ္တသစ်ကြီးတော၊ ဝက္ကတော၊ သံပြားချောင်း စသည့် ကျေးရွာများနှင့် ဝန်းကျင်တစ်ဝိုက်တွင် ရေနံရှာဖွေရေးကုမ္ပဏီများက ရေနံစမ်းသပ်ရှာဖွေလျက်ရှိကြောင်း သိရသည်။

နစ်နာဆုံးရှုံး

အဆိုပါ ရေနံရှာဖွေရေးကုမ္ပဏီများက ယာဉ်ယန္တရားအစီးရေ ၂၀ ကျော်ခန့်သည် တစ်နေရာမှတစ်နေရာသို့ သွားလာရာ ဒေသခံတောင်သူများ၏ သီးနှံစိုက်ခင်းများအတွင်း စည်းမဲ့ကမ်းမဲ့ ဖြတ်သန်းမောင်းနှင်ကြခြင်းကြောင့် ကုလားပဲခင်းများ၊ ပဲတီစိမ်းခင်းများ ပျက်စီးလျက်ရှိကြောင်း၊ စိုက်ခင်းများအတွင်း အစမ်းတွင်းတူးခြင်း မိုင်းခွဲခြင်းများ ပြုလုပ်ရာတွင် စိုက်ခင်းပိုင်ရှင်များထံ ခွင့်တောင်းခြင်း သဘောတူညီမှုရယူခြင်းမရှိဘဲ ကိုယ်ထင်သလိုဝင်၊ ထင်သလိုလုပ်ကိုင် မိုင်းခွဲခြင်းကြောင့် စိုက်ပျိုးထားသည့် သနပ်ခါးပင်များရာနှင့်ချီ၍ ပျက်စီးရကြောင်း၊ စိုက်ခင်းပိုင်ရှင်များမှာ မည်သူ့ကို ပြောရမည်မသိ၊ မည်သူမှလည်း တာဝန်မယူကြခြင်းကြောင့် ဒေသခံပြည်သူများမှာ နစ်နာဆုံးရှုံးလျက်ရှိကြောင်း ကြားသိရသည်။

ဖေထွဏ်းဇော်-ရေစကြို

ပျော်ဘွယ်(၂)အဆန်ရထားများ တွဲဆိုင်းဖြည့်တင်းပေးစေလို

နတ်မောက် မေ ၃

ပျော်ဘွယ်-ရန်အောင်-ရွာတော်-နတ်မောက် မီးရထားလမ်းပိုင်းမှ ရွာတော်-နတ်မောက် မီးရထားလမ်းပိုင်းကို မတ် ၁၃ ရက်က စတင်ဖွင့်လှစ်ပြေးဆွဲခဲ့သည်။ ပျော်ဘွယ်မှ နံနက် ၅ နာရီထွက်ခွာပြီး နတ်မောက်ဘူတာသို့ နံနက် ၉ နာရီခွဲခန့်တွင် ရောက်ရှိကာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ပြန်လည်ထွက်ခွာပြီး ပျော်ဘွယ်သို့ ညနေ ၅ နာရီခွဲခန့်တွင် ရောက်ရှိကြောင်း သိရသည်။ ဖော်ပြပါရထားကို RBE စက်ခေါင်းပါရထားတွဲ နှစ်တွဲဖြင့် ပြေးဆွဲနေပြီး ခရီးသည်များ လိုက်ပါစီးနင်းမှု အားကောင်းကြောင်းနှင့် နတ်မောက်မြို့နယ်မှ ခရီးသည်များ လိုက်ပါစီးနင်းကြပြီး နေ့စဉ်ခရီးသည် ပျမ်းမျှ ၂၅၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။ အဆိုပါခရီးသည်ဦးရေအရ ပြည်သူများမှ လက်ရှိလူစီးတွဲ နှစ်တွဲအပြင် လူစီးတွဲတစ်တွဲ တိုးမြှင့်ပြေးဆွဲပေးပါက ပိုမိုအဆင်ပြေနိုင်ကြောင်းနှင့် တွဲဆိုင်းတိုးပေးရန် လိုလားနေကြသည်။ နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာများသို့ တင်ပြထားကြောင်း သိရသည်။ မြန်မာ့မီးရထားမှလည်း နိုင်ငံတော်၏ များပြားလှသော ရထားလမ်းကွန်ရက်များတွင် ရထားတွဲများ ဖြန့်ခွဲအသုံးပြုနေရသဖြင့် မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာနနှင့် သွားလာပို့ဆောင်ရေးဌာနတို့က လူစီးတွဲတိုးပေးနိုင်ရေးကို စီစဉ်နေကြောင်း သိရသည်။

(အောက်ပုံ) **(၁၂၇)**

ဆောင်းကြက်သွန်နီများ ဈေးကွက်သို့ဝင်လာပြီ

မကွေး မေ ၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပင်းချောင်းဒေသတစ်ဝိုက်က ကြက်သွန်နီစိုက်ခင်းများ ဧပြီ ဒုတိယပတ်ထဲတွင် တူးဖော်ကြကာ ဈေးကွက်အတွင်း ဝင်ရောက်လာနေကြောင်း သိရသည်။

သင်္ကြန်မတိုင်မီ ကြက်သွန်နီဈေးမှာ အထက်စ တစ်ပိသာ ငွေကျပ် ၂၇၅၊ အလတ်စ ငွေကျပ် ၂၅၀၊ အောက်စ ငွေကျပ် ၁၀၀ ရှိခဲ့ပြီး တဖြည်းဖြည်းနှင့် အထက်စ ငွေကျပ် ၂၅၀၊ အလတ်စ ငွေကျပ် ၂၀၀၊ အောက်စ ငွေကျပ် ၁၅၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြသည်။ သင်္ကြန်ပွဲတော်အပြီးတွင် ကြက်သွန်နီ(ထိပ်စ) တစ်ပိသာ ငွေကျပ် ၂၉၀၊ အလတ်စ ငွေကျပ် ၂၅၀၊ အောက်စ ငွေကျပ် ၂၀၀ ဈေးဖြင့် စဖွင့်ခဲ့သည်။ ဧပြီ ၂၅ ရက် နောက်ပိုင်းတွင် အထက်စ တစ်ပိသာ ငွေကျပ် ၃၄၀၊ အလတ်စ ငွေကျပ် ၃၀၀၊ အောက်စ ငွေကျပ် ၂၀၀ သို့ တက်ရိပ်ပြလာသည်။

၂၀၁၂ ခုနှစ် ဧပြီလတွင် ကြက်သွန်နီဝင်ကာစ ဈေးသည် အထက်စ တစ်ပိသာ ငွေကျပ် ၃၂၅၊ အလတ်စ ငွေကျပ် ၃၀၀၊ အောက်စ ငွေကျပ် ၂၀၀ ဈေးရှိပြီး ယခင်နှစ် ဈေးနှင့် ယှဉ်သောအခါ ထိပ်စကြက်သွန်နီသည် တက်ရိပ်ပြလာသည်ကို တွေ့ရှိရသည်။

လှမြင့်

စိုက်ပျိုးစရိတ်ချေးငွေများ တောင်သူများထံပေးအပ်မည်

နတ်မောက် မေ ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အမှန်တကယ် စိုက်ပျိုးတောင်သူများထံ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

“မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကျွန်တော်တို့ တောင်သူ၊ လယ်ယာစိုက်ပျိုးသူတွေအတွက် စပါးစိုက်ပျိုးစရိတ်တစ်ဧကေ ငွေကျပ်တစ်သိန်းနှုန်းနဲ့ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစိုက်ပျိုးမှုအတွက် တစ်ဧကေ ငွေကျပ် နှစ်သောင်းနှုန်းပေးမယ်။ ချေးငွေအတိုးနှုန်းက ငွေကျပ် ၁၀၀ ကို တစ်လ ၇၁ ပြားဖြစ်လို့ ဝမ်းသာရပါတယ်။ အပြင်မှာ စိုက်ပျိုးဖို့ ငွေချေးရင် ငွေကျပ် ၁၀၀ ကို အတိုးနှုန်းက ၁၀ ကျပ်မှ ၂၀ ကျပ်အထိ ပေးရပါတယ်”ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက တောင်သူများအတွက် စိုက်ပျိုးသီးနှံထုတ်လုပ်မှုလိုအပ်သည့် အရင်းအနှီးချေးငွေပေးရာတွင် လူမှန်၊ ဧကမှန်၊ ချေးငွေမှန်ကန်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ချေးငွေစည်းမျဉ်းများနှင့်အညီ တောင်သူများထံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နတ်မောက်သား

ဘရိတ်ပေါက်ယာဉ်ကြောင့် နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

လားရှိုး မေ ၃

မန္တလေးမှ မူဆယ်မြို့သို့ ယာဉ်မောင်း သိန်းရွှေ (အသက် ၂၇ နှစ်) နမ့်ဆန်မြို့နေသူ မောင်းနှင်လာသော ဆောက်လုပ်ရေးသံချောင်းများ တင်ဆောင်လာသည့် နီဆန်းဒီဇယ်(၁၂) ဘီး ယာဉ်အမှတ်-၃ခ /. . . သည် လားရှိုးမြို့ ပြည်ထောင်စုလမ်းမကြီး ကုန်းဆင်းအတိုင်း မောင်းနှင်လာစဉ် "အမေ့အိမ်" စားသောက်ဆိုင် အလွန်တွင် ဘရိတ်ပေါက်၍ လမ်းယာဘက်ဘေးရှိ လျှပ်စစ်ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိသည်။ ထိုမှတစ်ဆင့် အရှိန်တိုးမြင့်လာကာ လမ်းလယ်ကျွန်း၏တစ်ဖက် ဆန့်ကျင်ဘက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း မိုးထက်ကျော် (၂၄ နှစ်) နောင်ချိုမြို့နေသူ မောင်းနှင်လာသည့် (FOTON-COLLIN)အမျိုးအစား၊ (၃)တန်လိုက်ထရပ်ယာဉ်၏ ယာနောက်ပိုင်းကို ထပ်မံတိုက်မိခဲ့သည်။ ထို့နောက် ယာဉ်မောင်းသိန်းနိုင်ဦး (၃၅ နှစ်)၊ လားရှိုးမြို့နေသူ မောင်းနှင်လာပြီး နောက်တွင်မနီနီလွင် စီးနင်းလိုက်ပါလာသော KENBO ဆိုင်ကယ်ယာဉ်အမှတ် လရ/. . .ကို တိုက်မိပြီး၊ ဆက်လက်၍ လမ်းဘေးတွင် ရပ်တန့်ထားသော လူမဲ့ဆိုင်ကယ်နှစ်စီးကို ထပ်မံတိုက်မိကာ ကားမှာ အရှိန်လွန်၍ လမ်းဘေးရှိ ဒေါ်ခင်ယု၏ နေအိမ်ခြံဝင်း ချိုင့်ဝှမ်းမြေကွက်လပ်အတွင်းသို့ ပြုတ်ကျတိမ်းမှောက်ပြီး ယာဉ်မှာ ပက်လက်လန်၍ ရပ်တန့်သွားခဲ့သည်။ ယာဉ်မောင်းသိန်းရွှေမှာ သေဆုံးသွားခဲ့ပြီး ၎င်း၏ ညီမတော်စပ်သူ မခင်မေသင်းတွင် ဒဏ်ရာများ ရရှိသွားခဲ့သည်။ ဆိုင်ကယ်ယာဉ်မောင်းကိုသက်နိုင်ဦးသည် ဦးခေါင်းကွဲကြေ၍ ပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး ကားနောက်မှ စီးနင်းလာသူ မနီနီလွင်တွင် ဒဏ်ရာများရရှိပြီး သတိမေ့မြောသွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

နေမျိုးနွယ်

ခွေးရူးအကိုက်ခံရ၍ လူသုံးဦးသေဆုံး

နေပြည်တော် မေ ၃

ဧပြီ ၃၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဂရုကျေးရွာ၌ ခွေးရူးအကိုက်ခံရ၍ လူကြီးနှစ်ဦးနှင့် ကလေးတစ်ဦး သေဆုံးကြောင်း သတင်းအရ မြင်းမူရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူများမှာ ယင်းကျေးရွာနေ ဦးချစ်ရွှေ(၇၂ နှစ်)နှင့် ဦးချစ်ရွှေ၏ ဇနီး ဒေါ်ခင်ရွှေ (၇၃ နှစ်)နှင့် မြစ်တော်စပ်သူ မောင်ပြည့်ဖြိုးဝေ(ခ) ပြေတီဦး လေးနှစ်တို့ဖြစ်ကြောင်း သိရသည်။ စစ်ဆေးချက်အရ မောင်ပြည့်ဖြိုးဝေ(ခ) ပြေတီဦးအား ဧပြီ ၂၅ ရက်နေ့တွင်လည်းကောင်း၊ ဦးချစ်ရွှေနှင့် ဒေါ်ခင်ရွှေတို့အား ဧပြီ ၂၆ ရက်တွင်လည်းကောင်း ၎င်းတို့မွေးထားသော ခွေးရူးရောဂါဖြစ်နေသည့်ခွေးမှ ကိုက်ခဲ့သဖြင့် မောင်ပြည့်ဖြိုးဝေ(ခ)ပြေတီဦးသည် ဧပြီ ၂၉ ရက် ညနေ ၄ နာရီ၊ ဒေါ်ခင်ရွှေသည် ည ၈ နာရီ နှင့်၊ ဦးချစ်ရွှေသည် ည ၉ နာရီတို့တွင် ခွေးရူးပြန်ရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြင်းမူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောချောင်းဦးရဲစခန်းမှ တပ်ဖွဲ့ဝင်များက အဆိုပါ ခွေးရူးကိုက်မိခဲ့သည့် အခြားခွေးများကို သုတ်သင်ရှင်းလင်းခဲ့ကြောင်းနှင့် ခွေးရူးရောဂါ ဆက်လက်ပြန့်ပွားမှု ရှိ/မရှိ စောင့်ကြည့်လျက်ရှိကြောင်း သတင်းရရှိသည်။

ဇာနည်

ကြော်ငြာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရန်ကုန် မေ ၃ **ရွှေဈေးနှုန်း**

အကယ်ဒမီအခေါက်ရွှေ	တစ်ကျပ်သား	၇၁၀၈၀၀
၁၅ ပဲရည် အောင်သမာဓိ	တစ်ကျပ်သား	၆၇၀၀၀၀ ဝန်းကျင်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး

(က)	အမေရိကန်	(တစ်ဒေါ်လာ)	၈၉၈ ကျပ်
(ခ)	ယူရို	(တစ်ယူရို)	၁၁၇၄ ကျပ်
(ဂ)	စင်ကာပူ	(တစ်ဒေါ်လာ)	၇၂၈ ကျပ်
(ဃ)	တရုတ်	(တစ်ယွမ်)	၁၃၇ ကျပ်
(င)	ထိုင်း	(တစ်ဘတ်)	၂၈. ၅ ကျပ်
(စ)	အိန္ဒိယ	(တစ်ရူပီး)	၁၆. ၁၁ ကျပ်

စက်သုံးဆီဈေးနှုန်းများ

(က)	ဓာတ်ဆီ	(တစ်လီတာ)	၈၁၄ ကျပ်
(ခ)	ဒီဇယ်ဆီ	(တစ်လီတာ)	၈၆၀ ကျပ်
(ဂ)	အောက်တိန်း ၉၂	(တစ်လီတာ)	၈၆၀ ကျပ်
(ဃ)	အောက်တိန်း ၉၅	(တစ်လီတာ)	၁၀၇၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း

စဉ်	အမျိုးအမည်	ဈေးနှုန်း
၁။	ငါးကြင်း	၂၈၀၀-၃၁၀၀
၂။	ငါးခူ	၂၅၀၀-၅၅၀၀
၃။	ငါးမြစ်ချင်း	၁၈၀၀-၂၂၀၀
၄။	ငါးရံ့	၃၂၀၀-၆၀၀၀
၅။	ကင်းမွန်	၂၂၀၀-၄၀၀၀
၆။	ပုစွန်တုပ်	၈၈၀၀-၂၉၅၀၀
၇။	ပုစွန်(ကျော့)	၃၅၀၀-၇၈၀၀
၈။	ကြက်	၄၅၀၀-၉၀၀၀
၉။	ဝက်	၃၈၀၀-၈၀၀၀
၁၀။	အမဲ	၃၈၀၀-၆၀၀၀
၁၁။	ဆိတ်	၉၀၀၀-၁၄၀၀၀
၁၂။	ငါးဖယ်	၆၀၀၀-၉၀၀၀

ခင်ရတနာ-စုစည်းသည်

ပထမအမျိုးသားအာမခံ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

First National Insurance Public Co., Ltd.

ပထမအမျိုးသားအာမခံ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (First National Insurance Public Co., Ltd.) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၃၇၈/၂၀၁၃-၂၀၁၄ (၂၉-၄-၂၀၁၃)ရက်စွဲဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသည်။

ဤအများပိုင်ကုမ္ပဏီသည် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေလိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for Commencement of Business) ရရှိသည့်အခါ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူများသို့ အစုရှယ်ယာများ ရောင်းချမည့် အစီအစဉ်ကို အသေးစိတ် ထပ်မံကြေညာသွားမည်ဖြစ်ပါကြောင်းကို အသိပေး အကြောင်းကြားအပ်ပါသည်။

ပထမအမျိုးသားအာမခံ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

First National Insurance Public Co., Ltd.

အမှတ်(၇)၊ ပြည်ထောင်စုရိပ်သာ၊

ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစားသတင်း

ဘင်ဖီကာ ဗိုလ်လုပွဲတက်ပြီ

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ဘင်ဖီကာနှင့် ဖီနာဘာချီတို့ လစ္စဘွန်းမြို့၌ မေ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘင်ဖီကာက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘင်ဖီကာအတွက် အော်စကာကာဒူဇိုက နှစ်ဂိုး-သွင်းယူပေးခဲ့သည်။ ယင်းဂိုးများမသွင်းမီ ဒက်ကွတ်ဇ်က ဖီနာဘာချီအတွက် ပယ်နယ်တီဖြင့် ဦးဆောင်ဂိုးသွင်းယူသည်။ ယင်းပယ်နယ်တီမသွင်းမီ ကိုက်တန်က ပွဲစပြီး ၉ မိနစ်အကြာ ဘင်ဖီကာအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဘင်ဖီကာက နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ လာမည့် မေ ၁၅ ရက်တွင် အမ်စတာဒမ်မြို့၌ ချယ်လ်ဆီးနှင့်ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ဘင်နီတက်ဇ်ဖလားမျှော်မှန်းနိုင်ပြီ

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ချယ်လ်ဆီးနှင့် ဆွစ်ဇာလန်ကလပ် ဘေဆယ်တို့ မေ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘေဆယ်အသင်းက ပွဲစပြီးမကြာမီ ပထမအကျော့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားမှုကို ပြန်လည်ရှုံးကြွေးဆပ်ရန် ကြိုးစားခဲ့ရာ ပွဲချိန် ၄၅ မိနစ်တွင် ဆာလက်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ သို့သော် အိမ်ရှင်ချယ်လ်ဆီးက ဒုတိယပိုင်းတွင် ၁၀ မိနစ်အတွင်း သုံးဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက်ဂိုးများကို တောရက်စ်၊ မော့ဆက်နှင့် ဒေးဗစ်လုစ်တို့က သွင်းယူခဲ့သည်။ ချယ်လ်ဆီးက နှစ်ပွဲပေါင်း ငါးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ပြီဖြစ်သည်။

ဂါရက်ဘေးလ် အကောင်းဆုံးဆု ဆွတ်ခူးပြန်

စပါးတိုက်စစ်မှူး ဂါရက်ဘေးလ်သည် ဘောလုံးအားကစား ကလောင်ရှင်များ၏တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးသွားပြီဖြစ်သည်။ အသက် ၂၃ နှစ်ရှိ ဂါရက်ဘေးလ်သည် လွန်ခဲ့သည့် သီတင်းပတ်က ကြေးစားဘောလုံးသမားများအသင်း (ပီအက်ဖ်အေ)က ချီးမြှင့်သော အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူးခဲ့ပြီးနောက် ယခုတစ်ဖန် အားကစားကလောင်ရှင်များ၏ ဆုကိုလည်းဆွတ်ခူးနိုင်ခဲ့သည်။ ဘေးလ်သည် ယခုနှစ် ပရီမီယာလိဂ် ၂၉ ပွဲတွင် ၁၉ ဂိုးသွင်းယူခဲ့သည်။ မန်ယူမှ ဗန်ပါစီက ဒုတိယရပြီး ချယ်လ်ဆီးမှမာတာက တတိယရခဲ့သည်။

ကောင်းမြတ်သူ ရေးသည်

ဒေါ့မွန်နဲ့ဘိုင်ယန်မြူးနစ် ဘွန်ဒက်စ်လီဂါမှာ ထိပ်တိုက်ဆုံပြီ

မိုးမြင့်လင်းလက် ရေးသည်

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ ဂျာမန်အသင်းတွေခြေစွာခဲ့ပြီး ဂိုးပြတ်သွင်းကာ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်ခဲ့တာမို့ ကမ္ဘာ့ပရိသတ်တွေလည်း ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်တွေဆီကို အာရုံရောက်နေချိန်ပါ။ မေ ၄ ရက်မှာ ကစားမယ့် ဘွန်ဒက်စ်လီဂါပွဲစဉ် ၃၂ မှာ တိုက်တိုက်ဆိုင်ဆိုင် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတက်ရောက်ခဲ့ကြတဲ့ ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ ထိပ်တိုက်ဆုံတွေ့ကြတာမို့ ပရိသတ်တွေအတွက် ချန်ပီယံလိဂ်ဗိုလ်လုပွဲအကြိုအဖြစ် ရင်ခုန်စွာ အကဲခတ်ကြည့်ရှုအားပေးကြရဦးမှာ ဖြစ်ပါတယ်။

ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်

နှစ်သင်းစလုံးအတွက် အကဲစမ်းမယ့်ပွဲဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်ဘောလုံးရာသီရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ် ၃၁ ပွဲ ကစားပြီးတဲ့အချိန်မှာ တစ်ပွဲပဲရှုံးထားတာဖြစ်ပါတယ်။ ရလဒ်ကောင်းကစားတတ်တဲ့ ဘိုင်ယန်မြူးနစ်က ဒီပွဲမှာ အမာခံကစားသမား အကုန်ထုတ်သုံးပြီး အစွမ်းပြပွဲမလားဆိုတာလည်း သံသယဝင်စရာကောင်းနေပါတယ်။ ဘွန်ဒက်စ်လီဂါအတွက်ရလဒ်က အရေးမပါတဲ့ ပွဲစဉ်ဖြစ်နေတာမို့ ဒေါ့မွန်တို့ကလည်း လူအား၊ ကစားအားကို ချိန်ဆပြီး ကစားဖို့ရှိမှာပါပဲ။ နှစ်သင်းစလုံးအနေအထားကိုကြည့်ရင် တိုက်စစ်ပိုင်းနဲ့ခံစစ်ပိုင်းတွေမှာ အိမ်ရှင်ဒေါ့မွန်တို့ ဘိုင်ယန်မြူးနစ်ကို မမီပါဘူး။ ဒေါ့မွန်ခံစစ်မှူးတွေ အမှားအယွင်းကင်းကင်းနဲ့ ကစားနိုင်

တဲ့စွမ်းရည်တွေရှိလာတာကလည်း သတိပြုစရာဖြစ်လာတာမို့ ပြိုင်ဘက်အသင်းကစားပုံလိုက်ပြီး ကစားအားအတက်အကျ ကစားတတ်တဲ့ ဒေါ့မွန်တို့အနေနဲ့ ရလဒ်ကောင်းအောင်ကြိုးစားဖို့ ရုန်းကန်ရပါလိမ့်မယ်။

နူရင်ဘတ်နှင့်ဘေယာလေဗာကူဆင်

ဘေယာလေဗာကူဆင်တို့ အမှတ်လိုအပ်နေတာမို့ အိမ်ကွင်းဆိုပေမယ့် နူရင်ဘတ်တို့ သိပ်တော့မလွယ်ပါဘူး။ ပြီးခဲ့တဲ့ပွဲမှာ ဟိုဖန်ဟင်းကို ရှုံးထားတဲ့ နူရင်ဘတ်ဟာ ဒီပွဲမှာ အမှတ်ယူနိုင်မလားဆိုတာ ကြည့်ရမှာပါ။ ဒါပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဘေယာလေဗာကူဆင်တို့ ခြေကုန်ထုတ်မှာမို့ နူရင်ဘတ်တို့ အပျော်အပြီးတွေ ခံစားရဖို့ အခြေအနေမပေးနိုင်ပါဘူး။

မွန်ချန်နှင့် ရှော်လ်ကေး

ချန်ပီယံလိဂ် ဝင်ခွင့်အတွက် ရှော်လ်ကေးတို့လည်း မျှော်လင့်ချက်မစွန့်သေးတာမို့ အဝေးကွင်းဆိုပေမယ့် ရှော်လ်ကေးတို့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ရှော်လ်ကေးရဲ့ အားနည်းချက်က ခံစစ်ကြောင်းကျိုးပေါက်နေတာပဲ ဖြစ်ပါတယ်။ အိမ်ရှင် မွန်ချန်တို့ကလည်း တိုက်စစ်စွမ်းရည်ကျဆင်းနေတာမို့ မျှော်လင့်ချက်တော့ ကြီးကြီးမားမား ထားလို့မရပါဘူး။ ရှော်လ်ကေးကိုပဲ နှစ်သက်စိတ်ဖြစ်မိပါတယ်။

ဖရန့်ဖတ်နှင့် ဒက်ဆယ်ဒေါ့ဖ်

တန်းမဆင်းရရေး ရုန်းကန်မယ့် ဒက်ဆယ်ဒေါ့ဖ်တို့အတွက်တော့ အဝေးကွင်းဆိုပေမယ့် အပြင်းအထန်ကြိုးစားမယ့် အနေအထားရှိနေပါတယ်။ ဖရန့်ဖတ်တို့ကလည်း ရပ်တည်မှုကောင်းအောင် ကြိုးစားမှာမို့ ဒက်ဆယ်ဒေါ့ဖ်တို့ အခက်အခဲနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဖရန့်ဖတ်တိုက်စစ်မှူးမိုင်ရာ ခြေပေါ်ရင်တော့ ဒက်ဆယ်ဒေါ့ဖ်တို့ ရင်မောရမယ့်ကိန်းပါပဲ။ ။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ဝီဂန်နောက်ခံကစားသမား ဖီဂွိုယိုရာဒဏ်ရာရရှိပြီး ပရီမီယာလိဂ်လက်ကျန်ပွဲများနှင့်လွဲဖွယ်ရှိကြောင်း ဝီဂန်တာဝန်ရှိသူများက ပြောကြားသည်။
- အင်္ဂလန်လိဂ်ဝမ်းကလပ် နော့ကောင်တီအသင်းတိုက်စစ်မှူး အာကွင်အား စာချုပ်သစ်ထပ်မံချုပ်ဆိုမည်ဖြစ်သည်။
- ဂျူဗင်တပ်စ် ကွင်းလယ်ကစားသမား ပီရာလိုကို ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းက ကမ်းလှမ်းလျက်ရှိသည်။
- ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစကီးကစားပုံကို မန်ယူနည်းပြဖာဂူဆန်က နှစ်ခြိုက်လျက်ရှိပြီး ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- မက်ဆီမကစားနိုင်ခြင်းသည် အသင်းထိခိုက်မှုဖြစ်ကြောင်း ဘာစီလိုနာ နောက်ခံလူပီကေးက ပြောကြားသည်။
- အာဂျန်ရော်ဘင်သည် ခြေစွမ်းပြနိုင်ဆဲကစားသမားဖြစ်ပြီး ဘိုင်ယန်မြူးနစ်၌ ရှိသင့်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ဂွါဒီယိုလာက ပြောကြားသည်။
- ဘာစီလိုနာသည် ဘိုင်ယန်မြူးနစ်အား နှစ်ကျော့စလုံးဂိုးမသွင်းနိုင်ခြင်းမှာ စိတ်ပျက်ဖွယ်ကောင်းကြောင်း မက်ဆီက ပြောကြားသည်။
- ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား အလွန်ဆိုအား ချယ်လ်ဆီးက ခေါ်ယူရန် ဆန္ဒရှိနေသည်။
- မန်ယူတိုက်စစ်မှူး ရွန်းနေအား အီတလီထိပ်တန်းကလပ်များဖြစ်သည့် အင်တာမီလန်၊ အေစီမီလန်နှင့် ဂျူဗင်တပ်စ်တို့က ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မူလာအား စပါးအသင်းက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။

ပျောက်ဆုံးကြောင်း

မမြသက်မောင် ၁၂/မရက(နိုင်)၁၅၁၀၈၉ ၏ နိုင်ငံကူးလက်မှတ် ၉၅၉၂၆၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၈၃၀၂၂

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်မောင်လွင် ၉/ပမန(နိုင်)၁၂၉၄၅၃၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၄၄၂၀၇၆၆၀၉

အမှတ် ၁၄၁၊ စံပြ ၅လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ တိုက်သစ်၏မြေညီထပ် (ခြေရင်းခန်း)နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းသစ်သည် ကန်ထရိုက်တာ ဦးမျိုးသန့်အောင် ၁၂/ကမရ(နိုင်) ၀၂၆၅၀၁ထံမှ ဦးလွင်ချို ၁၄/ဖပန(နိုင်)၀၂၆၅၀၁က ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက် ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စန်းမူ (စဉ်-၈၂၅၇)
B.A(Law),LL.B
(တရားလွှတ်တော်ရှေ့နေ)

ဦးခင်စိုး (စဉ်-၂၈၇၅)
LL.B (တရားလွှတ်တော်ရှေ့နေ)
အမှတ် ၂၀၃၊ ဒုတိယထပ်၊ အမှတ် ၅၆၃၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၄၈၅၃၆

အများသိစေရန် အသိပေးကြေညာချက်

[illegible]

ယခင်စိန်ဂျိုးဇက်၊ ၁၉၆၅ခုနှစ် အထက(၃) ယခု အထက(၂)လှိုင်ကော်၏ အငြိမ်းစား ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲ

ကယားပြည်နယ်၊ လှိုင်ကော်မြို့ ယခင်စိန်ဂျိုးဇက်၊ ၁၉၆၅ခုနှစ် အထက(၃)၊ ယခု အထက(၂)လှိုင်ကော်၏ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများ(အားလုံး)၏ အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် မေ ၁၉ ရက် နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် နေရာအသီးသီးတွင် ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူများအားလုံး သိရှိတက်ရောက်ပေးနိုင်ရန်နှင့် အလှူငွေများကိုလည်း ဆက်လက်လှူဒါန်းပေးနိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

အလှူငွေလှူဒါန်းရန်ဘဏ်စာရင်းအမှတ်-ကမ္ဘောဇဘဏ်(လှိုင်ကော်)
-၀၃၇-၀၁၂၀၀၀၀၉၂၅

အသေးစိတ်စုံစမ်းရန် ဖုန်း-၀၉-၅၆၀၀၅၀၅

[illegible]

အမြန်ပြန်လာပါ

ဦးရွှေလှိုင်-ဒေါ်ညွန့်ဝေတို့၏သမီး မစီစီလှိုင် ၁၀/ပမန(နိုင်)၁၅၃၉၉၉အား အပြစ်အားလုံးကို ခွင့်လွှတ်သည်။ ရောက်ရာအရပ်က မိဘဖြစ်သူတို့ထံ အမြန်ပြန်လာပါရန်နှင့် လက်ခံထားသူအား တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ဦးရွှေလှိုင်-ဒေါ်ညွန့်ဝေ

မီးဘေးရှောင် မလောင်ခင်တား

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးရွှေလှိုင်-ကျွန်မ ဒေါ်ညွန့်ဝေတို့၏သမီး မနှယ်နီလှိုင် ၁၀/ပမန(နိုင်) ၁၇၀၃၃၈သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးရွှေလှိုင်-ဒေါ်ညွန့်ဝေ

သွေးချင်းတို့ဌာနေ ရတနာမြေမှ ကိုယ်တွေ့ခရီးသွားမှတ်တမ်း

သာဉာဏ် (ရန်ကင်း)

[illegible]

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး (၇/၂)၊ နတ်သျှင်နောင် (၁)လမ်း၊ အမှတ် ၂/၄၆၆ နေ ကျွန်တော် ဦးသိန်းထူး ၇/ပခန(နိုင်)၁၈၆၇၇၉ နှင့် ကျွန်မ မဝင်းဝင်းရီ ၇/ပခန(ပြု) ၀၀၁၄၂၅ တို့၏သား မောင်လှထွန်းဝင်းသည် မိဘ၏ ပြောဆိုဆုံးမစကားကို မနာခံပါသဖြင့် ၁၄-၄-၂၀၁၃ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း။

(စုံစမ်းမေး မြန်းခြင်းသည်းခံပါ)

ဦးသိန်းထူး-မဝင်းဝင်းရီ
ရွှေနှင်းဆီကွမ်းယာဆိုင်၊ ပြင်စီဈေး
ဥသာမြို့သစ်၊ ပဲခူးမြို့

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မဓာဝီလမ်း၊ အမှတ်(၅၇၅)နေ (ဦးမြင့်သိန်း)-ဒေါ်နီနီအောင် ၁၂/ဥကမ(နိုင်)၀၆၀၅၃၂၏သား မောင်အောင်ပြည့်ဖြိုး ၁၂/ဥကမ(နိုင်)၂၃၅၅၆၄သည်မိခင်ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်နီနီအောင်

အကောက်အခွန်မဲ့ပစ္စည်းတန်ဖိုးသန်းပေါင်းများစွာဖော်ထုတ်နိုင်ခဲ့သည့် မူဆယ် (၁၀၅) မိုင်နယ်စပ်ကုန်သွယ်ရေးဇုန် Mobile Team

အယ်လ်စိုး (မူဆယ်)

ယနေ့နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးဆောင်ရွက်ချက်များ ပြောင်းလဲတိုးတက်နေသော ပကတိအခြေအနေမှာ လွန်ခဲ့သောနှစ်နှစ်ကနှင့်မတူ၊ အမှန်ပင် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ရောက်ရှိ စတင်ရွေ့လျားနေပြီဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများသာမက နိုင်ငံရပ်ခြားတိုင်းပြည်များကပင် မျှော်လင့်မထားသော ပြောင်းလဲမှုကြီး၊ အေးချမ်းစွာအသွင်ပြောင်းတိုးတက်မှုဟူ၍ အံ့မခန်းချီးမွမ်းကြ၊ အသိမှတ်ပြုနေကြပြီဖြစ်သည်။

သို့သော် ထိုလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်သွားလာနေနိုင်ပြီဟူ၍ကားမဆိုနိုင်သေးပါ။

ပြောင်းလဲနေပြီဖြစ်သော နိုင်ငံရေးအကူးအပြောင်းကောင်းသို့ ချိတက်နိုင်ရန် နိုင်ငံ့အင်အား အာဟာရတည်းဟူသော စီးပွားရေးအင်အား တောင့်တင်းရန်လိုအပ်ပါသည်။ စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာရန်အတွက် မှန်ကန်သောစည်းစနစ်အောက်တွင် နိုင်ငံသားတိုင်း စီးပွားရှာမှီးခွင့်နှင့် အကာအကွယ်ခံစားခွင့်ရှိရပေသည်။ စီးပွားရှာမှီးခွင့်နှင့်အတူ အကာအကွယ်ခံယူသူတိုင်းကလည်း နိုင်ငံတော်ပြည်သူ့ဘဏ္ဍာသို့ သတ်မှတ်သောအခွန်များ ပေးဆောင်ရသည်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်။

သို့သော် အချို့သော မှောင်ခိုစီးပွားရေးသမားများသည် တစ်ကိုယ်ကောင်းဆန်စွာဖြင့် နိုင်ငံ့မျက်နှာကိုမကြည့်၊ ရေရှည်အကျိုးစီးပွားကို မကြည့်ဘဲ ဈေးကွက်စီးပွားရေးစနစ်၏ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းများ မှန်မှန်ကန်ကန်ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်ချက်များကို ဖျက်လိုဖျက်ဆီးပြုလုပ်နေကြသည်ကို တွေ့ရှိနေရသည်။ မြန်မာနိုင်ငံတော်မြေပုံတွင် အရှေ့မြောက်ဘက်ရှိ တံခါးမကြီးဟုဆိုနိုင်သော မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်စခန်းသည် နိုင်ငံတော်၏ ပြည်ပကုန်စည် ၇၅ ရာခိုင်နှုန်း ဖြတ်သန်းစီးဆင်းရာကုန်သွယ်မှုတံခါးပေါက်ကြီးဖြစ်သည်။ ထိုလမ်းကြောင်းမှပင် လိုအပ်သောလူသုံးကုန်အမျိုးမျိုးကို (တံဆိပ်မျိုးစုံဖြင့်)တင်သွင်းကာ နိုင်ငံသားအများစု သုံးစွဲနေရသည်။ ထို့ပြင် ယင်းတံခါးပေါက်ကို အသုံးပြုကာ မိမိနိုင်ငံ၏အရင်းအမြစ် ထွက်ကုန်ပစ္စည်းမျိုးစုံကိုလည်း ရောင်းဝယ်လျက်ရှိနေသည်။

ထိုကဲ့သို့သော နိုင်ငံတော်၏ ပြောင်းလဲနေပြီဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုပုံစံတို့အရ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး၊ မှန်ကန်စေရေး၊ နိုင်ငံတော်သို့ ပြည်သူ့အခွန်ဘဏ္ဍာ မှန်ကန်စွာရရှိစေရေးအလို့ငှာ ပြည်ပသွင်းကုန်၊ ပို့ကုန်အပေါ် အခွန်ကြီးကြပ်မှုကိုလျှော့ပေါ့(ဖြေလျှော့) ပေးပြီး နိုင်ငံသားတိုင်း မည်သူမဆိုသက်သာ လွတ်လပ်စွာဖြင့် (ကန့်သတ်ကုန်မှအပ) ထုတ်လုပ်ပို့ဆောင်ခွင့်၊ သယ်ဆောင်ခွင့်ပြုပေးခဲ့ပါသည်။ ကန့်သတ်ကုန်ဆိုသည်မှာ အရက်၊ စီးကရက်၊ ဘီယာအမျိုးမျိုးဖြစ်ပါသည်။

ထိုသို့ လွတ်လပ်စွာဖြင့် ဖြေလျှော့သယ်ဆောင် ရောင်းဝယ်ခွင့်ပြုခဲ့ရာတွင် ဝိသမလောဘသမားများသည် ဖရဲသီးတင်သောကား၊ ကုလားပဲတင်သောကားနှင့် ဖွဲဆန်ကွဲနှင့်ရောပြီး အခြားသာမန်ကုန်ပစ္စည်းတင်သော ကားများအတွင်း၌ နိုင်ငံတော်၏ တွင်းထွက်ဖြစ်သော ကျောက်သံပတ္တမြား၊ ကျောက်စိမ်းများ၊ အကောက်အခွန်မဲ့ ကုန်ပစ္စည်းမျိုးစုံများကိုသိုထားလျက် နည်းမျိုးစုံဖြင့် ဝှက်ယူသယ်ဆောင်နေကြပေသည်။

ထို့ကြောင့် နိုင်ငံတော်သို့ တရားဝင်လိုင်စင်ပြုလုပ်၍ အခွန်ပြည့်ဝစွာပေးသွင်းပြီး ရိုးသားစွာ သွင်းကုန်၊ ပို့ကုန်ဆောင်ရွက်နေသော လုပ်ငန်းရှင်များသည် အကျိုးခံစားသင့်သလောက်မခံစားရဘဲ နစ်နာနေရသဖြင့် လိုအပ်ချက်အရ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးပြီး မူဆယ်-မန္တလေးလမ်းကြောင်းပေါ်တွင် Mobile Team လရ-၁ နှင့် မြဝတီ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် Mobile Team လရ-၂ တို့ကို မြေပြင်ကွင်းဆင်းကြီးကြပ်စေရေး ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုသို့ဖွဲ့စည်းတာဝန်ပေးအပ်သည်နှင့် မူဆယ်(၁၀၅)မိုင် အခြေချ Mobile Team အဖွဲ့၏ ကြိုးစားဆောင်ရွက်ဖော်ထုတ်မှုကြောင့်-

ကာလ	အမှုတွဲ	တန်ဖိုး(ကျပ်ငွေ)
၁-၁၁-၂၀၁၂မှ ၃၁-၃-၂၀၁၃ထိ	၁၅၁	၄၄၇၄၅၇၄၀၀
၁-၄-၂၀၁၃ မှ ၂၅-၄-၂၀၁၃ ထိ	၄၆	၂၂၇၂၆၂၀၀၀
စုစုပေါင်း	၁၉၇	၆၇၄၇၁၉၄၀၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကာလတို ခြောက်လအတွင်း အမှုတွဲပေါင်း ၁၉၇ ခုနှင့် အကောက်ခွန်မဲ့ပစ္စည်းတန်ဖိုး သန်းပေါင်းများစွာကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည်။

နယ်စပ်ဒေသကုန်ပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်းဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှု အဟန့်အတားမဖြစ်စေရေးအတွက် အတတ်နိုင်ဆုံး စည်းကမ်းသတ်မှတ်ချက်များ ဖြေလျှော့ပေးနေသော ယနေ့အချိန်တွင် ခရီးသွားပြည်သူများကိုယ်တိုင်သုံးရန် တစ်နိုင်တစ်ပိုင် သယ်ယူလာသည့် ကန့်သတ်ကုန် မဟုတ်သည့် ပစ္စည်းများကို လွတ်လပ်စွာသယ်ဆောင် စိစစ်ခွင့်ပြုပေးနေပြီဖြစ်သည်။ သို့ရာတွင် အချို့သောအောက်လမ်းသမားများက Mobile Team တာဝန်ယူစောင့်စစ်သော စစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းခြင်းမရှိဘဲ ရှောင်ကွင်းလမ်းများစွာဖြင့် တရားမဝင်ပစ္စည်းများ၊ အခွန်ဆောင်ခြင်းမရှိသော ပစ္စည်းများ ကဲ့၍ကဲ့၍ သော်လည်းကောင်း၊လုံခြုံရေးအရ လက်လှမ်းမမီနိုင်သော တောလမ်းမှလည်းကောင်း၊ နည်းလမ်းပေါင်းစုံသုံးကာ တိုင်းပြည်အပေါ် အခွန်ရှောင် သစ္စာမဲ့နေကြသည်။

ထို့သို့ဆောင်ရွက်နေကြောင်းသိရှိသော Mobile Team အဖွဲ့က ရှောင်တခင်တားဆီးနိုင်ခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းများရှိလာသောအခါ ဝိသမလောဘသမား အကြီးစားများ၊ အကျင့်ပျက်သူများသည် Mobile Team အဖွဲ့အပေါ် မကျေမချမ်း နည်းမျိုးစုံသုံးလျက် တိုက်ခိုက်လာသည်။ Mobile Team အဖွဲ့ ဖျက်သိမ်းရေးအတွက် အားနည်းချက်ကို ထောက်ပြကြလေသည်။ အမျိုးသားရေး စာရိတ္တကို ရေရှည်မကြည့်၊ လတ်တလောတွေ့ကြုံနေရသော အခက်အခဲ၊ စေတနာမှားယွင်းမှုအချို့ကို မီဒီယာတချို့မှတစ်ဆင့် မမှန်မကန်လုပ်ကြံရေးသားလာသည်။ ပြည်သူများ စိတ်တွေဝေစေလိုသည့် မမှန်မကန်သတင်းစကားများဖြန့်လျက် လမ်းကြောင်းမှန်ပေါ် လျှောက်တတ်ခါစ နိုင်ငံအား စီးပွားရေးတွန်းအား အာဟာရယိမ်းယိုင်စေရန် တွန်းထိုးနေသလားအောက်မေ့ရသည်။

ထိုသို့သော ဝိသမလောဘသမား ကုန်သည်များ၊ ၎င်းတို့နှင့်ပေါင်းစားနေသည့် အကျင့်ပျက်သမားများသည် မြန်မာနိုင်ငံအတွင်းသို့ ကျန်းမာရေးအရ စားသုံးရန်မသင့်သော တစ်ဖက်နိုင်ငံမှ သက်တမ်းကုန်ကြက်သားအတုများ၊ ကြက်ဥများ အပါအဝင် ကန့်သတ်ကုန်ပစ္စည်းအမျိုးမျိုးကို တင်သွင်းလျက်မိမိနိုင်ငံမှ အဖိုးတန်ရတနာ၊ ကျောက်မျက်၊ သစ်တောထွက်ပစ္စည်းမျိုးစုံ၊ အမဲသားအစစ်ကို ရေခဲရိုက်ကာ အခွန်မဆောင်၊ သတင်းမပို့၊ ဈေးပေါပေါဖြင့်တင်ပို့လျက် ထိုသို့သော ယိုစိမ့်ယိုထွက်မှုများကို Mobile Team အဖွဲ့က ဥပဒေဘောင်၊စည်းကမ်းသတ်မှတ်ချက်အတွင်းမှ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အားထုတ်ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း သိရှိနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။

တရားမဝင်သစ်များ ကျောက်တံခါးမြို့နယ်၌ ဖမ်းဆီးရမိ

ကျောက်တံခါး မေ ၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အိုင်တုံကျွန်းကြိုးဝိုင်း အကွက်အမှတ်(၁၅)ဝန်းကျင်၌ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ဧပြီ ၂၇ ရက် ညနေ ၄ နာရီက တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် အိုင်တုံကျွန်းကြိုးဝိုင်း အကွက်အမှတ် ၁၅ ၌ တရားမဝင်သစ်များဖြစ်သော ပျဉ်းကတိုးလုံး ၁၃ လုံး ၄ ဒသမ ၆၄၂ တန် တင်ဆောင်ထားသော နစ်ဆန်း ဒီဇယ်အဖြူရောင် ၁၀ ဘီးကားနှင့် ပျဉ်းကတိုးခွဲသားချောင်း ၇၀ (၅ ဒသမ ၁၈၇၈ တန်) တင်ဆောင်ထားသော တီအီးအပြာရောင် ၁၀ ဘီးကားနှစ်စီးတို့အား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ကျောက်တံခါးမြို့နယ် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဝင်း၊ တောအုပ်ကြည်စိုးနှင့် ဦးအောင်နိုင်မိုး၊ တောခေါင်း ဦးဖေဇော်ညွန့်တို့က သွားရောက်စစ်ဆေးကာ ဖမ်းဆီးရရှိခဲ့သည်။

ယာဉ်ပိုင်ရှင်များနှင့် သစ်ပိုင်ရှင်များ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် တောအုပ် ဦးအောင်နိုင်မိုးက ကျောက်တံခါးမြို့နယ် တရားရုံးသို့ တရားစွဲဆိုထားကြောင်း သိရှိရသည်။

(၁၃၈)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

၂၀၁၃ - ခုနှစ်ထုတ် အကောင်းဆုံးစာအုပ်

ထူးချွန်ကျောင်းသားသုံး လက်တွေ့ အသုံးချဝေါဟာရအဘိဓာန်

ကျောင်းသူ/ကျောင်းသားများ၊ ဆရာ/ဆရာမများနှင့် ရုံးသူ/ရုံးသားများအတွက် အသုံးတွင်ကျယ်သော ဝေါဟာရ (၂၇၀၀၀) ကျော်၊ ခေါင်းစဉ်ခွဲပေါင်း (၁၀၀)ကျော်၊ Phonetics အသံထွက်အတိုင်း [illegible] ... ဖြစ်သည် ...

[illegible]

Elite Tech IT Services Co.,Ltd နှင့် Elite Tech Manufacturing Co.,Ltd ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ကျွန်တော်တို့၏ Elite Tech IT Services Co.,Ltd နှင့် Elite Tech Manufacturing Co.,Ltd တို့၏ ယခင် အခန်းအမှတ် CF 02/04 - ... (ဇီ)၊ ... မှ Elite Tech Group of Companies တည်ရှိရာ အမှတ် A-9,A-10 ၊ ... ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့သို့ ၆ ၊ ၅ ၊ ၂၀၁၃ (တနင်္လာနေ့) မှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းကို မိတ်ဆွေများအား ... အသိပေးအပ်ပါသည်။

Contact Ph NO. - 01 656945 , 01- 656946 , 01- 656947

E mail : info@elitetech-group.com ,website : www.elitetech-group.com

Elite Tech Group of Companies

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ကုန်စည်ဒိုင်)၏ ဥက္ကဋ္ဌဖြစ်သော **ဦးအုန်းဆိုင်**အား ပထမအကြိမ် ချီးမြှင့်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်-ဂုဏ်ထူးဆောင်လက်မှတ်**ကို ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက်တွင် ဂုဏ်ပြု ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်အတွက် ပြည်ပပို့ကုန် များကို ဆတက်ထမ်းပိုးတိုးမြှင့်တင်ပို့နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ကုန်စည်ဒိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ [illegible]

[illegible]

ဦးချမ်းကိုကို
LL.B, H.G.P., Dip in Business Law, Dip in Applied Psychology, Dip in Maritime Law

[illegible]

ကြော်ငြာ

SAKURA AUTO AUCTION CENTRE

RAN SPEED AUTO CENTRE

URL : www.sakura-auction.com, Email : sakuragroup11@gmail.com

ဒုတိယအကြိမ် ကံစမ်းမဲဖွင့်ရန် (၁-လ) သာလိုပါတော့သည်
ကံစမ်းမဲ ဖွင့်ပွဲအမီ လေလံဝန်ဆောင်ခများသာမက
Showroom မှကားများကိုလည်း ထပ်မံဈေးလျှော့ရောင်းချပေးနေပါပြီ။

Saloon ကားလေးများ လေလံဆွဲဝယ်ယူမည်ဆိုပါက (Auction Prices + ကျပ် ၁၆သိန်း) CIF YANGON ဆိပ်ကမ်းအရောက်တန်ဖိုး

Wagon ကားများ လေလံဆွဲဝယ်ယူမည်ဆိုပါက (Auction Prices + ကျပ် ၁၈ သိန်း) CIF YANGON ဆိပ်ကမ်းအရောက်တန်ဖိုး

ဘဏ်အကောင့်ဖွင့်ပေးခြင်း၊ ပါမစ်လျှောက်ထားပေးခြင်း၊ ငွေလွှဲပေးခြင်း ၊ သင်္ဘောတင်ခြင်းအပါအဝင် ရန်ကုန်ဆိပ်ကမ်းရောက်သည်အထိ

တာဝန်ယူဆောင်ရွက်ပေးပါသည်၊ စုစုပေါင်းတန်ဖိုး၏ ၅၀% သာပေးချေ၍ ကျန်ငွေကို သင်္ဘောတင်ပြီး BL ရောက်မှပေးချေနိုင်ပါသည်၊

အလုပ်ရှုပ်ခံ၍ ဘဏ်တွင်အကောင့်ဖွင့်ရန်မလို၊ ကုမ္ပဏီအရောင်းခန်းမတွင် One Stop Services ဖြင့် အားလုံးဝန်ဆောင်မှုပေးနေပါသည်၊

မီနီလိုက်ထရပ် များအား ကျပ်သိန်း ၅၀/၆၀ ဝန်းကျင်ဖြင့်ရောင်းပေးနေပါသည်၊

(၁)တန် လိုက်ထရပ် များအား ကျပ်သိန်း ၉၀/၁၀၀ ဝန်းကျင်ဖြင့်ရောင်းပေးနေပါသည်၊

မော်တော်ယာဉ်ဝယ်ယူသူများအား Free Routine Check up & Free Servicing လုပ်ငန်းများအား (၁)နှစ် လက်ခမဲ့ ဝန်ဆောင်မှုပေးနေပါသည်။

April (၁)ရက်နေ့မှစ၍ မော်တော်ယာဉ်ဝယ်ယူသူတိုင်း Free Service Coupon Card များ ရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဒုတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲ(၁.၆.၂၀၁၃) စနေနေ့

တတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲ(၃၁.၁၂.၂၀၁၃) New Year Dinner ပွဲနှင့်အတူ

၂၀၁၃ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ဝယ်ယူအားပေးကြသော
မိတ်ဟောင်း မိတ်သစ်များ ကို ကျေးဇူးတုံ့ပြန်သောအားဖြင့်

မော်တော်ကား (၅) စီး (အမည်ပေါက်) ၊ မော်တော်ဆိုင်ကယ် (၅) စီး၊ ၄၀ လက်မ TV (၅) လုံးနှင့်

ဇလာမပါ အခြားဆုမဲပေါင်းများစွာ စုစုပေါင်းကျပ်သိန်း (၁၀၀၀)ကျော်ဖိုးကို ကံစမ်းမဲဖောက်၍
ညစာစားပွဲ၊ တေးဂီတဖျော်ဖြေပွဲများနှင့်အတူ ကျေးဇူးတုံ့ပြန်မည်ဖြစ်ပါသည်။

၁။ ၁၄/၃ ရပ်ကွက်၊ ရွှယ်ရီဥယျာဉ်အိမ်ရာ၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၆၆၁၀၆၊ ၅၆၆၁၀၉

၂။ အမှတ်(၁)၊ သံသုမာလမ်းနှင့် သစ္စာလမ်းထောင့် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၅၀၀၆၈၂၊ ၀၉ ၈၆၁၈၃၈၆

၃။ အမှတ်(၂၄/၂၅ - ဘီ)၊ ၇၈ လမ်း၊ ခင်စောမူကွေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၂ ၆၅၄၁၉၊ ၀၉ ၅၁၉၈၆၄၆

၄။ အမှတ်(၂)၊ သီပေါလမ်း၊ ၆၀ × ၆၁ လမ်းကြား၊ မြို့သစ် (၁) ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၇၃၀၂၅၈၂၇

၅။ အမှတ် (OS - ၂၁)၊ ရာဇသင်္ဂဟာလမ်းမကြီး၊ အင်ကြင်းပန်း အဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၁၇၄၆၂/၆၃

၆။ အမှတ် (OS - ၂၂)၊ ရာဇသင်္ဂဟာလမ်းမကြီး၊ အင်ကြင်းပန်း အဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၁၇၄၆၄/၆၅

ရခိုင်ပြည်နယ်၌ ငါးမဖမ်းရရာသီ သတ်မှတ်ချက်ပြည်သူများသို့ အသိပေး

စစ်တွေ မေ ၃

မိုးဦးကာလတွင် မျိုးဥပြည့်ဝနေသော ငါး၊ပုစွန်၊ကဏန်းအမများသည် မြန်မာ့ပင်လယ်ပြင်တွင် ဥချလေ့ရှိကြသည်။ ၄င်းဥရှိနေသော ငါး၊ ပုစွန်၊ ကဏန်းအမများအား မျိုးဥပြည့်နေချိန်နှင့် ဥချရာသီများတွင် ဖမ်းဆီးခြင်းမပြုဘဲ လွှတ်ပေးမှသာ ငါသယံဇာတများ မပြုန်းတီးနိုင်ဘဲ ရေရှည်စားသုံးနိုင်မည်ဖြစ်၍ လူတိုင်းလိုက်နာကြရန် အလွန်အရေးကြီးပေသည်။ "ငါးရစ်ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမသုဉ်း"ဟူသော ငါးလုပ်ငန်းဦးစီးဌာန၏ဆောင်ပုဒ်အတိုင်း ငါးရစ်တက်ချိန် မိုးဦးရာသီတွင် ငါးဖမ်းဆီးမှုများကို ရှောင်သင့်ပေသည်။

"၂၀၁၃ ခုနှစ် ဇွန် ၁ ရက်မှ ဇူလိုင် ၁၅ ရက်အထိကာလကို ကမ်းဝေးငါးမဖမ်းရ ရာသီအဖြစ် သတ်မှတ်ပါတယ်။ ဒီရာသီမှာ ငါးဖမ်းစက်လှေတွေအနေနဲ့ သတ်မှတ်ထားတဲ့ ဧရိယာအတွင်းမှာ ငါးဖမ်းဆီးခြင်းမပြုရပါဘူး။ ဒါကို လိုက်နာဖို့လည်း လိုအပ်ပါတယ်။ ဒါမှ လည်း ရေရှည်မှာ ငါးပြုန်းတီးမှု အန္တရာယ်မှ ကာကွယ်နိုင်မှာပါ။ ဒါက ကမ်းဝေးငါးဖမ်းကွက်တွေအတွက်ပါ။ ကမ်းနီးငါးဖမ်းကွက်တွေနဲ့ မဆိုင်ပါဘူး။ ကမ်းဝေးငါးဖမ်းကွက် သတ်မှတ်ချက်က ကမ်းခြေမှ ၁၀ မိုင် ပြင်ပဖြစ်ပြီး ကမ်းနီးငါးဖမ်းကွက် သတ်မှတ်ချက်က ကမ်းခြေမှ၁၀မိုင်အတွင်းဖြစ်ပါတယ်" ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးမှူးက မေ ၁ ရက်တွင် ပြောပြသည်။

ဤငါးမဖမ်းရရာသီကာလသတ်မှတ်ချက်နှင့် ဧရိယာသတ်မှတ်ချက်တို့ကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာဌာနအသီးသီးသို့ လည်းကောင်း၊ ပြည်သူများ သိရှိစေရန်အတွက် လည်းကောင်း ဆောင်ရွက်ထားပြီးဖြစ်သည်။ ရခိုင်ပြည်နယ် ငါးဖမ်းကွက်တွင်ယခင်က ကမ်းခြေမှ ၅ မိုင်ပြင်ပကို ကမ်းဝေးငါးဖမ်း ဧရိယာအဖြစ် သတ်မှတ်သော်လည်း ယခုအခါ ကမ်းခြေမှ ၁၀ မိုင်ပြင်ပကို သတ်မှတ်ကြောင်း သိရသည်။ ပြည်သူများအနေဖြင့် သိရှိလိုသော အချက်များရှိပါက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဖုန်း ၀၄၃-၂၃၇၉၈ ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

ပြည်တွင်းသတင်း

မှော်ဘီဆရာသိန်း စာကြည့်တိုက် တည်ဆောက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၃

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်၌ မှော်ဘီဆရာသိန်း စာကြည့်တိုက်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါ စာကြည့်တိုက်တည်ဆောက်မည့်နေရာ၌ ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ အခမ်းအနားတွင် မှော်ဘီဆရာသိန်း စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးနေလင်း(မောင်ချိုဝေ)က စာကြည့်တိုက်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

ငွေသိန်း (မှော်ဘီ)

ပဲခူးမြို့နယ် ကျေးရွာအုပ်စုလုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်

ပဲခူး မေ ၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ် စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ် ကွေ့တန်းရှည် ကျေးရွာအုပ်စု၌ ကျင်းပခဲ့ရာ ပဲခူးခရိုင်လယ်ယာမြေစီမံမှုအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းနှင့် ခရိုင်လယ်ယာမြေစီမံမှုအဖွဲ့ အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းသော်တာတို့က လယ်ယာမြေဥပဒေများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်းကိစ္စများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ **(ဓာတ်ပုံ)**

ဆက်လက်ပေးအပ်

ထို့နောက် ပဲခူးခရိုင် လယ်ယာမြေစီမံမှုအဖွဲ့ဥက္ကဋ္ဌ ဦးဝေဇင်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များကို တောင်သူလယ်သမားများထံသို့ ပေးအပ်ခဲ့ရာ တောင်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်တင်က လက်ခံယူသည်။ ကွေ့တန်းရှည် ကျေးရွာအုပ်စုအနေဖြင့် တောင်သူပေါင်း ၉၀၊ ဦးပိုင်ပေါင်း ၁၉၆ခုနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပေါင်း ၁၉၆ ခုအား တောင်သူများထံသို့ ပေးအပ်နိုင်ခဲ့ပြီး ကျန်လယ်ယာမြေ လုပ်ကိုင်ခွင့် လက်မှတ်များအား ဥပဒေနှင့်အညီ စိစစ်ပြီး တောင်သူများထံသို့ ဆက်လက် ပေးအပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

သန့်စင်

ခြင်ဆေးခွေသုံးလျှင်
သတိယှဉ်
အောက်တွင်ခံခွက်
မမေ့နှင့်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.01/DHPI/ Survery/2013-2014	
(က)	ODOM Hydrographic Echo Sounder	၃ စုံ
(ခ)	River Surveyor M.9 System	၂ စုံ
(ဂ)	Automatic Weather Station	၆ စုံ
	Tender No.02/DHPI/Admixture/2013-2014	
(က)	Fosroc Conplast-R (MR_2) Admixture	၁၃၀၂၀၀ လီတာ
(ခ)	Grace GP.101 Admixture	၅၅၈၀၀ လီတာ
	Tender No.03/DHPI/Equipment/2013-2014	
(က)	Hydraulic Hose Crimping Machine	၂ စုံ

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၂၈-၅-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန် ၄ ရက်၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.04/DHPI/ Lab Equipment/2013-2014	
(က)	Triaxial Compression Test Equipment	(၁) စုံ
(ခ)	Large-Scale Constant Head Permeability Test Equipment	(၂) စုံ
(ဂ)	Standard Scale Constant Head Permeability Test Equipment	(၅) စုံ
(ဃ)	Large Scale Compaction Test Equipment	(၁) စုံ
	Consolidation Test Equipment	(၁) စုံ
	Tender No.05/DHPI/Equipment/2013-2014	
(က)	Shotcrete Machine Aliva III	(၃) စုံ
(ခ)	Concrete Pump Truck	(၂) စုံ

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၈-၅-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန် ၄ ရက်၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

(၁၀)နှစ်ပြည့် မင်္ဂလာဆုတောင်း

ကိုသန်းအေးနှင့်မဝါဝါခိုင် (ရွှေမျက်မှန်ကုန်မာဆိုင်၊ သထုံမြို့) တို့၏ ၄-၅-၂၀၁၃ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်ပြီး ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ညီမ-ကိုသန့်ဇင်ဦး-မသွယ်သွယ်ဖြူ
ချစ်သားများ-မောင်အံ့ဘုန်း၊ မောင်ခန့်ဘုန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ် (၂၆)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Wagon	(၁) စီး
(ခ)	Van/ Saloon	(၁၄) စီး
(ဂ)	Pick Up Extra Cab	(၁၁) စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၆-၅-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၀-၅-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပြီး ၁၁-၅-၂၀၁၃ရက် ၀၉း၀၀နာရီတွင် ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တင်ဒါဖွင့်ပွဲဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၁၁၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.06/DHPI/Spare/ 2013-2014	
(က)	**Spare Parts (Heavy Machinery Spare)**	**1 Lot**

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

မွေးနေ့ဆုတောင်း

၂၀၁၃ခုနှစ် မေ (၄)ရက်တွင် ကျရောက်သော မီးမီးရဲ့ အသက် (၃၀)ပြည့်မွေးနေ့မှသည် နောင်နှစ် ၁၂၀တိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေကြောင်း ဆုတောင်းလျက်။

ဘေဘီ

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ အမက(၁)ဒုတိယတန်း(ခ)မှ မောင်ညီသုတ၏ဖခင်အမည်မှန်မှာ ဦးသူရအောင် ၅/စကန(နိုင်)၂၅၇၉၈၇ ဖြစ်ပြီး မောင်ညီသုတအားမောင်စစ်သူရဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (E)မှ မောင်ဖိုးရအားယနေ့မှစ၍ ခွန်ရဲကျော်ဟုပြောင်းလဲခေါ်ပါရန်။

ခွန်ရဲကျော်

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဘူတာရပ်၊ ကွင်းအမှတ် (၂၈၈-ခ/၂)၊ မတ္တရာအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၆၇-က၊ ၆၈-က၊ ၆၉၊ ၇၀၊ ၇၁)၊ မြေဧရိယာ ၀ ဒသမ ၄၀ ဧကရှိမြေအား **ထူးထရေးဒင်း** ကုမ္ပဏီလီမိတက်မှ မြို့မြေငှားဂရန်အမည်ပြောင်းလဲလျှောက်ထားလာပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မတ္တရာမြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဝက်ခြံပေါက်ခြင်းနှင့် လိုက်နာရန် အချက်များ

လူတစ်ဦးသည် ကောင်းမွန်သေသပ်သောဝတ်စားဆင်ယင်မှုနှင့် ရှုချင်စဖွယ်ရုပ်အဆင်းကို ပိုင်ဆိုင်ထားသော်လည်း မျက်နှာတွင် ပေါက်သော ဝက်ခြံများကြောင့် မိမိကိုယ်ကို စိတ်လက်မအီသာစွာ ခံစားရမည်သာ။ ဝက်ခြံပေါက်ခြင်းသည် အန္တရာယ်မရှိနိုင်သော်လည်း မျက်နှာတွင် အမာရွတ်ထင်ကျန်စေသည့် အရေပြားအနာဖြစ်သည်။ မျက်နှာပြင်တွင် အများဆုံးဖြစ်ပွားတတ်ပြီးရင်ဘတ်နှင့်လည်ပင်းတို့၌လည်း ဖြစ်ပွားတတ်ကြောင်း သိရသည်။ Androgen ဆိုသည့် ဟော်မုန်းဓာတ်ပြောင်းလဲမှုကြောင့် ဝက်ခြံပေါက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဝက်ခြံကို အရေပြားပြည်တည်နာ၊ ဆားဝက်ခြံအဖြစ် လူသိများသည်။ အရေပြားအောက်တွင် ပေါက်သည့် မာကျောသောအကျိတ်၊ အနီရောင်အဖုအပိမ့်အစရှိသည်တို့မှာလည်း ဝက်ခြံအမျိုးအစားများပင် ဖြစ်သည်။

ဝက်ခြံပေါက်သူများ အနက်အများစုမှာ ဆယ်ကျော်သက်အရွယ်များ၌ အဖြစ်များပြီးအသက်အရွယ်မရွေး ဖြစ်ပွားနိုင်ကြောင်း သိရသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌လည်း ဟော်မုန်းဓာတ် အပြောင်းအလဲကြောင့် ဝက်ခြံများ ပေါက်တတ်ကြောင်း သိရသည်။

ဝက်ခြံများပျောက်ကင်းစေရန် ဖော်စပ်ရောင်းချသော ဆေးဝါးများ စွာရှိပါသည်။ ဝက်ခြံပေါက်ပါက ဆေးမြီးတိုသုံးခြင်း၊ လက်ဖြင့်ကိုင်တွယ်ညှစ်ထုတ်ခြင်း မပြုလုပ်သင့်ပေ။ အခန့်မသင့်ပါက ပိုမိုရောင်ရမ်းလာတတ်ပြီး အမာရွတ်များ၊ ချိုင့်ရာများ ထင်ကျန်စေတတ်သည်။ ညစ်ပေမှုဖြစ်လွယ်သော ဆံပင်များကိုလည်း မျက်နှာပေါ်မဖုံးအုပ်စေရန် ဂရုစိုက်ရမည်။

ဝမ်းချုပ်ခြင်းသည် ဝက်ခြံဖြစ်မှုကို တွန်းအားပေးသည်။ တစ်နေ့

လျှင် ရေတစ်လီတာ အနည်းဆုံးသောက်ရမည်။ ထို့အပြင် လတ်ဆတ်သော သဘာဝသစ်သီးဖျော်ရည်များကို သောက်သုံးရမည်။ ဟင်းသီးဟင်းရွက်နှင့်အဆီနည်းသောအသားများကို စားရမည်။ သင့်တင့် မျှတသော ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ရမည်။ အဆီများသော အလှကုန် ပစ္စည်းများကို မသုံးသင့်ပေ။

ညဉ့်နက်သန်းခေါင်တိုင် မအိပ်စက်ခြင်းသည် ဝက်ခြံထွက်ခြင်းကို အားပေးသည်။ အထူးသဖြင့် ည ၁၀ နာရီနှင့် ၁၂ နာရီအကြားတွင် နှစ်ခြိုက်စွာ အိပ်ပျော်သင့်သည်။ မျက်နှာနှင့် ထိတွေ့ရသော ခေါင်းအုံးစွပ်၊ မျက်နှာသုတ်ပဝါတို့ကိုသန့်ရှင်းစွာထားရမည်။ အပျော့စားဆပ်ပြာဖြင့် မျက်နှာကို တစ်နေ့လျှင်နှစ်ကြိမ် ညင်သာစွာဆေးကြောသန့်စင်ရမည်။ အချိုနှင့် အငန်ဓာတ်ကဲသော အစားအစာများသည် အရေပြား အဆီထွက်ခြင်းကို အားပေးသည်။ စိတ်တိုခြင်းနှင့် စိတ်လှုပ်ရှားခြင်းတို့သည် မျက်နှာအရေပြားကို ပိုမိုဆိုးရွားစေသည်။ ညအိပ်လျှင်မိတ်ကပ်များကိုသန့်စင်ပြီးမှ အိပ်စက်ရမည်။ မျက်နှာမကိုင်တွယ်မီ လက်ကိုစင်ကြယ်စွာ ဆေးကြောရမည်။

အထက်ပါ နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အရေပြားတွင် အနှောင့်အယှက်ဖြစ်စေသော ဝက်ခြံများကင်းစင်သည့် လူမှုဘဝများ ပိုင်ဆိုင်ကြမည်ဟု မျှော်လင့်ပါသည်။

သွင်သွင်နဒီ

စိတ်ကြွရူးသွပ်ဆေးပြားများ ဝိုင်းမော်၌ သိမ်းဆည်းရမိ

ဝိုင်းမော် မေ ၃

မြစ်ကြီးနား မူးယစ်(အထူး) အဖွဲ့မှ ဒုရဲအုပ်ခင်ဇော်ဦးစီးသော တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဧပြီ ၂၄ ရက် နံနက် ၈ နာရီက ဝိုင်းမော်မြို့ နတ်မြင်းခတံတားအနီး၌ စောင့်ဆိုင်းနေစဉ် ဝိုင်းမော်မြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသောသုံးဘီးဆိုင်ကယ်ကို ရပ်တန့်စေပြီး ခရီးသည်အဖြစ်လိုက်ပါလာသူ ထွန်းစိန်အား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် Gemirro တံဆိပ် အနက်ရောင်ဘေးလွယ်အိတ်အတွင်း အပြာရောင်တိတ်များ ပတ်ထားသောအဖြူရောင်ကြွပ်ကြွပ်အိတ်တွင်းမှအပြာရောင် ကပ်ခွာအိတ်ငယ်များဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါအထုပ်နှစ်ထုပ်နှင့် ဆေးပြား ၁၇၂ ပြားပါ အထုပ် တစ်ထုပ်၊ စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၂ ပြား အလေးချိန် ၅၇ ဒသမ ၂ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၇၁၆၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အထက်ပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ဒုရဲအုပ်ခင်ဇော်က တရားလိုပြုလုပ် တိုင်တန်းသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိ ရောင်းချသူထွန်းစိန် (၆၀ နှစ်) အမှတ်(၃၁၁) ရပ်ကွက် (၃) ဟိုးတုံကျေးရွာ ဝိုင်းမော်မြို့နယ် နေသူအား ဝိုင်းမော်ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ (ဝ၆၂)

ရေအားလျှပ်စစ်ဓာတ်ကြိုးမှ ဓာတ်လိုက်၍ လူသုံးဦးသေဆုံး

နေပြည်တော် မေ ၃

ကယားပြည်နယ် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု တိုက်နယ်ဆေးရုံသို့ ဓာတ်လိုက် ဒဏ်ရာရရှိသူ သုံးဦးရောက်ရှိနေကြောင်း သတင်းအရ လွိုင်လင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ဧပြီ ၂၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က သွားရောက်စစ်ဆေးရာ လွိုင်လင်လေးကျေးရွာအုပ်စု ကွန်နားအောက်ရွာနေသူများဖြစ်သည့် စိုင်းလောင်လင်း (၁၂ နှစ်)၊ မောင်တူး(ခ)အောင်ကိုလတ် (၁၂ နှစ်)နှင့် ဦးလုံးပိ (၇၂ နှစ်)တို့ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။ စစ်ဆေးချက်အရ ယင်းနေ့ညနေ ၃ နာရီတွင် ကျေးရွာအတွင်း တည်ဆောက်ထားသည့် ရေအားလျှပ်စစ်မှ ဓာတ်ကြိုးအား စိုင်းလောင်လင်းနှင့်မောင်တူး(ခ) အောင်ကိုလတ်တို့နှစ်ဦး ဆော့ကစားစဉ် ဓာတ်လိုက်နေသည်ကို ဦးလုံးပိမှမြင်တွေ့ပြီး ဝင်ဆွဲရာမှ သုံးဦးစလုံး ဓာတ်လိုက်ဒဏ်ရာများရရှိပြီး လွိုင်လင်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် လွိုင်ကော်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ကိုရဲ)

ကျောက်တောင် ကမ်းပါးယံမှ မြေပြိုကျ၍ လူတစ်ဦးသေဆုံး

နေပြည်တော် မေ ၃

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ပန်ကြူအုပ်စု ကျိုင်းတုံ-တောင်ကြီးကားလမ်း ၉ မိုင်အနီး နွေမိုးဆောင်း ကျောက်ထုတ်လုပ်ရေး စခန်းရှိ ကျောက်တောင်တွင် ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီက မြေပြိုကျ၍ လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ကျိုင်းတုံရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ကျိုင်းတုံမြို့နယ် ပန်မတ်ရွာနေ ကျထီး (၂၅နှစ်) အား ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။

စစ်ဆေးချက်အရ မွန်းလွဲ ၁ နာရီခွဲက ကျထီးသည် အခြားအလုပ်သမားသုံးဦးနှင့် အတူ ကျောက်ကမ်းပါးယံ၌ ကျောက်တူးနေစဉ် ကျောက်တောင်ကမ်းပါးယံမှ မြေကြီးများပြို ကျသဖြင့် အခြားအလုပ်သမား သုံးဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ကျထီးမှာ မြေကြီးပိ၍ သေဆုံးခြင်းဖြစ်ကြောင်း သိရသဖြင့် ကျိုင်းတုံ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (စာနည်း)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၀၃/မမ/ CME(ISN)(Kyat)	တာယာဆိုဒ်စုံ(၅)မျိုး
(ခ)	၀၄/မမ/ CME(MIT)(Kyat)	တွဲအရန်ပစ္စည်းများ (4) Items (Vacuum Brake Cylinder 21"Ø,ABC Coupler, Induction Motor)
(ဂ)	၀၅/မမ/ CME(YUG)(Kyat)	Spare Parts for Locomotive & Raw Material (32) Items
(ဃ)	၀၆/မမ/ CME(Kyat)	Light Truck (2) Nos
(င)	၀၇/မမ/ CME(ISN)(Kyat)	စက်ခေါင်းအရန်ပစ္စည်းများ(244) Items
(စ)	၀၈/မမ/ CME(ISN)(Kyat)	ဒီဇယ်စက်ခေါင်းအရန်ပစ္စည်းများ(373) Items
(ဆ)	12(T)1/MR(ML/ISN)(Kyat)	Spare Parts for Locomotive (78) Items
(ဇ)	12(T)2/MR(ML/ISN)(USD)	Spare Parts for D.E.L (414) Items

တင်ဒါပိတ်မည့်နေ့/အချိန် -အမှတ်စဉ်(က)မှ(ဆ) = ၃၁.၅.၂၀၁၃(သောကြာနေ့)(၁၂:၀၀)နာရီ
-အမှတ်စဉ်(ဇ) = ၂၈.၆.၂၀၁၃(သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂.၅.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352,291985, 291994.



လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ
ပညာရပ်ဆိုင်ရာ နိုင်ငံရေးဂျာနယ်
● မြန်မာ့အသွင်ကူးပြောင်းမှုဖြစ်စဉ်အတွင်း ရှာဖွေသင့်သည့် တရားမျှတမှု
● အကူးအပြောင်းကာလအတွင်း တရားဥပဒေစိုးမိုးမှု
● ကျောင်းသားအခွင့်အရေး
● ဥာဏ်လင်းဆက်၊ ကိုကိုကြီးနှင့် အမ်ချီးနီးကပ်စ်ပြဇာတ်၊
● အကျဉ်းသား အခွင့်အရေး မိတ်ဆက်၊
● ပညာရေးအတွေးအခေါ် အယူအဆများ
Myanmar Knowledge Society
MKS PUBLISHING
Tel: 01 387819, Mobile: 09 73066918
email: info.mksociety@gmail.com

KNOWLEDGE NUGGET INDUSTRY COMPANY LIMITED

ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန် ဝန်ထမ်းအလိုရှိသည်။
ပြည်တွင်း၌သာခန့်ထားရန်

Junior Engineer
AGTI (Mechanical) ကျား(၄)ဦး
AGTI (EP) ကျား(၃)ဦး
AGTI (EC) ကျား(၃)ဦး
-ရန်ကုန်၊မန္တလေး၊နေပြည်တော်မြို့ကြီးများတွင် သင်တန်းပေးပါမည်။
-သင်တန်းတက်ရောက်အောင်မြင်ပြီးပါက မိမိဒေသတွင်အလုပ်ခန့်ပါမည်။

အသေးစိတ်စုံစမ်းရန် ။ ၀၆၇-၂၃၈၁၆ ၊ ၀၆၇-၂၅၉၁၉
၀၉၅၁၇၉၄၇၈၊ ၀၉၄၀၁၅၆၇၆၃၁

အလုပ်သမားမှတ်ပုံတင်(မိတ္တူ)နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ပျောက်ဆုံးကြောင်း
ကျွန်တော် ဇော်သိန်းကြည် ၁၂/ပဘတ(နိုင်) ၀၀၂၆၉၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၄၈၀၂၃၀၀၇

တစ်ဦးတည်းဖြစ်ပါကြောင်း
မောင်ဖြိုးစိုး ၆/သရခ(နိုင်)၀၈၇၅၆၀ ၏ဖခင်အမည်မှန်မှာ ဦးထွန်းသိန်း (ခ) ဦးသိန်းသိန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း
မလှဲ့လှဲ့ဖြူစန်း ၆/ထဝန(နိုင်) ၁၀၃၈၂၅ ၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွင်(ခ)ဦးသိန်းနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာရှိ တိုက်အမှတ် ၁၊ အခန်းအမှတ် ၂၀၆ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြူကြူမော် ၁၂/အစန(နိုင်)၁၃၄၈၄၃၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်နှင့် စာချုပ်ပျက်စီးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း
နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၁)၊ ရှေ့တောင်လမ်းတွင်နေထိုင်သော ကျွန်မဖြူဖြူဇာနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၈)၊ ဦးရာဇာတ်လမ်းတွင်နေထိုင်သော မောင်အောင်ကျော်မင်းတို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၂၄-၅-၂၀၁၃ ရက်မှစ၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အသိပေးအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မဖြူဖြူဇာ
PMA-၃၀၅၇၄၉

ပြည်တွင်းသတင်း

နေညိုချိန် ငဝန်သောင်ပြင်၌ ရေကူးသူများနှင့် စည်ကားနေ

ရေကြည် မေ ၃

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ တစ်ဖက်ကမ်းရှိ ဒေါင့်ကြီးဘက်ကျေးရွာ ငဝန်မြစ်အတွင်း သဲသောင်ပြင်ဖြစ်ပေါ်ရာမှ ပေါ်ထွက်လာသော သောင်ခုံတွင် ရေချိုးကမ်းခြေ အပန်းဖြေစခန်းဖြစ်ပေါ်လျက်ရှိသည်။ အလျား လေးဖာလုံခန့်၊ အကျယ်ကိုက် ၂၀၀ခန့် ဖြစ်ပေါ်နေခြင်းကြောင့် ရပ်ဝေးရပ်နီးရှိလူအများ ရေချိုးကမ်းခြေတွင် အပန်းဖြေရေကစားခြင်းများ ပြုလုပ်လာကြသည်။ အနီးအနားရှိ ကျေးရွာများမှ ဆိုင်များဖွင့်ပြီး စားသောက်ဖွယ်ရာများ (ဗော) လေလုံး ငှားရမ်းခြင်းများကြောင့် တွက်ခြေကိုက် စီးပွားဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ အဆိုပါသဲသောင်ပြင်ဖြစ်ပေါ်လာမှုကြောင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာမည်ကို စောင့်ကြည့်

သူတစ်ဦးက "ဒီရေချိုးကမ်းခြေ ဖြစ်ပေါ်လာခြင်းကြောင့် လူငယ်လူရွယ်များ အရက်၊ ဘီယာ၊ မူးယစ်စေသောအရာများ သောက်သုံးထားခြင်းကြောင့် ညောင်ချောင်းသာ အပန်းဖြေစခန်းလို ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်း၊ သင်္ဘောသွားရာလမ်းကြောင်း ကျဉ်းမြောင်းမှုကြောင့် စက်တပ်ယာဉ်များနှင့် သင်္ဘောကြီးများ သဲသောင်ပြင်နှင့် ထိတွေ့မှုရှိနိုင်ကြောင်း၊ ငဝန်မြစ်ရဲ့အရှေ့ဘက်ကမ်းပြိုမှုကိုလည်း စိုးရိမ်မိပါကြောင်း" သူ၏အမြင်ကို ပြောပြသည်။

မင်းဇော်ဦး(ရေကြည်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး သီပေါမြို့၌ ကြပ်မတ်ဆောင်ရွက်

သီပေါ မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိသည့် မြို့တစ်မြို့ ဖြစ်ပြီး ကား၊ ရထားလမ်းဆက်သွယ်မှုရှိသည်။ မန္တလေးမှ သီပေါ၊ လားရှိုး၊ မူဆယ်နှင့်တရုတ်နယ်စပ် ကျယ်ခေါင်၊ ရွှေလီမြို့များအထိ ကားဖြင့်သွားရောက်နိုင်သဖြင့် ဗဟိုချက်မ အချက်အချာကျ၍ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဥဒဟိုသွားလာလှုပ်ရှား စည်ကားလျက်ရှိသည်။

သို့ရာတွင် စည်းကမ်းလိုက်နာမှုအားနည်းမှုများကြောင့် နေ့စဉ်နှင့်အမျှ မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှု အနိဋ္ဌာရုံသတင်းများကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရသည်။ သီပေါမြို့နယ်အတွင်းမှာပင် မော်တော်ယာဉ်ချင်းတိုက်မိမှု၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိမှု၊ ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်မိမှုများမှာ နေ့စဉ်ရက်ဆက်ဖြစ်ပွားခဲ့သလို တစ်ရက်တည်း နှစ်ကြိမ်တိုက်ခိုက်မှုများလည်း ရှိခဲ့သည်။

ထို့ကြောင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးကို အလေးပေးဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း စည်းကမ်းမဲ့ဆိုင်ကယ်မောင်းကြမ်းသူများအတွက် "သင့်ထက်ဆိုင်ကယ်စီးကျွမ်းသူများ သင်္ချိုင်းကုန်းတွင်စောင့်နေသည်" ဟူသော ပညာပေးသတိပေးဆိုင်းဘုတ်များကို မန္တလေး၊ လားရှိုးပြည်ထောင်စုလမ်းမတစ်လျှောက်ရှိ လူမြင်ကွင်းများတွင် ဤကဲ့သို့ နှိုးဆော်ကပ်ထားသည်ကို ဧပြီ ၂၉ ရက်က တွေ့ခဲ့ရသည်။

စိုင်း(သီပေါ)

ခန္တီကိုယ်တွင် ဘိန်းဖြူဟုယူဆရသော အမှုန့်များ သယ်ဆောင်လာသည့် ဇနီးမောင်နှံနှစ်ဦးအား ဖမ်းဆီး

ကသာ မေ ၃

ကသာမြို့နယ်တွင် ရပ်ကွက် (၆)စိတ္တသုခလမ်းအနီးတွင် ဘိန်းဖြူဟုယူဆရသောအဖြူမှုန့်များ ပလတ်စတစ်ပိုက်ထဲတွင်ထည့်သွင်း၍ သယ်ဆောင်လာသော လင်မယားနှစ်ဦးအား ဧပြီ ၂၉ ရက် ည ၉ နာရီခန့် က ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အခင်းဖြစ်စဉ်မှာ ကသာမြို့နယ် ရဲတပ်ဖွဲ့ ရဲစခန်းမှူး ရဲအုပ်ကျော်စိုးမိုးဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ ရဲတပ်သားဟိန်းနိုင်က သက်သေများဖြစ်သော ရ.က(၆) အုပ်ချုပ်ရေးမှူး ဦးလှဝင်း၊ ဆယ်အိမ်မှူး ဦးဝင်းလှိုင်တို့ ပူးပေါင်းအဖွဲ့သည် ကသာမြို့ ရ.က(၆)နေ ရဲသူလတ် (ခ)စံရွှေမြင့်နှင့် ဇနီး မေသူအောင် (ခ)မေမီကိုကိုတို့နှစ်ဦးအား မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်အမှတ် ၂၄ ယ/... စီး၍ ပြန်လာသူ ၄င်းတို့နှစ်ဦးကို ရှာဖွေစစ်ဆေးရာ မေသူအောင်(ခ)မေမီကိုကို ခန္တီကိုယ်အတွင်း၌ အဖြူအနက်ကြား ပလတ်စတစ်အိတ်ဖြူဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အရှည် တစ်လက်မခန့် ပိုက် ၂၄ချောင်းဖြင့် ၁ ဒသမ ၆ ဂရမ်၊ အပြာရောင်ပိုက် ၁၁ ချောင်းဖြင့် ၀ ဒသမ ၇၈ ဂရမ်၊ ရဲသူလတ် (ခ) စံရွှေမြင့်ထံမှ ဘိန်းဖြူရောင်းချရာမှ ရရှိထားသည့် ငွေကျပ် ၁၂၀၅၅၀ ရရှိ၍ ၄င်းတို့၏ နေအိမ်ကို ရှာဖွေစစ်ဆေးရာ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များကပ်လျက် အဖုံးပါ ပင်နီဆလင် ပုလင်းတစ်လုံး ပန်းရောင်အသည်း ပုံပါခေါင်းအုံးအတွင်းမှ ဘိန်းဖြူဟု ယူဆရသော အဖြူရောင်မှုန့်များ ကပ်နေသည့် အဖုံးပါ ပင်နီဆလင် ပုလင်းတစ်လုံး၊ မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် အသုံးပြုသော အဖြူရောင် ပလတ်စတစ်ပိုက် ၆ ချောင်း ၁ လက်မခန့်ရှိ အပြာရောင် ပလတ်စတစ် ငါးချောင်းရှာဖွေ တွေ့ရှိခဲ့သဖြင့် ပြစ်မှုဖြင့် ရဲသူလတ် (ခ) စံရွှေမြင့် (၂၅ နှစ်) ရပ်ကွက်(၆) နေသူနှင့် မေသူအောင် (ခ) မေမီကိုကို (၁၉ နှစ်) ရပ်ကွက်(၆) ကသာမြို့နေသူနှစ်ဦးအား ကသာရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဥပဒေအရ မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသော ဆိုင်ကယ်တစ်စီးနှင့်ယာဉ်မှတ်ပုံတင်ကတ်ပြားများ သိမ်းဆည်း၍ အမှုဖွင့်အရေးယူထားကြောင်းသိရှိရသည်။

ငွေအိုး(ကသာ)

မီးမှုန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၆၆၄၊ မြေကွက်တည်နေရာအမှတ် ၆၆၄၊ မြရတနာ (၄)လမ်း၊ ၂၄ရပ်ကွက်၊ တောင်ဒဂုံမြို့နယ် ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၂၄၂၀၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်ထံမှ မြေကွက်အရောင်းအဝယ်စာချုပ် ၄၅၀၃/၁၉-၉-၂၀၀၂ဖြင့် ဦးကြီးမြင့်က ဝယ်ယူခဲ့ပြီး ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည်မှ တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဩဝါဒခံယူပူဇော်ပွဲနှင့် စာအောင်ဆုနှင်းသဘင်

ရွှေတိဂုံစေတီတော်(စနေထောင့်)၊ ရွှေတောင်ငွေတောင်တန်ဆောင်း၊ နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၈)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများပူဇော်ပွဲ၊ အကြိမ်(၃၀) မြောက် (ပုလဲရတု)အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲစာအောင်ဆုနှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ ကြွရောက်ကုသိုလ်ယူနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

နေ့ရက် - ၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်
၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈နာရီ
နေရာ - နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ ၁၅ရပ်ကွက်၊ ရန်ကင်းမြို့နယ်

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၇ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁N၊ မြေကွက်အမှတ် ၅၉၊ အကျယ်အဝန်း(ပေ၄၀×၂၈ပေ ၆လက်မ) ရှိ နှစ် ၉၀ဂရန်မြေဟုခေါ်တွင်သည့် မြေကွက်မှာ ကွယ်လွန်သူ ဒေါ်မေတင် အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ၄င်း၏အမွေဆက်ခံခွင့်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်း ၁၂/မဂတ(နိုင်) ၀၅၄၆၀၃ တစ်ဦးသာကျန်ရစ်ခဲ့ပါသည်။

အထက်ဖော်ပြပါမြေကွက်၏ ဂရန်မူရင်းမှာ ကျွန်ုပ်မိတ်ဆွေ၏လက်ဝယ်၌ အမှန်တကယ်ပျောက်ဆုံးနေကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေမှ ၄င်းအမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ခမောသီလမ်း၊ အမှတ်(၂၄၇)၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၂၄၇)၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေဧရိယာစတုရန်းပေ ၂၄၀၀ ၊ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထားအိလွင် ၁၄/ဖပန(နိုင်)၀၉၇၈၇၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းမြင့်လတ် ၁၂/မဂတ(နိုင်)၀၀၂၆၂၁က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းစိန် B.Sc,R.A,C.P.A, R.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၈၉၊ ၁၉၅၊ ခုနစ်လွှာ၊
ပန်းဆိုးတန်း:Office Tower ၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၃၂၇၃

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တောင်ငူခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂

မန်နေဂျာ၊ မြဝတီဘဏ်လီမိတက် (ပျဉ်းမနား)	နှင့်	၁။ ဒေါ်သီတာဝင်း ၂။ ဦးရဲလင်း
တရားနိုင်		**တရားရှုံးများ**

တောင်ငူခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁၂/၂၀၁၁အမှုတွင်ရရှိသော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန် တရားရုံးပိုင်အောက်ဖော်ပြပါပစ္စည်းများကို (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁ ရက်) ၁၀-၅-၂၀၁၃ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာတွင် လေလံတင်ရောင်းချလိမ့်မည်။

အများပြည်သူတို့ရှေ့ လေလံတင်ရောင်းချမည်ဖြစ်၍ လေလံဆွဲဝယ်သူများသည် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တောင်ငူမြို့၊ (၂၁)ရပ်ကွက်၊ ဇေယျာခင်ဦး ၃ လမ်း၊ အကွက်အမှတ်နှင့်အမည်-၁၊ ထီးနီကုန်း၊ ဦးပိုင်အမှတ် ၃၃/၂၉၃၊ ဧရိယာ ၀ ဒသမ ၀၆၇၈ဧက၊ မြောက်လားသော် ၃ လမ်း၊ အရှေ့လားသော် လမ်းကြား၊ တောင်လားသော် အစိုးရကျုံး၊ အနောက်လားသော် အယ်လ်ဒါ(ခ)မာသာဟရ်တီးနားအတွင်းရှိ နှစ် ၃၀ဂရန်မြေတစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၁၇၊ နှစ်ထပ်၊ RC သွပ်မိုး၊ အဆောက်အအုံတစ်လုံး၊ နှစ်ထပ်အုပ်နံကပ်+တစ်ထပ် RC သွပ်မိုး အဆောက်အအုံတစ်လုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၇၅၀(ကျပ်သိန်း ခုနစ်ရာ့ငါးဆယ်တိတိ)

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း မမှန်စကားပါခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်မှာ ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်စည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၄။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၅။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စိုး)
ခရိုင်တရားသူကြီး
တောင်ငူခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ နေကြာ ၇ လမ်း၊ မြေကွက်အမှတ်(ဉ-၇၄၄၄)၊ မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်ဝင်း အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးအောင်ဝင်းက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်မဒေါ်ရီရီဝင်းမှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ် ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီဝင်း ၉/ပမန(နိုင်)၀၁၁၀၄၃
အမှတ်(၇၀၄၀)၊ သော်ကလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ နေကြာလမ်း၊ မြေကွက်အမှတ် (ဉ-၇၄၄၁) မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဆလိုင်းဇော်ဝင်းရွှေ အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးဆလိုင်းဇော်ဝင်းရွှေက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်မ ဒေါ်ရီရီဝင်းက ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီဝင်း ၉/ပမန(နိုင်)၀၁၁၀၄၃
အမှတ် ၇၀၄၀၊ သော်ကလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း(၁)၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၃၀၃ မြေကွက်မှာ ဦးလှကြီး BW -၀၂၇၉၆၄ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။
၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်သီသီခိုင်(ဘ)ဦးစံဦး ၁/မကန(နိုင်)၀၀၅၂၃၂က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီး ဖြစ်ပါသည်။
၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝေသဇင်ခိုင် ၉/ပမန(နိုင်)၂၃၄၁၈၁
မေတ္တာလမ်း၊ ပေါင်းလောင်း (၁)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပီတိနှလုံး အပြုံးမျက်နှာ

"တန်ဖိုးနည်း မိုဘိုင်းဖုန်း သုံးစွဲခွင့်ရလို့ ဝမ်းသာတယ်"ဟူသည့် လှိုက်လှဲဝမ်းသာသည့် ရင်တွင်းပီတိစကားများကို နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် မြင်တွေ့ကြားသိနေရသည်။ ယင်းပီတိစကားသံစဉ်တို့သည် နေပြည်တော် ပျဉ်းမနားမှသည် နိုင်ငံတစ်ဝန်းထိ ဘဝဂ်လျှံတက်စေမည့် စကားသံစဉ်တို့ပါတကား။

"ကျွန်တော်တို့အနေနဲ့ ပြည်သူတွေကို မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ ပြည်သူတွေရဲ့ တန်ဖိုးနည်း မိုဘိုင်းဖုန်းလျှောက်လွှာက ခုနစ်ထောင်ကျော်ရှိပါတယ်။ လျှောက်လွှာကို ပိတ်ရက်မရှိ လက်ခံပေးနေပါတယ်။ လျှောက်ထားသူအားလုံး ရရှိပါမယ်။ အရင်လျှောက်ထားသူကို အရင်ပေးတဲ့စနစ် မဟုတ်ပါဘူး။ မြို့နယ်အတွင်းမှာရှိတဲ့ လျှောက်ထားသူ ပြည်သူတွေအားလုံး မျှမျှတတဖြစ်အောင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်တွေ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ရပ်ကွက်၊ ကျေးရွာ အထောက်အကူပြုကော်မတီဝင်တွေနဲ့ လျှောက်ထားသူ ပြည်သူတွေရဲ့ ရှေ့မှောက်မှာ တန်ဖိုးနည်း မိုဘိုင်းဖုန်း Sim Card ထုတ်ယူရမယ့် မိမိရဲ့ စီနီယာကို မဲနှိုက်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် အားလုံး မျှမျှတတဖြစ်သွားပါတယ်။ အခုအပတ်မှာ ကျွန်တော်တို့ မြို့နယ်အတွက်ရတဲ့ Sim Card ၇၅၀ ကို မဲနှိုက်လို့ရတဲ့ စီနီယာအမှတ်စဉ် ၁ ကနေ ၇၅၀ ထိ ထုတ်ယူရပါမယ်။ နောက်အပတ်တွေမှာ မဲနှိုက်စရာမလိုဘဲ ဒီစီနီယာအမှတ်စဉ်အတိုင်း သွားပါမယ်။ နောက်ထပ်လျှောက်ထားတဲ့သူတွေကိုလည်း သူ့စီနီယာအတိုင်း ထုတ်ယူခွင့်ရရှိသွားအောင် ဆောင်ရွက်ပေးသွားပါမယ်။ အများပြည်သူတို့ရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်နေပါတယ်"ဟု ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်က ပြောကြားခဲ့သည်။ ဆိုင်ကယ် ရောင်းဝယ်သူ ကိုမောင်မောင်စိန်က "တန်ဖိုးနည်းနည်းနဲ့ ဖုန်းကိုင်ခွင့်ရတော့မှာမို့ ကျွန်တော်ဝမ်းသာတယ်။ အခု ပထမအသုတ်မှာ မဲပေါက်ပါတယ်။ စနစ်တကျ မျှမျှတတနဲ့ အများပြည်သူရှေ့မှာ ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာအောင် ဆောင်ရွက်ပေးလို့ ကြည်ဖြူကျေနပ်ကြပါတယ်"ဟု ဆိုသည်။

အသက် ၁၃နှစ်အရွယ် ကျောင်းသူ မခင်စောရီကလည်း "သမီးက ဉယျာဉ်စု ၄ လမ်း ပျဉ်းမနားမြို့ကပါ။ လူတွေအများကြီးရှေ့မှာ မဲနှိုက်ကြတယ်။ သမီးကိုယ်တိုင် မဲနှိုက်တာ။ မဲပေါက်လို့ပျော်တယ်"ဟု ရင်တွင်းစကားပြောကြားခဲ့သည်။

ဦးပဉ္ဇင်းကလည်း "မဲပေါက်လို့ ဝမ်းသာရပါတယ်။ နောက်လူတွေလည်း သူ့စီနီယာအတိုင်းရမယ်ဆိုလို့ ဝမ်းသာပါတယ်"ဟု ပျဉ်းမနားမြို့ အောင်မင်္ဂလာ ကျောင်းတိုက်မှ ရှင်အဂ္ဂက မိန့်ကြားခဲ့သည်။

သူ့ဆီမှကိုယ့်ဆီ၊ ကိုယ့်ဆီမှသူ့ဆီ အပြန်အလှန် ကူးစက်ပျံ့နှံ့နေမည့် သာယာချိုမြိန်သည့် ရင်တွင်းစကားသံစဉ်များအား အပြုံးမျက်နှာဖြင့် ထပ်ဆင့်မွမ်းမံ ခြယ်သလိုက်သောအခါ. . . ။

မင်းမင်းဇော်(ကလေး)

လောင်းလုံမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ထားဝယ် မေ ၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ်တွင် မြို့နယ် ဆောက်လုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်က လောင်းလုံ-ထားဝယ်လမ်းမကြီးရှိ သဗျာကျေးရွာ၌ မြေနိမ့်၍ မိုးတွင်းလမ်းရေကျော်မှုဖြစ်ခဲ့သော လမ်းပိုင်းသုံးပိုင်းနှင့် တံတားငယ်တစ်စင်း အဆင့်မြှင့်တင် ခင်းကျင်းဆောင်ရွက်နေမှုများကို တွေ့ရှိရသည်။

"ဒီတံတားငယ်တစ်စင်းနဲ့ တစ်ဆက်တစ်စပ်တည်း မိုးတွင်းအခါ ရေကျော်လမ်းပိုင်းသုံးပိုင်းကို အမြင့် သုံးပေအထိမြှင့်တင်ပြီး ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်နေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"ဒီနေရာတွေမှာ ဝါဆို၊ ဝါခေါင်ဆို လမ်းမကြီးပေါ်မှာ ရေပြင်ကြီးဖြစ်ပြီး စီးနေတော့ ခရီးသွားလာမှု နှောင့်နှေးခဲ့ရတယ်။ အခုလိုလမ်းကို မြင့်အောင် ကွန်ကရစ်လမ်းအဖြစ် မြှင့်တင်ပေးလိုက်တော့ မိုးတွင်းဆို ခရီးသွားလာတဲ့အခါ ကြန့်ကြာမှုမရှိတော့ဘဲ ပိုပြီးအဆင်ပြေလာမှာမို့ ကျေးဇူးတင် ဝမ်းသာမိပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

(ဓါတ်ပုံ) **သန်းဌွေး**

မူဆယ်(၁၀၅)မိုင်တွင် ကျောက်စိမ်းများ ဖမ်းဆီးရမိ

မူဆယ် မေ ၃

ရှမ်းပြည်နယ် မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်မှ Mobile Team အဖွဲ့က ကုန်တင်ယာဉ်များကို တရားမဝင်ကုန်ပစ္စည်းများ၊ အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာခြင်းရှိ မရှိကို ပုံမှန်စစ်ဆေးဆောင်ရွက်ရာ ဧပြီ ၃၀ ရက် ညနေ ၄ နာရီက လားရှိုးဘက်မှလာသော တရုတ်နိုင်ငံလုပ် ဒေါင်ဖန်းကိုင်းတပ်(ဈေးပတ်ယာဉ်)ပုံစံကို ရပ်တန့်စစ်ဆေးရာ ဖွဲ့ခွံများဖြင့် ရောနှောတင်ဆောင်လာသည့် ကျောက်စိမ်းတုံးကြီး ၂၁ တုံးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရရှိခဲ့ကြောင်း သတင်းရရှိသည်။

အယ်လ်စိုး(Iprd)

လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

ရှမ်းပြည်နယ် ကျိုင်းတုံရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့ ရပ်ကွက်(၄)နေ ဦးတင်မောင်ဆွေ (၅၀ နှစ်)၏ နေအိမ်ခြံဝင်းအတွင်း ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းက ဝင်ရောက်ရှာဖွေရာ ၆ဃ/----နံပါတ်ပါ ဖော်ကျူးနားခဲရောင် တစ်စီး၊ ၄ဃ/----နံပါတ်ပါ TOYOTA-IST နံ့သာရောင် တစ်စီး၊ ၂ဃ/----နံပါတ်ပါ TOYOTA-IST အနီရောင်တစ်စီးကို တွေ့ရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီ ကျိုင်းတုံမြို့ ရပ်ကွက်(၃)နေ ဦးစိုင်းလော်ဂူး (၄၂ နှစ်)၏ နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ ၁င/---- နံပါတ်ပါ မတ်တူးယာဉ်တစ်စီး၊ ၄ဂ/---- နံပါတ်ပါ မတ်တူးယာဉ် တစ်စီး၊ ၄ဂ/----နံပါတ်ပါ အီစူဇူး ခဲရောင်တစ်စီးတို့ကို တွေ့ရှိခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ မော်တော်ယာဉ်များမှာ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်ကြောင်း သိရှိရသဖြင့် ကျိုင်းတုံရဲစခန်းတွင် ခေတ္တထိန်းသိမ်းထားရှိပြီး လိုင်စင်မဲ့ယာဉ်များ လက်ဝယ်ထားရှိသူ ဦးတင်မောင်ဆွေနှင့် ဦးစိုင်းလော်ဂူးတို့အား ကျိုင်းတုံရဲစခန်းက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ဇာနည်

Organize by ZBSL ZILLION BUSINESS SERVICES LIMITED Contact Us :09 5019772, 09 5080125, 09 73140262
Myanmar Mobile Fair
Venue: UMFCCI Ballroom Date: 10.05.2013 to 12.05.2013 Time: 9:00 am to 6:00 pm

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၅။

ဒေါ်ခင်မြင့်(ခ)ကျမ်းကျင်းကျီ **နှင့်** ၁။ ဦးတုန်းလှိုင်
၂။ ဒေါ်ဆိုင်းသောင်(ခ)ဟော်ကိန်းရွှေ

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အမှတ်(၄၇-၄၈/၁၂)နေ ဦးတုန်းလှိုင်၊ ဒေါ်ဆိုင်းသောင်(ခ)ဟော်ကိန်းရွှေ (ယခုနေရပ်လိပ်စာမသိသူအား) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၂၀တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်မြင့်(ခ)ကျမ်းကျင်းကျီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၃ခုနှစ် မေ ၁၄ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးယု)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၁၃၄၀ Hensim 110 m/c ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၉/မရမ(နိုင်)၀၀၃၁၄၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဥဿာမြို့သစ်၊ မြေကွက်ကြီးအမှတ် ၂၃၊ အိမ်ကွက်အမှတ် ၉၁၉၊ ဧရိယာပေ(၄၀×၆၀)အကျယ်ရှိ ဦးချစ်ဆွေ အီးအမ်ဒီပိုင်-၁၁၂၉၀၃ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချခွင့်ရှိသူ ဦးမောင်မောင်လေး ၉/မရမ(နိုင်)၀၃၂၈၉၃ ထံမှ ကျွန်ုပ် ဦးမင်းသူထွန်း ၁၂/စခန(နိုင်)၀၅၀၉၇၅ က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဂရန်လျှောက်ခြင်း၊ အမည်ပြောင်းလဲခွင့်လျှောက်ထားခြင်းများ ဆက်လက်ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထံ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများပြည်သူ သိစေရန်ကြေညာအပ်ပါသည်။ **ဦးမင်းသူထွန်း ၁၂/စခန(နိုင်)၀၅၀၉၇၅**
ဖုန်း-၀၉-၅၀၄၃၆၄၆

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅/သမိုင်း၊ မြေကွက်အမှတ် ၂၇ အစိတ်အပိုင်း ၀ ဒသမ ၀၅၀၈ဧကခန့်၊ မြေကွက်တည်နေရာအမှတ် ၇၂/က၊ ဦးလွန်းမောင်လမ်းသွယ်(၄)လမ်း၊ ၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၈-၆-၂၀၁၃ ရက်စွဲပါစာအမှတ် ၁၀၀/၇-၈၀/ရေး-၃ မြေသိမ်းဆည်းခြင်းအမိန့်၊ ၂၃-၇-၂၀၁၃ ရက်စွဲဖြင့် ဦးရဲမင်းထံမှ ဝယ်ယူထားသည့် အရပ်ကတိအရောင်းအဝယ်စာချုပ်များ တင်ပြ၍ ဒေါ်အေးအိအိဌေး ၁၂/လကန(နိုင်)၁၆၅၉၃၄က အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)ချထားပေးပါရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂အက်ဖ်၊ မြေကွက်အမှတ် ပဉ္စမတန်းစား ၉၈ဘီ၊ မြေကွက်တည်နေရာအမှတ် ၇၅၊ ဒေါ်သိန်းတင်လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအဘူဘာကာ(ခ)ဦးဘာကယ် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအဘူဘာကာ(ခ)ဦးဘာကယ် ကွယ်လွန်သဖြင့် (၁)ဒေါ်ဆလေခါဘီဘီ(ခ)ဒေါ်ချို ၁၂/ကတတ(ဧည့်)၀၀၀၄၄၈၊ (၂)ဒေါ်ခါတွန်(ခ)ဒေါ်သန်းသန်း ၁၂/ကတတ(နိုင်)၀၀၈၁၉၆၊ (၃)ဒေါ်အေးအေးခိုင် ၁၂/ကတတ(နိုင်)၀၂၂၄၃၁၊ (၄)ဦးဝင်းနိုင်(ခ)ဦးမိုဟာမက်အလီ ၁၂/ကတတ(နိုင်)၀၀၀၂၁၅၊ (၅)ဦးသန်းနိုင်(ခ)ဦးမိုဟာမက်အလီ ၁၂/ကတတ(နိုင်)၀၀၀၆၈၈၊ (၆)ဦးမြင့်နိုင်(ခ)ဦးဇင်မျိုးနိုင် ၁၂/ကတတ(နိုင်)၀၂၂၄၃၂၊ (၇)ဦးခင်မောင်ချို ၁၂/ကတတ(နိုင်)၀၁၅၃၉၅၊ (၈)ဒေါ်အမာဂျန်(ခ)ဒေါ်ခင်ရွှေ ၁၂/ကတတ(နိုင်)၀၁၈၈၈၁၊ (၉)မောင်ဇင်မင်းထွန်း ၁၂/ကတတ(နိုင်)၀၂၈၉၉၃၊ (၁၀)မအေးမြစန္ဒာ ၁၂/ကတတ(နိုင်)၀၃၀၀၈၅၊ (၁၁)မောင်ပိုင်စိုးဦး ၁၂/ကတတ(နိုင်)၀၃၁၅၆၄ တို့က ဇနီးများနှင့် သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၉ အီး[၂]၊ မြေကွက်တည်နေရာအမှတ် ၃၉၊ သာယာဝတီလမ်း၊ ဗဟန်းမြို့နယ် တန်ကျင်ကုတ်(ခ)မောင်ထွန်းအောင် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (ခင်ပွန်း)တန်ကျင်ကုတ်(ခ)မောင်ထွန်းအောင် ကွယ်လွန်သဖြင့် (ဇနီး)ဒေါ်ချန်ပိုးလွမ်း(ခ)ဒေါ်ခွေးမ(ခ)ဒေါ်ပိုလွမ်းကပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၇၄၁/၂၄-၁၀-၁၉၇၇ဖြင့် ပိုင်ဆိုင်ပြီး ၎င်းကွယ်လွန်သဖြင့် ဒေါ်ခင်ခင်မြ ၁၂/ဗဟန(နိုင်) ၀၇၀၉၀၇၊ ဒေါ်သင်းသင်းဝေ ၁၂/ဗဟန(နိုင်)၀၇၄၃၄၄၊ ဒေါ်မြင့်မြင့်ဝေ ၁၂/ဗဟန(နိုင်)၀၇၀၉၀၄၊ ဦးဝင်းမြင့် ၁၂/ဗဟန(နိုင်)၀၆၉၈၄၃၊ ဒေါ်အေးအေးဝေ (ကွယ်လွန်)၏ခင်ပွန်းတော်စပ်သူ ဦးထွန်းထွန်း ၁၂/စခန(နိုင်)၀၂၆၈၃၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ ဦးဝင်းမြင့်မှ ၎င်းကိုယ်တိုင်နှင့် ဒေါ်ခင်ခင်မြ+၃ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၁၆၈၃/၂၉-၁-၂၀၁၃ရယူပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈စီ[၁]၊ မြေကွက်အမှတ် ၁၂၃၈၊ မြေကွက်တည်နေရာအမှတ် ၄၆၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်ကျော့ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ကျော့ (အပျိုကြီး)ကွယ်လွန်သဖြင့် တူ တူမဖြစ်သော ဦးအုန်းကြည်နှင့် ဒေါ်သန်းနုတို့သာရှိပြီး ဦးအုန်းကြည်ကွယ်လွန်သဖြင့် ဇနီး ဒေါ်သောင်းကြည် ၁၂/စခန(နိုင်)၀၂၃၈၁၃နှင့် ဒေါ်သန်းနု ကွယ်လွန်သဖြင့် ၎င်း၏ကိတ္တိမမွေးစားသား စာချုပ်အမှတ် (၄/၇၉၀) (၂၂-၇-၆၆)ဖြင့် ဦးဝင်းကြည် ၁၂/စခန(နိုင်)၀၂၆၅၂၄၊ ဦးခင်မောင်စိုး ၁၂/စခန(နိုင်)၀၂၄၃၀၆၊ ဦးမြင့်သိန်း ၁၂/စခန(နိုင်)၀၂၃၈၁၅တို့က မွေးစားသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား ပေ (၄၀×၈၀)၊ ဘိုးဘွားပိုင်
ဖုန်း-၀၉-၄၂၁၁၀၇၆၄၅

ရောင်းရန်ရှိသည်

လုပ်ငန်းသုံး တစ်ပတ်ရစ်ဝါးဘိုးဝါးများ ရောင်းရန် ရှိသည်။
ဆက်သွယ်ရန်ဖုန်း
၀၉-၄၂၀၀၄၀၇၀၀

အိမ်နှင့်ခြံရောင်းမည်

ရှမ်းပြည်တောင်ပိုင်း၊ အောင်ပန်းမြို့၊ ၂ ရပ်ကွက်၊ အမှတ်(၇၁)၊ ပေ (၁၁၀×၁၁၀)၊ မြို့လယ်ခေါင်ဈေး၊ ကျောင်းနီး၊ သမခန်းမနောက်၊ အရှုပ်အရှင်းကင်း။ **ဦးမြင့်သိန်း ဖုန်း-၀၉-၄၂၀၇၀၈၉၃၉**

အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး
Lift ပါ B.C.C ရပြီး
Penth - House (48' x 73')
ပွဲစားမလို-ရောင်းမည်။
ဖုန်း-၀၉-၇၃၁၇၄၄၃၀၊ ၀၉-၅၀၂၁၆၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် ၈၄၊ အကျယ်ပေ(၃၁၀×၂၄၁)ရှိ မြေကွက်အနက်မှ တောင်ဘက်ခြမ်းအကျယ်ပေ (၁၉၀×၂၄၁)ရှိ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးရဲမြင့် ၁၂/မဂတ(နိုင်)၀၄၃၈၁၃ထံမှ ခွဲစိတ်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာ့အေးဗီလာ(B-6)နေ (ဗေယျာကျော်ထင် ဗိုလ်မှူးကြီးတင်သိန်း၊ နိုင်ငံတော်ကောင်စီဝင်၊ ငြိမ်း)၏ဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်မေမောင်တို့၏မိခင်ကြီး ဒေါ်ခင်ခင်သည် ၁-၅-၂၀၁၃ရက်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ
ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ကျေးဇူးအထူးတင်ရှိခြင်း

၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင် (၈၅)နှစ် နာမကျန်းဖြစ်စဉ် ဆေးကုသပေးခဲ့ကြသော LEO Family I nternational မှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဝိတိုရိယဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြသူများ၊ ဖုန်းနှင့်သတင်းမေးကြသူများ၊ လူကိုယ်တိုင် အားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၅-၂၀၁၃ရက်တွင် ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ကြသော ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခြားသော ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု
သားသမီးများနှင့် မြေးမြစ်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးသန်းအောင်

အသက်(၄၈)နှစ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတင်မြင့်၏သားကြီး ဦးစိုးသန်းအောင်သည် ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၂း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး

အသက်(၄၇)နှစ်

ဗိုလ်မှူးချုပ်အောင်ဆန်းဝင်းနှင့် ဗိုလ်ချုပ်အောင်ရဲဝင်းတို့၏ညီ၊ ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)သည် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲမင်း(နိုင်ငံတော်သမ္မတရုံး)
ဦးခင်လတ်(နိုင်ငံတော်သမ္မတရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ခိုင်ဝင်း(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း)

ခရိုင်အုပ်ချုပ်ရေးမှူး

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး

ရန်ကုန်မြောက်ပိုင်းခရိုင်

အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်ဝင်း(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း) သည် ၃၀-၄-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်အထူးကုဌာနတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု

ဘုရား၊ရဟန်း၊ကျောင်းအမကြီး

ဒေါ်ရွှေ (မိုးကုတ်ယောဂီ)

အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်ထော်မြို့နေ(ဦးအေးမောင်-ဒေါ်စိန်မြိုင်)တို့၏ သမီး၊ ဦးသူရိဇ(ဝိုင်းရွာကျောင်းတိုက်၊ ကြို့ပင်ကောက် သံဃနာယက)၊ ဦးခင်မောင်စိုး-ဒေါ်မြင့်မြင့်လှိုင်၊ ဦးဦးကျော်မောင်-ဒေါ်သစ်သစ်၊ ဦးခင်မောင်လှ-(ဒေါ်အေးအေးမော်)၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၈၇နေ ဦးအောင်ဆွေဦး-ဒေါ်ငွေငွေဝင်း၊ ဦးဝင်းနိုင်-ဒေါ်အေးအေးသိန်း၊ ဦးမြင့်လွင်-ဒေါ်ဝင်းဝင်းခိုင်တို့၏ မိခင်၊ မြေး ၁၅ယောက်တို့၏အဘွား၊ (ဦးတင်စိန်)၏ဇနီးသည်၃၀-၄-၂၀၁၃ရက်(အင်္ဂါနေ့)နံနက်၁၁း၅၅နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၃ရက်(တနင်္လာနေ့)နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၈၇နေအိမ်၌ နံနက် ၅နာရီတွင် အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး၊ နံနက် ၁၁နာရီတွင် မိုးကုတ်ရုံးချုပ်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစိုးသန်းအောင်

(ရေစကြိုမြို့နယ်)

H.G.P, B.Sc (Phys)

အထက်တန်းရှေ့နေ၊

စ·စ·စ(စုံစမ်းရေးမှူး၊ ငြိမ်း)

အသက်(၄၈)နှစ်

နေပြည်တော်နေ ဦးတင်မြင့်(အဖွဲ့ဝင်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး)-ဒေါ်သန်းနုတို့၏သားကြီး၊ မုံရွာမြို့နေ ဒေါ်ချိုချိုလွင်(လ/ထ ကထိက၊ သချာဌာန၊ ကလေးတက္ကသိုလ်)၏ခင်ပွန်း၊ မောင်သန့်ဇင်စိုး(တပ်မတော်ဆေးတက္ကသိုလ်၊ ပထမနှစ်)၊ မောင်အောင်ခန့်မင်းတို့၏ဖခင်၊ တောင်ကြီးမြို့နေ ဒေါ်မိုးမိုးမြင့် (တွဲဖက်မြို့နယ်တရားသူကြီး)-ဒုရဲအုပ်ကျော်ဦး၊ မန္တလေးမြို့နေ ဦးမျိုးမြတ်(ကျောက်ကုန်သည်)-ဒေါက်တာကြည်မာ(ကထိက၊ မန္တလေးတက္ကသိုလ်၊ IR ဌာန)၊ ရွှေဘိုမြို့နေ ရဲအုပ်ရဲခေါင်(ခရိုင်ရဲတပ်ဖွဲ့မှူးရုံး) - ဒေါ်လဲ့ဝါလင်း(ချစ်ခေါင်လင်းစတိုး)၊ မန္တလေးမြို့နေ ဦးရဲထွန်းနိုင် (မြန်မာသူရကျောက်မျက်ကုမ္ပဏီ) - ဒေါ်မေကြည်လွင် (ရွှေနန်းသဇင်ပိုးထည်)တို့၏အစ်ကိုသည် ၃-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် မုံရွာမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗေယျာကျော်ထင် ဗိုလ်မှူးကြီးထွန်းမြင့် (ငြိမ်း)

ကြည်း-၅၃၂၉

ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း

အသက်(၉၃)နှစ်

(ဦးအောင်လှ-ဒေါ်စံ)တို့၏သား၊ (ဒေါ်မမကြီး)၊ (ဦးထွန်းရှိန်)၊ (ဒေါ်သန်းတင်)တို့၏မောင်/ညီ၊ ဦးစောရီ၊ ဒေါ်စောခင်လေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာလမ်း၊ ခြံအမှတ် ၆(ဂ)နေ (ဒေါ်သန်းညွန့်)၏ခင်ပွန်း၊ ဒေါ်ခင်ဝင်းမြင့် (တွဲဖက်ပါမောက္ခ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ငြိမ်း)၊ ဦးဇော်ဝင်းမြင့်၊ ဒေါ်သဇင်သန်းတို့၏ဖခင်၊ ကိုဇော်ထက်အောင်၊ မအေးမြတ်ခိုင်၊ ကိုစိုးသူရှိန်စီ၊ မဆွေနှယ်လှိုင်၊ မဖြူဇင်သွယ်တို့၏အဘိုးသည် ၃-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မင်္ဂလာဒုံတပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်သည့်အတွက် ယင်းနေ့ နံနက်တွင် ပို့ဆောင်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးထွန်းမြင့် (ငြိမ်း)

ကြည်း-၅၃၂၉

ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

အသက်(၉၃)နှစ်

ကြည်း-၅၃၂၉ ဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း)၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူး (ငြိမ်း)သည် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ(ခုတင်-၅၀၀)၌ ၃-၅-၂၀၁၃ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်ဗေယျာကျော်ထင်ကျော်ညွန့်-ဒေါ်သီတာစိန်
ဆက်သွယ်ရေးညွှန်ကြားရေးမှူး

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး

ရန်ကုန်တိုင်းဒေသကြီး

အသက်(၄၇)နှစ်

ဒေါ်နှင်းဆီထွန်း၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီးသည် ၃၀-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဒုတိယဗိုလ်မှူးကြီးအေးလှိုင်-ဒေါ်မော်မော်ဝင်း

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး

အသက်(၄၇)နှစ်

ဒေါ်နှင်းဆီထွန်း၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီးသည် ၃၀-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဒုတိယဗိုလ်မှူးကြီးအောင်ချို(ငြိမ်း)-ဒေါ်နန်းစောဥမ္မာဝင်း
ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး

ရန်ကုန်တိုင်းဒေသကြီး

အသက်(၄၇)နှစ်

ဒေါ်နှင်းဆီထွန်း၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီးသည် ၃၀-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။ **ရန်ကုန်(တောင်ပိုင်းခရိုင်)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစုများ**

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးရဲနိုင်၊ ဒေါ်ခင်ခင်ခတို့၏ဖခင် ဦးဘိုးတင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၇) ဗိုလ်လောင်းသင်တန်းမှ
သူငယ်ချင်းများနှင့်ဇနီးများ

ရဟန်း၊ ကျောင်း ဒါယိကာမ

ဒေါ်ယဉ်ကြည်

အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးလူစံ-ဒေါ်မြကျင်)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်စောခင်၊ ဆင်နှစ်ကောင် ဆေးပြင်းလိပ်)တို့၏ချွေးမ၊(ဦးသိန်းလွင်)၏ဇနီး၊ဦးဇော်ဝင်း-ဒေါ်လွင်လွင်ဦး၊ဒေါ်စုစုလွင်၊ဦးလှမွန်-ဒေါ်မာမာလွင်၊ ဦးကျော်သန့်စင်-ဒေါ်အိအိလွင်၊ ဦးလှိုင်မင်း-(ဒေါ်သီတာလွင်)တို့၏မိခင်၊မြေးကိုးယောက်တို့၏အဘွားသည် ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၉၀၊ သူရလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်တင့် (ပုသိမ်)

အသက်(၈၀)

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သီတာလမ်း၊ အမှတ် ၁၀နေ (ဦးမောင်စွတ်-ဒေါ်ကျင်မြ)တို့၏သမီး၊ (ဦးဖိုးဆိုင်-ဒေါ်စိန်ယုံ)တို့၏သမီးချွေးမ၊ (ဦးတက်ဖြိုး)၏ဇနီး၊ (ဒေါ်စန်းစန်းမြင့်)၊ ဦးအုန်းသန်း(ခ)အင်းယား၊ဒေါ်ကျင်လှ၊ဦးခင်ဇော်-(ဒေါ်ကြည်ကြည်မြ)၊ ဦးစိုးသန့်ဖြိုး၊ ဦးထွန်းသန့်ဖြိုး-ဒေါ်ချိုချိုပြုံး၊ ဦးအေးသန့်ဖြိုး၊ ဒေါ်စန်းစန်းဝင်း၊ ဦးစံနိုင်-ဒေါ်စန္ဒာဖြိုးတို့၏မိခင်၊ မမျိုးမျိုးအေး၊ မသန္တာအေး၊ မောင်အောင်ကိုထက်၊ မောင်အောင်မျိုးဇော်၊ မောင်ရဲမျိုးဇော်၊ မအေးအေးဖြိုး၊ မဆုလှိုင်ဖြိုး၊ မအိမ့်သဲခိုင်ဖြိုး၊ မောင်သိန်းဇံတိုး၊ မအိမ့်ဖြိုးသက်၊ မောင်မြင့်မြတ်စံတို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၃ရက်(စနေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းခင်(အင်းရဲ၊ကျုံပျော်)

ရေကြည်မြို့နယ်အသင်း၊

ရာသက်ပန်အသင်းဝင်

အသက်(၉၄)နှစ်

ကျုံပျော်မြို့နယ်၊ အင်းရဲတိုက်နယ်နေ (ဦးစံဖေ - ဒေါ်မယ်မြ)တို့၏သမီး၊ ရေကြည်မြို့လှည်းဆိပ်ပိုင်းနေ(ဦးကျားဘို-ဒေါ်ချစ်ကဲ)တို့၏ချွေးမ၊ကျုံပျော်မြို့နေ (ဒေါ်ခင်ကြည်-ဦးအေးမောင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၅ရပ်ကွက်(တောင်ပိုင်း)၊ သုမန ၂လမ်း၊ အမှတ် ၃၆၀နေ (ဦးတင်မြင့်)၏ဇနီး၊ (ဒေါ်စန်းရီ)၊ ဦးလှခိုင်၊ ဦးဇော်ဝင်း၊ (ဦးမော်လင်း)၊ ဒေါ်သီဂီမြင့်၊ ဦးရဲထွန်းတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၂၇ယောက်၊ တီခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၅-၂၀၁၃ရက် (သောကြာနေ့)နံနက် ၈း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဝါးခယ်မမြို့မဟာစည်သာသနာ့ရိပ်သာ ဆွမ်းစားကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်စိန်

အသက်(၈၆)နှစ်

ဝါးခယ်မမြို့၊ အမှတ် ၆၃၊ မြို့ရုံးလမ်း၊ စာရေးကုန်းနေ ဦးထွန်းလှ-ဒေါ်စောမြတို့၏သမီး၊ (ဦးကျော်မြင့်)၏ဇနီး၊ ဦးဝင်းနိုင်၊ဒေါ်အေးအေးသန်း၊ဦးစိုးသိန်း၊ ဒေါ်ခင်ဆွေမြင့်၊ (ဦးညွတ်ကျော်)၊ဒေါ်ခင်စမ်းဝင်း၊(ဦးစိုးသိမ်း)-ဒေါ်နွဲ့နွဲ့ရီ၊ဦးမြင့်သန်း-ဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့်တို့၏မိခင်၊ ဦးအုန်းရွှေ-ဒေါ်ခိုင်ဝင်းသူ၊ ဦးခင်မောင်ဦး-ဒေါ်ဖြူနွယ်ဝင်း၊ ဦးမင်းသန့်-ဒေါ်သန္တာလင်း၊ ဒေါ်ယဉ်မျိုးသိန်း၊ ဒေါ်ဆွေဇင်မြင့်၊ ဦးတေဇာညွတ်ကျော်-ဒေါ်ခိုင်နွယ်မျိုးအောင်၊ဗိုလ်မှူးကျော်စွာညွတ်ကျော်-ဒေါ်ခိုင်ဇင်ယု၊ ဒေါ်အေးငြိမ်းသူ၊ ဒေါ်သန့်ဇင်သူ၊ ဦးကျော်ညွတ်၊ ဦးအောင်ဇော်မင်း၊ ဒေါ်သန္တာကြွယ်၊ ဦးသန်းထိုက်အောင်-ဒေါ်မျိုးပပ၊ မအေးအေးခိုင်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၅-၂၀၁၃ရက်(သောကြာနေ့)နံနက် ၆း၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဝါးခယ်မမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

U Kam Dal (ခ) ကိုချင်း

(Gardener, Regina Hotel ၊

တာချီလိတ်မြို့)

အသက်(၅၈)နှစ်

ချင်းပြည်နယ်၊တီးတိန်မြို့နယ်၊ဆွောင်းဒေါကျေးရွာနေ (Pu Tun Khua Hau-Pi Pau Za Cing) တို့၏သားကြီး၊ Rev. Pum Lamh Thang (သင်းအုပ်၊ဆွောင်းဒေါနှစ်ခြင်းအသင်းတော်)-Nu Kiim Khan Nuam, Pa Hau Pum Nang (အုပ်စုစာရေး၊ ဒေါလ်လွင်ကျေးရွာအုပ်စု)-ဆရာမ Khai Lamh Cing (LHV), (Tg.Hau Cin Kaang) တို့၏အစ်ကိုကြီး၊ (Nu Ngiak Khua Hau-Capt. Ngin Khua Mang, Rtd.), (Nu Ciin Khua Dim), Pa Lam Khua Pau-Nu Dim Thian Cing, (Nu Thain Khua Vung-Pa Kam Za Thang), (Pa Mang Khua Thawng)-Nu Ciang Lamh Cing တို့၏တူသည် ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၉ နာရီတွင် တိုက် ၂၁၊ အခန်း ၀၀၂၊ မြမင်္ဂလာလမ်း၊စစ်တောင်းရိပ်မွန်၊ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ Pa Lam Khua Pau-Nu Dim Thian Cing တို့ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၅-၂၀၁၃ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ကုန်သည်လမ်းရှိ Full Gospel Assembly ဘုရားကျောင်း၊ ဗိုလ်မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းနှစ်ခြင်းဘုရားကျောင်းနှင့်ယုဇနစစ်တောင်းရိပ်မွန် နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဝဏ္ဏာသာမိ မဟာထေရ်

သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါ

ကျောက်ဖြူခရိုင်၊ စနဲပိုင်၊ ငပြေမရွာ၊ ငပြေမကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝဏ္ဏာသာမိသည်(၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်) ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် တစ်ဘဝခန္ဓာဇာတ်သိမ်း ငြိမ်းတော်မူပြီးဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားကြေညာအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဦးကျော်ငြိမ်း(ပုသိမ်-ကန်ကြီးဒေါင့်) B.A, B.L

ညွှန်မှူး(စီမံ)(ငြိမ်း)၊ ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန

(ပုသိမ်အသင်း သက်ကြီးအပူဇော်ခံ)

အသက်(၉၈)နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ အမှတ် ၃၅နေ (ဦးထွန်းဆိုင်-ဒေါ်သင်)တို့၏သား၊ (ဒေါ်မြရှိန်)၏ခင်ပွန်း၊ ဒေါက်တာဝင်းမြင့်စိန်-ဒေါ်ခင်သန်းအေး၊ ဦးလှဝင်း-ဒေါ်ခင်အေး(ပတခ၊ ငြိမ်း)တို့၏ဖခင်၊ (ဦးချစ်မောင်)၊ (ဦးထင်ကျော်)တို့၏ညီ၊ (ဦးကျော်စိန်)၊ (ဒေါ်မြခင်)၊ ဒေါ်မြတင်၊ (ဦးကျော်မြင့်)၊ ဦးဝင်းမောင်(မင်းယုဝေ)တို့၏အစ်ကို၊ ကိုနေမျိုးဝင်း၊ ကိုအောင်ဖြိုးဝင်း-မသင်းသန္တာအိ၊ ကိုစိုးဝင်းမော်၊ မအေးအေးမော်တို့၏အဘိုးသည် ၃-၅-၂၀၁၃ရက်(သောကြာနေ့)နံနက် ၈း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ဖန်မွေး

အသက်(၉၆)နှစ်

မုဒုံမြို့၊ မြို့မ ၃လမ်းမကြီးရပ်၊ မော်-သံလမ်း၊ အမှတ် ၁၄၄-ဘီနေ (ဦးပွန်းနား-ဒေါ်မြိုင်)တို့၏သမီးကြီး၊ (ဦးကင်ရှမ်း)၏ဇနီး၊ မေသက်ထား(ကုန်မာဆိုင်)မိသားစု၏မိခင်ကြီး၊ [ဦးဝွမ်ဆွန်း(ခ)ဦးမျိုးသူ]-ဒေါ်စန်းမြင့်၊ ဒေါ်စန်းကြည်၊ ဦးတင်အေး-ဒေါ်ထားထားယဉ်၊ ဦးအုန်းကျော်-ဒေါ်ခင်ငွေဝင်း၊ (ဦးခင်မောင်သန်း)-ဒေါ်တင်တင်ငွေ၊ ဒေါ်မေစန်း(ခ)ဒေါ်တင်တင်မြင့်၊ ဦးအောင်သိန်းမြင့်-ဒေါ်သန်းသန်းနုတို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၂၂ယောက်တို့၏အဘွားသည် ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မုဒုံကန်တော်ကြီး တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နီ

အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ၇လမ်း၊ အမှတ် ၁၄(က)နေ (ဦးချစ်တီး-ဒေါ်ဖွားချစ်)တို့၏သမီး၊ (ဦးစံပွင့်-ဒေါ်သီ)တို့၏သမီးချွေးမ၊ (ဦးမြမောင်)၏ဇနီး၊ဦးသိန်းထွန်း-ဒေါ်နီနီဝင်း(ဂုန်နီစက်ရုံ)၊ဒေါ်နွဲ့နွဲ့ဝင်း(ဓာတုဗေဒ)၊ ဦးကိုကို(သင့်မိတ်ဆွေ ဆန်စက်)-ဒေါ်ညွန့်ညွန့်သန်း၊ ဒေါ်လှလှဝင်းတို့၏မိခင်ကြီး၊ ဒေါက်တာသုတကိုကို-ဒေါက်တာသဲဖြူဖြူဇင်၊ စွမ်းထက်ကိုကို၊ ဒေါက်တာကျော်လင်းထွန်း၊ ဒေါက်တာကျော်သက်နိုင်တို့၏အဘွား၊ ပိုးသားဖြူဖြူဖွေး၏ ဘွားဘွားကြီးသည် ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၉း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြဇင်(ခ)ဒူးရားမားမား (ကျိုက်ထော်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ လမ်း ၁၅၀၊ အမှတ် ၁၁နေ (ဦးထွန်းဟန်-ဒေါ်သင်းစိန်)တို့၏သမီးကြီး၊ (ဦးဘသာ)၏ဇနီး၊ ဦးချစ်သိန်း(ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)-(ဒေါ်တင်မြ)၊ ဦးချစ်ငြိမ်း(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မြရီ၊ ဦးသောင်း(ရကရ၊ ငြိမ်း)-ဒေါ်လှမြိုင်၊ ဦးသန်းအေး(မြို့တော်စည်ပင်၊ ငြိမ်း)-ဒေါ်ခင်ငွေတို့၏အစ်မကြီး၊ ဦးကြီးရွှေ(တပ်မတော်ဆေး၊ ငြိမ်း)-ဒေါ်သန်းဆင့်၊ [ဦးကျင်တုတ်(ခ)ဦးနေစိုး၊ ဖိုးတုတ်ဝပ်ရှော့]-ဒေါ်စမ်းစမ်းအေး၊ ဦးတင့်ဝေ(BSN, SB Marine)-ဒေါ်ထွေးထွေးသန်း၊ ဒေါ်မာလာခင်၊ ဦးမျိုးညွန့်အောင် (Winner Co., Ltd.)-ဒေါ်နီလာခင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်အိ

အလပြ(ငြိမ်း) (မိုးညှင်း)

အသက်(၇၉)နှစ်

ကချင်ပြည်နယ်၊မိုးညှင်းမြို့နေ(ဦးမြဲ-ဒေါ်ခ)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ အမှတ် ခ/၁၉နေ (ဦးသောင်း)၏ဇနီး၊ ဒေါက်တာတင်ထွန်း (ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်) - ဒေါ်ဥမ္မာမြင့်၊ ဦးမောင်မောင်ချို၊ ဦးဇော်မိုး-ဒေါ်သူဇာအေး၊ ဦးတင်တိုး-ဒေါ်မြင့်မြင့်ခိုင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၃-၅-၂၀၁၃ရက်(သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် စစ်ကိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်စန်းငွေ (ကွမ်းခြံကုန်းမြို့)

(မိုးကုတ်ယောဂီ)

အသက်(၅၉)နှစ်

ကွမ်းခြံကုန်းမြို့၊အမှတ်၂၂၀၊ မြို့သစ် စ/၃လမ်း၊ ကံကြီး/မကျီးရပ်ကွက်နေ ဦးမြင့်စိုး၏ဇနီး၊ မှော်ဘီမြို့၊ ချမ်းအေးမိုးကုတ်ရိပ်သာ အရှင်ပညာသီဟ၏ မယ်တော်ကြီး၊ကိုဇင်မင်းစိုး-မမိုးစန္ဒာဦးတို့၏မိခင်၊ မစုရူပါဖြိုး၊ မောင်ကောင်းထက်နိုင်၊ မပြည့်ပြည့်ဖြိုးတို့၏အဘွား၊ ဆရာမ ဒေါ်ငွေရီ (ဆန်အကျိုးဆောင်)၊ ကိုမြင့်သူ-မမြငြိမ်း၊ ကိုမြင့်ချို-မလဲ့လဲ့တို့၏အစ်မ၊ မဝိုင်းဝိုင်းချစ်(ခ)မသုနှင်းစင်၏အဒေါ်သည် ၃၀-၄-၂၀၁၃ရက်တွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ရေရှားပါးသောဒေသရှိ ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ရေရရှိရေးကူညီဆောင်ရွက်ပေးနေ စေတနာရှင်များကလည်း ပူးပေါင်းပါဝင်လှူဒါန်း

နေပြည်တော် မေ ၃

ယနေ့မွန်းလွဲ ၁ နာရီက စစ်ကိုင်း၊ မကွေးနှင့်မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ ရေရှားပါးသောဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အလှူငွေပေးအပ်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရေရှားပါးသောဒေသ၌ နိုင်ငံတော်နှင့်စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ရေတွင်းများ တူးဖော်နိုင်ခဲ့မှုကြောင့် သောက်ရေ၊ သုံးရေများရရှိခဲ့ရာ ဒေသခံများ ဝမ်းပန်းတသာ လာရောက်သယ်ယူကြစဉ်။

အဆိုပါအခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က မြန်မာနိုင်ငံ အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသများ၌ နွေအခါတွင် ရေရှိရေး အခက်အခဲများ အဓိကရင်ဆိုင်ရပြီး လူမှုဒုက္ခများ ကြုံတွေ့ကာ ရေတစ်စည်၊ ရေတစ်ထမ်းရရှိရေးအတွက် နံနက်မိုးမလင်းမီကတည်းက လေးမိုင်၊ ငါးမိုင်ခန့်သို့ သွားရောက်ပြီး ရေခပ်ယူကြရသဖြင့် အချိန်ကုန်ကာ အခြားစားသောက်နေထိုင်ရေးအလုပ်များ မဆောင်ရွက်နိုင်ခြင်း၊ ရေရှားပါးပြီး တစ်ကိုယ်ရေသန့်ရှင်းမှု မဆောင်ရွက်နိုင်ခြင်း၊ ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မျက်စိရောဂါအစရှိသည့် ရေမသန့်ရှင်းမှုကြောင့်ဖြစ်ပွားသောရောဂါများ ခံစားရခြင်းစသည့် လူမှုဒုက္ခများကို ခံစားခဲ့ကြပါကြောင်း၊ နိုင်ငံတော်အစိုးရ၏တာဝန်ပေးချက်အရ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ၁၉၉၉ခုနှစ်တွင် ကွင်းဆင်း စာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ရေရှားပါးသောကျေးရွာ ၈၀၄၂ ရွာရှိပြီး အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ၁၅၁၈၃ ရွာရှိသဖြင့် တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာပေါင်း ၂၃၂၂၅ ရွာအား သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သည်ဟု စာရင်းကောက်ယူရရှိခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တွင်းတိမ် ၁၆၆၉ တွင်း၊ တွင်းနက် ၁၄၉၁ တွင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တွင်းတိမ် ၉၀၀၊ တွင်းနက် ၉၆၉ တွင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း တွင်းတိမ် ၃၅၃၀၊ တွင်းနက် ၂၃၂၁ တွင်း စုစုပေါင်း အပူပိုင်းဒေသ တိုင်းဒေသကြီးသုံးခုတွင် တွင်းတိမ် ၆၀၉၉ တွင်း၊ တွင်းနက် ၄၇၈၁ တွင်း စုစုပေါင်းတွင်းတိမ်/တွင်းနက် ၁၀၈၈၀ တူးဖော်ပေးနိုင်ခဲ့ပါကြောင်း။

ရေရှားပါးသောအခြား တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း တွင်းတိမ် ၁၁၉၁၅ တွင်း၊ တွင်းနက် ၁၉၀၂ တွင်း တူးဖော်ပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သန့်ရှင်းသောသောက်သုံးရေစုစုပေါင်း စက်ရေတွင်း တွင်းတိမ် ၁၈၀၁၄ တွင်း၊ တွင်းနက် ၆၆၈၃ တွင်း၊ တွင်းတိမ်/ တွင်းနက်၂၄၆၉၇ တွင်း တူးဖော်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်မှ ထောက်ပံ့ပေးငွေကျပ် ၁၀၄၀၇ ဒသမ ၆၂ သန်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေကျပ် ၁၀၄၈၅ ဒသမ ၂၀ သန်း၊ ပြည်တွင်းပြည်ပအလှူရှင်များ၏ လှူဒါန်းငွေကျပ် ၂၆၉၆ ဒသမ ၆၂ သန်းနှင့် အမေရိကန် ဒေါ်လာ ၈၈၇၃၄ ဒေါ်လာ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၆ သန်း၊ ဂျပန်ယန်း ၁၃၉၉ ဒသမ ၆၂ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၂၃၅၈၉ ဒသမ ၄၄ သန်း၊ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၄ သန်း၊ ဂျပန်ယန်း ၁၃၉၉ ဒသမ ၆၂ သန်း ကျခံသုံးစွဲခဲ့ပါကြောင်း၊ရေရှားပါးသော ဒေသများသို့ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျင်းပပြုလုပ်ခဲ့သည့် အလှူငွေပေးအပ်ပွဲ ပထမအကြိမ်မှ (၁၉)ကြိမ်အထိ အလှူရှင် ၂၅၅၂ ဦး ရှိခဲ့ပါကြောင်း။

ရေရှားပါးသောဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ရေလုံလောက်စွာရရှိရေးအတွက် ကျေးရွာများ၌ တိုးတက်လာသော

စာမျက်နှာ ၈ ကော်လံ ၆ ✳

သတ်မှတ်အခြင်အတွယ်ပြည့်မီခြင်းမရှိသည့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအား အရေးယူ

နေပြည်တော် မေ ၃

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အတွင်း ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများနှင့် စက်သုံးဆီအရည်အသွေးမှန်ကန်ရေး၊ အခြင်အတွယ်ပြည့်မီရေးနှင့် မီးဘေးလုံခြုံမှုရှိစေရေးကိစ္စရပ်များအား ကြီးကြပ်ကွပ်ကဲစစ်ဆေးနိုင်ရန်အတွက် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအသီးသီးအား ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။ ၂၆-၉-၂၀၁၂ ရက်နှင့် ၂၇-၉-၂၀၁၂ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီမှ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၂၃ ဆိုင်သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ စက်သုံးဆီအရောင်းဆိုင် ၂၁ ဆိုင်သည် သတ်မှတ်အခြင်အတွယ်ပြည့်မီခြင်းမရှိဘဲ လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များနှင့် သက်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများသို့ သတိပေးခဲ့ပြီး ထိုကဲ့သို့ အခြင်အတွယ် လျော့နည်းကြောင်း ထပ်မံစစ်ဆေးတွေ့ရှိရပါက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်ကို ယာယီပိတ်သိမ်းခြင်းမှ ရာသက်ပန် ပိတ်သိမ်းခြင်းအထိ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင်စာဖြင့် အသိပေးအကြောင်းကြားခဲ့သည်။

အလားတူ ၂၁-၃-၂၀၁၃၊ ၂၂-၃-၂၀၁၃ နှင့် ၂၅-၃-၂၀၁၃ ရက် တို့တွင် ရန်ကုန်တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၆၆ဆိုင်အား စက်သုံးဆီ ဖြန့်ဖြူး ရောင်းချရာတွင် သတ်မှတ်အခြင်

စာမျက်နှာ ၈ ကော်လံ ၄ ❁

ယနေ့ မာတိကာ

သင်နေတဲ့နေရာမှာ ထွက်ပေါက်ရှိရဲ့လား — စာ-၆

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း — စာ-၁၁

ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ် ဘွန်ဒက်စ်လီဂါမှာ ထိပ်တိုက်ဆုံ — စာ-၁၂

အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်သတိပေးနှိုးဆော်ချက်

အချပ်ပို-က

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲရလဒ် ပြန်ရုပ်သိမ်းရန် အတိုက်အခံခေါင်းဆောင် ကာပရီလက်စ်တောင်းဆို

စာမျက်နှာ-၄

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ရွှေကူမြို့နယ်၌ ကျေးရွာချင်းဆက် တံတားဖွင့်လှစ်

ရွှေကူ မေ ၃

ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအုပ်စု မိုးစစ်ကျေးရွာနှင့် ပေါက်ကုန်းကျေးရွာချင်းဆက် သစ်သားတံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၈နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးညီညီ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ အဆိုပါ သစ်သားတံတားသည် ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်၃၁၁ဒသမ ၄၉သိန်း အကုန်ကျခံကာဆောင်ရွက်သည်။ သစ်သားတံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၂၇၀၊ အကျယ် ၁၈ပေ၊ အမြင့် ၄၅ပေ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေအခက်အခဲကြုံသည့် ရပ်ကွက်များသို့ စေတနာရှင်များ သောက်သုံးရေလှူဒါန်း

သထုံ မေ ၃

ယခုနှစ် နွေရာသီကာလသည် ရာသီဥတု ပြောင်းလဲခြင်းနှင့်အတူ အပူချိန်များ မြင့်တက်လာမှုကြောင့် မွန်ပြည်နယ် သထုံမြို့နယ် အတွင်းရှိ ရပ်ကွက်အချို့တွင် ရေအခက်အခဲနှင့် ကြုံတွေ့လျက်ရှိရာ မြို့နယ်အတွင်းရှိ စေတနာရှင်များ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီအချို့တို့က သောက်သုံးရေများကို အမှန်တကယ် လိုအပ်လျက်ရှိသည့် နေရာများသို့ အရောက်သွားကာ ဖြန့်ဝေ လှူဒါန်းလျက်ရှိသည်။

"အချို့ နေရာတွေမှာဆိုရင် အတော် ဆိုးရွားပါတယ်၊ ရေက သောက်ဖို့တောင်မရှိဘူး၊ ကျွန်တော်တို့ ရေကားရောက်တဲ့အခါ အလုအယက်ပဲ၊ ရေရသွားတဲ့အခါ ဝမ်းသာပျော်ရွှင်နေတဲ့ သူတို့ရဲ့ အပျော်တွေက ကျွန်တော်တို့ရင်ကို ပီတိအဖြစ် ကူးစက်တယ်ဗျာ" ဟု ဧပြီ ၃၀ရက်က ရေကိုကားဖြင့် လိုက်လံလှူဒါန်းလျက်ရှိသည့် ပရဟိတလူမှုရေးအသင်းအဖွဲ့ဝင် လူငယ်တစ်ဦးက ပြောကြားသည်။ အဆိုပါ ရေအလှူရှင်များသည် သထုံမြို့ ဝါးပါးဆည်အတွင်းမှရေကို မော်တော်ယာဉ်များဖြင့် သယ်ယူကာ ရေအခက်အခဲဖြစ်ရာ ရပ်ကွက်များသို့ နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် လိုက်လံ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ်တွင် ရာသီဥတုပူပြင်းလွန်းသဖြင့် ရေတွင်း၊ ရေကန်နှင့် ပိုက်ရေတွင်းများ ရေခန်းစပြု

ဖြူး မေ ၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် ယခင်နှစ်ပေါင်းများစွာက ဖြူးမြို့အနောက်ဘက် ခြောက်မိုင်ခန့်ရှိ ပဲခူးရိုးမတောင်တန်းတောင်စွယ်များနှင့်နီးသဖြင့် ရာသီဥတုမှန်ကန်မျှတပြီး အပူအအေးမျှတသဖြင့် စိုက်ပျိုးသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းခဲ့ပြီး လေဒဏ်၊ မိုးဒဏ်များကိုပါ သဘာဝအလျောက် ပဲခူးရိုးမတောင်တန်းရှိ သစ်တော၊ ဝါးတောများက ကာကွယ်တားဆီးပေးသလိုဖြစ်ခဲ့သဖြင့် လေမိုးအန္တရာယ်မှလည်းလွတ်ကင်းမှုများခဲ့သည်။

ယခုအခါတွင် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်စုလောက်ကစ၍ ဖြူးမြို့နယ်အနောက်ဘက်ရှိ ပဲခူးရိုးမတောင်တန်း၊တောင်စွယ်များရှိ ညို့ညို့မှိုင်းလျက်ရှိသော သစ်ပင်သစ်တော၊ ဝါးတောများကို စည်းကမ်းမဲ့စွာ ခုတ်ယူသုံးစွဲမှုများပြားလွန်းသဖြင့် သစ်တော၊ ဝါးတောများ အဆမတန် ပြုန်းတီးကုန်ပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ဆိုးရွားစွာ နွေအပူဒဏ်ကိုခံစားနေကြရသဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်နေသက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များမှာ ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူကြရသူများပြားလျက်ရှိသည်ကို တွေ့ရှိနေရသည်။

ထို့ပြင် ပြီးခဲ့သည့် ဒီဇင်ဘာလမှစ၍ ဖြူးမြို့နယ်တွင် မိုးတစ်ကြိမ် တစ်ခါမျှ ရွာသွန်းခြင်းမရှိသေးသဖြင့် အပူရှိန်တစ်နေ့တခြား ပူပြင်းလာကာ မြို့ပေါ်ရပ်ကွက်အချို့မှ ရေတွင်း၊ ရေကန်နှင့် ပိုက်ရေတွင်းများမှာလည်း ရေရှားပါးစပြုလာပြီးနောက် ရက်သတ္တနှစ်ပတ်အတွင်း မိုးမရွာပါက ဖြူးမြို့တွင် သောက်ရေ သုံးရေများ ပြတ်လပ်မှုဖြစ်မည်ကို ပြည်သူအများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ဖြူးမြင့်ဦး

နယ်ကျော်နွားသယ်သူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၃

ဧပြီ၂၈ရက် မွန်းလွဲ ၁၂နာရီခွဲက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောက်သပိတ်တာရိုးတစ်လျှောက်တွင် အမှတ်(၅) ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နွားလှည်းတစ်စီးလျှင် နွားနှစ်ကောင်စီအား နောက်တွင် အပိုချည်၍ နွားလှည်းလေးစီးကို မောင်းနှင်လာသည့် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သာပေါင်းရွာနေ ကျော်သူထွန်း(၂၃)နှစ်ပါ လေးဦးအား တွေ့ရှိစစ်ဆေးရာ အဆိုပါ နွား၁၆ကောင်အား မတ္တရာမြို့နယ် ထုံးဘိုရွာနေ ဦးအောင်ဆန်းနှင့် သရက်ကိုင်းရွာနေ မင်းမင်းတို့မှ ငါန်းဇွန်မြို့နယ် မြို့သာ နွားပွဲဈေးမှ သရက်ကိုင်းရွာသို့ နွားတစ်ကောင်လျှင် ကျပ်၂၅၀၀၀ဖြင့် ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ကျော်သူထွန်းပါ လေးဦးအား မန္တလေးအမှတ်(၅)ရဲစခန်း (ပ) ၂၂၇/၂၀၁၃ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲဇာနည်

သတင်း၊ ဆောင်းပါး

အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်သတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံသည် အပူပိုင်းနိုင်ငံဖြစ်၍ နွေရာသီကာလတွင် အပူဒဏ်အန္တရာယ် ကျရောက်လေ့ရှိပါသည်။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းအပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

ခရမ်းလွန်ရောင်ခြည်အန္တရာယ်သည် တစ်နှစ်ပတ်လုံးကျရောက်လျက်ရှိပြီး ပူပြင်းသောဒေသတွင်မက အေးသောအရပ်ဒေသတွင်လည်း ကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ မိမိထံတွင်ကျရောက်နိုင်သော အန္တရာယ်ကိုချင့်ချိန်၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀နာရီမှ ညနေ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်န်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်တွင် အလုပ်လုပ်ပါက မိမိ၏ အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့် နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါ ထပ်လူးပါ။

၄။ ပွပွချောင်ချောင် အဖြူရောင်ခြည်ထည်များသည် အပူကိုစုပ်ယူမှုရှိ၍ အပူဒဏ်ကို ကာကွယ်နိုင်ပါသည်။

အထက်ဖော်ပြပါအချက်များအပြင် ယခုကဲ့သို့ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း မြင့်တက်နေသောအချိန်တွင်

၅။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည်အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၆။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက် ထုတ်လုပ်ထားသောနေကာမျက်မှန်များထက် ၉၉ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

- အသက် တစ်နှစ်အောက်ငယ်သော ကလေးများကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန် လိုအပ်ပါက သနပ်ခါးထူထူ(သို့မဟုတ်)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည် မဖောက်နိုင်သော အဝတ် ဝတ်ပေးပါ။ နေကာမျက်မှန် တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

Myint Universe
ရောင်းပြီ
ရန်ကင်းစင်တာအနီး၊ ကွန်ဒိုအခန်း
1500' Ph:AC: lift ပါ
၀၉ ၅၀ ၄၁၅၂၀

Myint Universe
(နှစ်ချုပ်ငှား)
ကျောက်တံတားမြို့နယ်၊ ပထမထပ်
25'x40' RC တိုက်ခန်း
၀၉ ၅၀ ၄၁၅၂၀

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၂၂၅/၂၊ မြေကွက်တည်နေရာအမှတ် ၂၂၅/၂၊ ဒေါင်းမင်းလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အေးအေးသန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးသန်းထံမှ ပိုင်ဆိုင်စာချုပ်-၆၄၃၄(၂၇-၁၁-၁၂)ဖြင့်ရရှိသူ ဦးဝေဖြိုးဟန် ၁၂/ဥကတ(နိုင်)၁၆၅၄၁၂ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မိုလ်တထောင်မြို့နယ်၊ (၄၄)လမ်း၊ တိုက်အမှတ် (၅၉/၆၁)၊ အခန်းအမှတ် (၄/၄)၊ တတိယလွှာဟုခေါ်တွင်သော တိုက်ခန်းကို ပိုင်ဆိုင်လက်ရှိဖြစ်သူ ဦးသန်းလှိုင် ၉/တသန(နိုင်)၁၀၃၈၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ယင်းတိုက်ခန်းအရောင်းအဝယ်ကိစ္စကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ထွန်းစံ (စဉ်-၅၅၄၅)
B.Sc. (Chem), H.G.P, R.L, D.A, D.M.A
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၅၈-B)၊ တတိယထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ASIA KING 09-43114301, 09-420115717
Apr 26, Mar 3, 10, 17, 24, 31 Hotel & Restaurant
Special Discount 65000
နေပြည်တော် (၃)ရက် 65000
(၅)ရက် 70000
50000 နေပြည်တော်

ပန်း ထိုး ဝက်
ဦးသန်းအောင်
Ph: 563033, 0973191322

အိမ်ရောင်းမည်
ပေ(၃၀×၆၀)ဂရန်အမည်ပေါက်
1R.C ၁၄/၁ရပ်ကွက်၊ တောင်ဥက္ကလာပ
သံသုမာလမ်းမကြီးအနီး
ဖုန်း-၅၆၅၀၀၅၊ ၀၉-၇၃၀၇၂၁၂၆

ဦးမြင့်ကြည် ဂျီ/အာရ်ဂျီအင်န်-၀၀၉၆၁၇နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ မြို့ပြကွက်သစ်၊ ခရေပင်လမ်း၊ အမှတ် ၅၀တွင်နေထိုင်သူ ဦးတင်နု အက်စ်အာရ်အမ်-၀၈၄၂၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

သန်လျင်မြို့နယ်၊ ဘုရားကုန်းရွာအဆင့်(၂)ရှိ မြေကွက်အမှတ်၆၂၁မှ ၆၅၁အထိနှင့် မြေကွက်အမှတ် ၉၉၅မှ ၁၀၁၈အထိ မြေကွက်ပေါင်း ၅၅ကွက်သည် ဦးတင်နုနှင့် ဦးမြင့်ကြည် ဂျီ/အာရ်ဂျီအင်န်-၀၀၉၆၁၇၊ ဦးကျော်မိုး ၁၄/မအန(နိုင်)၁၀၁၂၂၅တို့သုံးဦးပူးတွဲပိုင်ဆိုင်သော မြေကွက်များဖြစ်ပြီး မြေကွက်အမှတ် ၄၅၆မှ ၄၇၅၊ မြေကွက်အမှတ် ၂၇၃မှ ၂၈၂၊ စုစုပေါင်း ၂၉ ကွက်တို့သည် ဦးတင်နုနှင့်ဦးမြင့်ကြည်တို့နှစ်ဦး ပူးတွဲပိုင်ဆိုင်သောမြေကွက်များဖြစ်ပါသည်။

အဆိုပါမြေကွက်များကို ဦးတင်နု၏သဘောတူခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်လိုပါက ဦးတင်နုနှင့်ညှိနှိုင်းသဘောတူညီချက်ရရှိပြီးမှ ပြုလုပ်ရန်အသိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဟန် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၇၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၄၄၁၊ မြေကွက်တည်နေရာအမှတ် ၄၄၁၊ သုမိတ္တာ ၁၁လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးချစ်ဆွေ ၁၂/ဥကမ(နိုင်)၀၁၅၄၁၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် အဘိုး ဦးချစ်ဆွေ၊ အဘွား ဒေါ်အေးမေနှင့် တစ်ဦးတည်းသောသား ဦးစိုးဝင်း(ဖခင်)၊ဒေါ်တင်တင်နု(မိခင်)တို့ ကွယ်လွန်၍ တစ်ဦးတည်းသောမြေး၊သမီးတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၄၊ မြေကွက်အမှတ်၆၉၁/၂+၇၀၊ မြေကွက်တည်နေရာအမှတ် ၇၀၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးကြီးမြင့်၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က တရားဝင်ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖုန်းဆိုင်တစ်ဆိုင်သုံးရန်အတွက်
Show Case မှန်ကောင်တာ သုံးလုံး၊ နံရံကပ်ဗီရို ငါးလုံး ရောင်းရန်ရှိသည်။ ရောင်းဈေး ၁၀သိန်း ဈေးနှုန်း ညှိနှိုင်းပေးမည်။
အမှတ်၁၂၀(A)မြေညီ၊ ဆိပ်ကမ်းသာလမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၅၂၄၁၄၊ ၀၉-၄၀၀၃၀၄၉၄၉

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F၅၊ မြေကွက်အမှတ်၉၀၊ မြေကွက်တည်နေရာအမှတ် ၈၂၊ သရက်တော ၃လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်စောရင်အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်စောရင်နှင့် ခင်ပွန်း ဦးသိန်းဇံတို့ ကွယ်လွန်သဖြင့် (၁) ဒေါ်သောင်းဟန် ၁၂/ကမတ(နိုင်)၀၃၉၇၀၇၊ (၂)ဦးလှထွန်း ၁၂/ကမတ(နိုင်)၀၃၉၃၉၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

သတင်း၊ ဆောင်းပါး

မော်ကျွန်းဆိပ်ကမ်းမှ သင်္ဘောထွက်ချိန်နောက်ကျသဖြင့် ခရီးသွားများ အခက်အခဲကြုံတွေ့ကြရ

ရန်ကုန် မေ ၃

နေ့စဉ် ရေယာဉ်ငါးစင်းပြေးဆွဲနေသော ရန်ကုန်-မော်ကျွန်း ရေလမ်းခရီးစဉ်တွင် ပြည်တွင်းရေကြောင်းသင်္ဘောတစ်စင်း ပြေးဆွဲမှုပါဝင်ရာ ယခုအခါ ပုဂ္ဂလိကများမှ ငှားရမ်းလုပ်ကိုင်ပြေးဆွဲနေကြောင်း၊ ယင်းပြည်တွင်းရေကြောင်း၊ သင်္ဘောများသည် ယခုလပိုင်း သင်္ကြန်အလွန်တွင် ထုံးစံအတိုင်း ရေကြောင်းပို့ဆောင်ရေးဆိပ်ခံတံတားတွင်သာ ဆိုက်ကပ်ထားခြင်းမရှိတော့ဘဲ မော်ကျွန်းမြို့၏ အဓိကထွက်ကုန်ဖြစ်သော ဆန်တင်ပို့မှုအတွက် မြို့တစ်ဖက်ကမ်းရှိ ဆန်စက်များသို့ ဆန် လိုက်လံတင်ဆောင်လာကြောင်း ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ပုဂ္ဂလိက လူစီး-ကုန်တင်နှစ်ထပ်ရေယာဉ်များဖြင့် ဆန်တင်ပို့မှုများသောလများတွင် ရန်ကုန်သို့ တစ်လလျှင် ပျမ်းမျှအိတ်ရေ နှစ်သိန်းဝန်းကျင်တင်ပို့မှုရှိကြောင်း၊ ကုန်ရှားရာသီများဖြစ်သော စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဆန်တစ်အိတ်လျှင် သင်္ဘောခ ကျပ် ၁၅၀ ဖြစ်သော်လည်း ဆန်တင်ပို့မှုများလာသော ပွင့်လင်းရာသီ ယခုလပိုင်းတွင် ကျပ် ၂၃၀-၂၅၀ နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။ သင်္ဘောသေးလျှင် အိတ်ရေ ၂၀၀၀၊ သင်္ဘောကြီးလျှင် အိတ်ရေ ၇၀၀၀ ဝန်းကျင် တင်ဆောင်လေ့ရှိကြောင်း ရေယာဉ်တာဝန်ခံတစ်ဦးက ဆိုသည်။

ပြည်တွင်းရေကြောင်းသင်္ဘောများ ဆန်စက်များသို့ လိုက်လံဆိုက်ကပ်ပြီး ဆန်အိတ်တင်ဆောင်ရာတွင် အိတ်ရေတစ်ထောင်ဝန်းကျင် တင်ဆောင်ကြောင်း၊ ဆန်တင်ပို့သင်္ဘောခနှုန်းသည် တစ်ရက်နှင့်တစ်ရက် မတူဘဲ ကျပ် ၂၅၀ မှ ၂၈၀ အတွင်းရှိကြောင်း ဆန်ကုန်သည်တစ်ဦးက ဆိုသည်။ ပြည်တွင်းရေကြောင်းခရီးသည် သင်္ဘောခများမှာ ကျပ် ၅၀၀နှုန်းမှ ကျပ် ၁၀၀၀နှုန်းသို့ မြင့်တက်ခဲ့ပြီး နောက်ဆုံးမြင့်တက်ခဲ့သော သင်္ဘောခမှာ ရန်ကုန်-မော်ကျွန်း ခရီးသည်တစ်ဦးလျှင် ကျပ် ၁၄၀၀ ဖြစ်ကြောင်း။

ယခုအခါ ပုဂ္ဂလိကများသို့ ငှားရမ်းခွင့်ပေးပြီး လွှဲပြောင်းပေးရာ ရန်ကုန်-မော်ကျွန်း ခရီးစဉ်တွင် ဗညား၊ ဗလ၊ ပြည်သာယာစသော နှစ်ထပ်၊ သုံးထပ်သင်္ဘောများဖြင့် ရန်ကုန်မှ တနင်္လာနေ့၊ မော်ကျွန်းမှ အင်္ဂါနေ့ထွက်ခွာခြင်းမရှိဘဲ ကျန်ရက်များတွင် နေ့စဉ်ပြေးဆွဲနေရာ သင်္ကြန်နောက်ပိုင်းမှစ၍ ပြည်သာယာ၊ ပြည်ငြိမ်းချမ်းစသော သုံးထပ်ရေယာဉ်များ ပြေးဆွဲချင်းမရှိဘဲ နှစ်ထပ်များသာ ပြေးဆွဲနေကြောင်း သင်္ဘောစီးခရီးသည်များက ဆိုသည်။

ဗညား၊ ဗလ နှစ်ထပ်သင်္ဘောများကို ပုဂ္ဂလိကငှားရမ်းသူများအနေဖြင့် အသွားအပြန် တစ်ခေါက်လျှင် ကျပ် ၁၄ သိန်းဝန်းကျင်ဖြင့် ငှားရမ်းပြေးဆွဲနေရာမှ ယခုနှစ်ဆန်းပိုင်းမှစ၍ ငှားရမ်းခ ကျပ် ၁၆ သိန်းဝန်းကျင်ဖြစ်လာသည့်အတွက် ဝင်ငွေပိုမိုရရှိရန် ပုဂ္ဂလိက သင်္ဘောများနည်းတူ ကုန်တင်ပို့မည့် ဆိပ်ကမ်းများသို့ လိုက်လံ ကုန်တင်ဆောင်မှုများရှိလာ၍ ဆန်ကုန်သည်များ အဆင်ပြေလာကြောင်း၊ သို့သော် မော်ကျွန်းဆိပ်ကမ်းမှ ထွက်ခွာချိန် ညနေ ၃ နာရီခွဲထက် နောက်ကျပြီးမှ ထွက်ခွာရသဖြင့် ခရီးသည်များအတွက်မူ အခက်အခဲကြုံတွေ့ကြရကြောင်း ခရီးသွားများက ဆိုသည်။ **ခင်ဆိုင်**

ယခုအချိန်ကာလသည် ရှမ်းပြည်နယ်တစ်ခွင် နေရာဒေသအနှံ့အပြား ရှမ်းရှင်ပြုအလှူပွဲများကျင်းပကြသည့် ကာလဖြစ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးဒေသတွင် မောင်ရှင်လောင်း(ရှင်လောင်း)ကို မောင်ရှင်လောင်း၏ တပည့် ထိုဒေသ ရှမ်းအခေါ်(တပေးဆန်လောင်း)လူ၏ ပခုံးပေါ်တင်စီးစေပြီး အလှူလှည့် ကပြသည့် ရိုးရာဓလေ့မှာ လွန်ခဲ့သည့်နှစ်ပေါင်းများစွာမှ ယနေ့အထိတိုင်အောင်ရှိနေသည်ကို ဧပြီ ၂၇ ရက်က လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စု ပုန်းထွန်ရွာ လင်းခေးမြို့မ တောင်ရွာရပ်ကွက် စုပေါင်းရှမ်းရိုးရာရှင်ပြုအလှူ လှည့်လည်နေမှုကို တွေ့ရစဉ်။ (ခရိုင် ပြန်/ဆက်)

စိတ်ကြွဆေးပြားများ တာချီလိတ်၌ဖမ်းမိ

တာချီလိတ် မေ ၃

ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က တာချီလိတ်(မူးယစ်)တပ်ဖွဲ့မှ ဒုရဲအုပ်ရဲဝင်းထွန်း၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးဇေယျာမောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝမ်ပုံရဲစခန်းမှ ဒုရဲအုပ်သန်းစိုးတို့ဦးစီးသော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝေ့လေလန် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်စဉ် ဝမ်တုံကျေးရွာဘက်မှ တာချီလိတ်မြို့ဘက်သို့ အိုက်ထွန်း မောင်းနှင်လာပြီး အိုက်ဝမ်းမှ စီးနင်းလိုက်ပါလာသည့် တရုတ်နိုင်ငံထုတ် အမ်ဘိုအမျိုးအစား အနက်ရောင် မော်တော်ဆိုင်ကယ် ၁၉ယ/----- အား သက်သေများရှေ့တွင် ရပ်တန့်ရှာဖွေစစ်ဆေးရာ အိုက်ထွန်း ဝတ်ဆင်ထားသည့် စိမ်းပြာရောင် အတွင်းခံဘောင်းဘီအတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်သွင်းသို၀ှက်ယူဆောင်လာသည့် WY စာတန်းပါ အညိုရောင် စိတ်ကြွဆေးပြား ၁၄၅ ပြား၊ အလေးချိန် ၁၄ ဒသမ ၅ ဂရမ်အား ရှာဖွေတွေ့ရှိခဲ့သည်။

မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသော တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဝမ်တုံကျေးရွာနေ (ဘ)ဦးအိုက်စံ၏သား အိုက်ထွန်း အသက်(၂၉)နှစ်နှင့် (ဘ) ဦးအိုက်ပင်း၏သား အိုက်ဝမ်း အသက်(၂၂)နှစ်တို့အား သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၆၀)

ညောင်လေးပင်မြို့၌ကျပ် ၁၅၀၀တန် CDMA ဆင်းကတ်များ စတင်ရောင်းချ

ညောင်လေးပင် မေ ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ပြည်သူများ လိုလားတောင်းတလျက်ရှိသော တန်ဖိုးနည်းငွေကျပ် ၁၅၀၀တန် CDMA 800 MHz ဆင်းကတ်များ ဧပြီ ၂၄ ရက်က မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်းကိုယ်တိုင်ဦးစီး၍ အများပြည်သူရှေ့တွင် လျှောက်ထားသူ ၂၀၀ အနက် မဲဖောက်စနစ်ဖြင့် ရွေးချယ်ရာ ၆၀ က ဆင်းကတ်ဝယ်ယူခွင့် ရရှိခဲ့သည်။

မဲဖောက်စနစ်

အလားတူ ညောင်လေးပင်မြို့နယ် အတွင်းရှိ ပြွန်တန်ဆာမြို့အပါအဝင် CDMA တိုင်နှင့် ငါးမိုင်ပတ်လည်အတွင်းရှိ ဆက်သွယ်နိုင်သော ရပ်ကွက်ကျေးရွာ ၂၇ ခုတို့တွင်လည်း မဲဖောက်စနစ်ဖြင့် ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရောင်းချပေးမည်

ယခု ညောင်လေးပင်မြို့နယ်တွင် ပထမအသုတ်အနေဖြင့် ပြည်သူများအတွက် ၁၇၀၇လုံး၊ ဌာနဆိုင်ရာအတွက် ၇၅၃လုံး ခွဲဝေချထားကာ တစ်မြို့နယ်လုံးအနေဖြင့် ဆင်းကတ်စုစုပေါင်း ၂၄၆၀လုံးကို ဖြည့်သွင်းရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၈)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

သီတဂူရွှေပြည်ဟိန်းအကျွဲ့ဒါန ဆေးရုံ မေလ (၁၂၊ ၁၈၊ ၁၉) (၂၃) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

မော်တန်ရွာမှနှင့် ဘုတာရု မလွှမ်ဆန်လှူမှုသဘင်	ကချင်ပြည်နယ်	၃၅၀၀၀၀
ဦးပါ + ဒေါ်တင်မေ မိသားစု	မော်တန်၊ ကချင်ပြည်နယ်	၁၀၀၀၀၀
ဘုတာရုဆရာတော်နှင့် အလှူရှင်များစုပေါင်း	မော်တန်၊ ကချင်ပြည်နယ်	၁၀၀၀၀၀
ဒေါ်ခင်ကြွေ ညီမ ဒေါ်နှင်းမြမိသားစု	မော်လူး၊ အင်းတော်မြို့	၁၀၀၀၀၀
ဒေါ်သန်းမေမိသားစု၊ ရတနာလမ်း	မော်လူး၊ အင်းတော်မြို့	၁၀၀၀၀၀
ဒေါ်လှဝင်း မိသားစု	မော်လူး၊ အင်းတော်မြို့	၁၀၀၀၀၀
ဦးရွှေမောင် + ဒေါ်ကြွမ်းရီမိသားစု	မော်လူး၊ အင်းတော်မြို့	၁၀၀၀၀၀
မခင်စန်းဝင်း မခင်သန်းလွင် မပိုးပိုးထွေး	မော်လူး၊ အင်းတော်မြို့	၁၀၀၀၀၀
မမွေ့ပါရမီအဖွဲ့	မော်လူး၊ အင်းတော်မြို့	၁၀၀၀၀၀
ဒေါ်အုံးမေမိသားစုနှင့် ဒေါ်တင်ရွှေ ဒေါ်ခင်မြို့လွင်	မော်လူး၊ အင်းတော်မြို့	၇၀၀၀၀
ပညာဒိုင်တော်ဖိုးနှင့် ရွှေလေးတန် ရွှေပါဝင်း ဝင်းသီဂီရိ ဝင်းမှန် မိသားစုများ		၇၀၀၀၀
လင်းအိမ်သစ်၊ စော်ဝင် ဟိန်းဇော်ဖေ ပြည့်စုံရိ ကောင်းထက် မိသားစုများ		၇၀၀၀၀
ဒေါ်ခင်ဝင်း ဒေါ်ရို ဒေါ်တင် ဒေါ်ခင်ရွှေ မမေရီ ဒေါ်ကြိုင်	မော်လူး၊ အင်းတော်မြို့	၆၀၀၀၀
ကိုတင်မောင်မြင့် ကိုတင်မောင်လွင် ဦးလှသိန်း ဦးရေခဲ ကိုထိုက် ကိုနိုနိုး	မော်လူး	၆၀၀၀၀
ဦးထွန်းလှိုင် ဦးကျော်ရွှေ ဦးဝင်းသိန်း ဦးစိုးတင့် ကိုလှမျိုး ဒေါ်နှင်းရီ	မော်လူး	၆၀၀၀၀
ဒေါ်ခင်နွယ် မရွှေစု ဒေါ်ညို ဒေါ်ကြည်ဝင်း မမြ ဒေါ်စောစောအေးသင်း	မော်လူး	၆၀၀၀၀
ဦးထွန်းရင် ကိုမြရွှေ ဦးအောင်ဝင်း ဦးလှကျော် ကိုမြိုးဇော် ဒေါ်သောင်းရွှေ	မော်လူး	၆၀၀၀၀
[illegible]	မော်လူး	၆၀၀၀၀
ဒေါ်ခင်ကြည် ဒေါ်သွာကျော် ဒေါ်ရက် ဒေါ်ရွှာမိုး ဒေါ်သီတာသိမ့်	ဝန်းသို	၆၀၀၀၀
ဒေါ်ခင်တိုလွင်ဒေါ်ခင်စီ ဒေါ်ဝင်းကြည် ဒေါ်သွာကျော်ဒေါ်မင်းမင်းသန်း	ဝန်းသို	၆၀၀၀၀
ဦးကျော်ဝင်းဦးဝင်းရွှေ ဦးမြင့်ရွှေ ဦးသိန်းဝင်း ဦးမင်းလွင်	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
ဒေါ်သန်းခင် ဒေါ်နွဲ့နီ မနီလာ မနန်းထိုက်ထိုက်ဝိုး ဒေါ်လှလှအေး	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
ဒေါ်တင်မု ဒေါ်မြကြီး ဒေါ်ခင်သု	ဝန်းသို	၂၀၀၀၀၀
ဒေါ်သိန်းမယ်မိသားစု	ဝန်းသို	၁၀၀၀၀၀
[illegible]	ဝန်းသို	၆၈၀၀၀
[illegible]	ဝန်းသို	၆၃၀၀၀
ဒေါ်ခင်ရီမိသားစုနှင့် ဦးတင်ရွှေ + ဒေါ်လှလှဆွေ	ဝန်းသို	၆၂၀၀၀
[illegible]	ဝန်းသို	၆၂၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	ဝန်းသို	၅၉၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သောဌာန-ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး သံလမ်းအနီး(ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇) အရှင်ဒေဝ၊ ရွှေဂုံတိုင်ကမ္ဘာ့ဘဏ် KBZ Bank (Account No. 0071220029870)

ရောင်းရန်

(မနောစိန်တောင်) သစ်မွေးပျိုးပင်နှင့် မျိုးစေ့ဖြန့်ချိရေးမှ ကမ္ဘာ့အဆင့် နံပါတ်(၁)၊ မြစ်ကြီးနား မျိုးစိတ်များကို စိုက်ပျိုးမည့်ခြံ အရောက်ပို့ပေးမည်။

ဆက်သွယ်ရန်-ကိုအောင်ထွန်း
မြစ်ကြီးနား၊ ဖုန်း-၀၉-၄၇၀၂၅၂၃၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၈၆၉၊ Ford GP ယာဉ်လက်ဝယ်ရှိသူ ဦးလူးဝစွအလီ BMO-၀၉၁၁၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်လာသန်းမောရာ ၅/တမန(နိုင်)၀၄၅၄၄၁၏ နိုင်ငံကူးလက်မှတ် No.(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၈၀၀၄၄၃၁**

Yes!! English School

** Always say Yes!! to English. **

4 skill English classes

★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS , TOEFL, SAT

Starting On May 4,5,6,8,12,13,15,18,20.

၂၃၊လှည်းတန်းလမ်းမ၊ Ph : 511778, 09-73033648

Natural World Co.,Ltd. တွင် ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Natural World Co.,Ltd.တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်-

၁။ **Chief Accountant** ကျား/မ (၃)ဦး
- B.Com , CPA, ACCA(သို့မဟုတ်)Diploma in Accounting လက်မှတ်ရှိသူ
- Final Account ရေးဆွဲတင်ပြနိုင်သူ၊ MYOB Software ကျွမ်းကျင်ရမည်
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိသူ

၂။ **Accountant** ကျား/မ (၅)ဦး
- B.Com , LCCI Level (3), Diploma in Accounting လက်မှတ်ရှိသူ၊ (MYOB တတ်ရမည်)
- အသက်(၃၅)နှစ်ထက်မကြီးသူ၊ အိမ်ထောင်မရှိသူ
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူ

ဖော်ပြပါအချက်များနှင့်ကိုက်ညီပြီး ရိုးသားကြိုးစား၍ အမှန်တကယ် အလုပ်အပေါ် စိတ်ဝင်စားသူများသည် C.V Form ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းအထောက်အထားစသည့်မူရင်း၊ မိတ္တူများနှင့်အတူ လိုင်စင်ဓာတ်ပုံ (၂)ပုံပူးတွဲပြီး အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။ ၇-၅-၂၀၁၃ရက်တွင် လူတွေ့စစ်ဆေးရွေးချယ်ပါမည်။

Natural World Co., Ltd.
ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၆၂၂၂၄၆၊ ၀၉-၈၆၂၂၂၄၉

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်- ၉-A၊ လူနေရပ်ကွက်-တောင်သုကုန်း မြေကွက်အမှတ်-၃၁/၁၁^၀၊ ဧရိယာ(၀.၀၈၄)ဧကရှိ လ/န ၁၉ ပြေးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် မ/၄ မညာကုန်း မင်္ဂလာမှန်လမ်း တောင်သုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ် အဆောက်အအုံအပါအဝင် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့သည် [illegible] ဦးပြည့်သိန်း(ခ)ဦးကိုလတ် နှင့် ဒေါ်မမလေးတို့မှ မြေအမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဦးပြည့်သိန်း(ခ)ဦးကိုလတ်ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသော [illegible] ဒေါ်မမလေး(၁၂/အစန(နိုင်)၀၄၄၈၉၇)မှ မြန်မာလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်လာပြီး ဒေါ်မမလေးထံမှ အဆိုပါမြေကွက်နှင့်အိမ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစောဘကာ(LL.B., D.B.L., D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၈၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၃၁၁၀၅၅၄၊ ၆၄၂၅၈၈

ကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် – ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အား ၂၀၁၁–၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အားကစားစသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် လူအား၊ ငွေအားထည့်ဝင်၍ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **"နိုင်ငံ့စွမ်းဆောင်ရှင်ဆု" (နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု – ပထမဆု)** ကို ၃၀.၄.၂၀၁၃ နေ့တွင် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ အခွန်ဘဏ္ဍာ အများဆုံးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

CB Bank

ဂုဏ်ယူဝမ်းမြောက်ခြင်း

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **World Finance** အဖွဲ့အစည်းမှ **KBZ Group of Companies** (ကမ္ဘောဇကုမ္ပဏီများအုပ်စု) အား (၃.၄.၂၀၁၃) နေ့တွင် **"Best Corporate Governance in Myanmar for 2013"** ဆုကို ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆထက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

CB Bank

ကြော်ငြာ

ကားရောင်းမည်

2012 model Brand New Tractor Head (၂၂ဘီးကား)များ အထူးလျှော့ဈေးဖြင့် ဂိုဒေါင်ရှင်းရောင်းချရန် ရှိပါသည်။

စိတ်ဝင်စားပါက- ဖုန်း-၀၉-၅၁၅၃၁၀၅

ဦးမျိုးမင်းသူ ၇/မလန(နိုင်)၀၈၅၉၁၀နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမ-တွံတေး ကားလမ်းမကြီး၊ အမှတ် ၂၀တွင် ယခုလက်ရှိနေထိုင်လျက်ရှိသော ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီတာထူး ၁၂/စခန(နိုင်)၀၆၅၁၆၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးမျိုးမင်းသူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီတာထူးသည် ဦးမျိုးမင်းသူနှင့် ၁၇-၂-၂၀၀၆ ရက်မှစ၍ လက်ထပ်ထိမ်းမြား ပေါင်းသင်းစဉ် သားနှစ်ဦးထွန်းကားခဲ့ကြောင်း၊ ၂၀၁၁ခုနှစ်မှစ၍ ၆-၄-၂၀၁၃ရက်အထိ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် သားများအပေါ် လင့်ဝတ္တရား၊ ဖခင်ဝတ္တရား ကျေပွန်ခြင်းမရှိသည့်အပြင် ကိုယ်၊ စိတ်နှစ်ပါးစလုံး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူခဲ့သည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဦးမျိုးမင်းသူနှင့် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိသောကြောင့် ၆-၄-၂၀၁၃ရက်နောက်ပိုင်းမှစ၍ လင်ခန်း မယားခန်းဖြတ်တောက်စွန့်လွှတ်ခဲ့ပြီး သီးခြားစွာနေထိုင်ခဲ့ပြီးဖြစ်၍ ဦးမျိုးမင်းသူ အနေဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေအပေါ် တစ်စုံတစ်ရာနှောင့်ယှက်ခြင်းမပြုလုပ်ရန် ၄င်းနှင့်ပတ်သက် သည့်ကောင်းမှု၊ ဆိုးမှုပြုလုပ်မှုကိစ္စအဝဝတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ပတ်သက်မှုမရှိသည့် အပြင် တာဝန်မရှိကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို LL.B, D.B.L — **ဒေါ်သီတာအောင်(အင်တကော်) LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၄၄) — **အထက်တန်းရှေ့နေ (စဉ်-၃၀၂၁၉)**
အမှတ် ၃၊ ၃၄လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၉၈၅၊ ၀၉-၇၃၁၇၀၀၇၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ၊ မြေကွက်အမှတ် ၃၁၃၊ မြေဧရိယာပေ(၄၀×၆၀)၊ စတုရန်းပေ ၂၄၀၀ရှိမြေနှင့် ယင်းမြေကွက် ပေါ်ရှိ အမှတ် ၃၁၃၊ နွယ်နီ ၇ လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နှစ် ၆၀ ဂရန်တွင် ဒေါ်ရွှေခင် အမည်ပေါက်လျက်ရှိပါသည်။

ဒေါ်ရွှေခင်နှင့် ခင်ပွန်း ဦးသန်းစိန်တို့သည် ကွယ်လွန်ပြီးဖြစ်သဖြင့် ယင်းတို့၏ မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်လာကြသော သားသမီးများထံမှ ကျွန်ုပ်၏မိတ်ဆွေ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက် ဖော်ပြပါ မြေအိမ်အရောင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို တရားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထင်ကျော် — **ဒေါ်သက်လေးချို**
B.Sc, H.G.P, R.L — **LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ(၅၃၁၅) — **အထက်တန်းရှေ့နေ(၃၁၄၂၄)**
၁၃၈/ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာ၊ မြေနီလမ်း၊ မြောက်ဘက်လှည့်မြေကွက်၊ ဧရိယာအကျယ်အဝန်း (အလျား ၅၅ပေ×အနံပေ ၁၆၀)သည် (၁) ဒေါ်မြင့် ၁၂/လသယ(နိုင်)၀၁၄၃၉၈၊ (၂) ဦးချစ်ဟန် ၁၂/လသယ(နိုင်)၀၁၉၆၉၁၊ (၃) ဒေါ်သန်းသန်းမြင့် ၁၂/လသယ(နိုင်)၀၁၄၃၁၂၊ (၄) ဒေါ်မြင့်ကြည် E/HTYA -၀၀၈၇၁၅တို့ ပိုင်ဆိုင်ကြပါသည်။ အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L, D.M.L, D.A (Psy)
WIPO, D.L.P (Switzerland)
Diploma in International Law
High Court Advocate & Legal Advisor
ရုံးခန်းအမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
နေအိမ်အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅ရပ်ကွက်၊ ပင်းယ ၁၀လမ်း၊ အမှတ် ၁၆၀ရှိ ဒေါ်တင်ရွှေ၊ ဒေါ်မြငွေ အမည်ပေါက် ပေ(၄၀×၆၀) နှစ် ၆၀ ဂရန်မြေနှင့်အိမ်အနက်မှ ခေါင်းရင်းဘက် ပေ(၂၅×၆၀)အား လက်ရှိပိုင်ဆိုင်သူဆိုသူ ဦးဝင်းမောင် ၁၂/ဥကတ(နိုင်)၀၅၀၅၇၅ နှင့် ဦးအေးဆွေ ၁၂/ဥကတ(နိုင်)၀၉၇၈၆၈တို့ထံမှ ကျွန်မ ဒေါ်ခင်ခင်မြင့် ၁၂/သလန(နိုင်) ၀၃၁၀၂၂က ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်အဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ဒေါ်ခင်ခင်မြင့် ၁၂/သလန(နိုင်)၀၃၁၀၂၂
ဖုန်း-၅၄၁၈၃၃၊ ၅၄၁၉၄၄

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်

အသက်(၈၈)နှစ်

အချစ်ဆုံးသူငယ်ချင်း ကိုအေးထွန်း(ORIENTAL HOUSE)၏ ဖခင် ဦးစိန်သည် ၂၉-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကိုလှထွန်းမိသားစု
စီတီဇင်ပလပ်စတစ်ပုံနှိပ်တိုက်၊ မန္တလေး

ဦးတင်အောင်နှင့်ဇနီး ဒေါ်ခင်ခင်မြ အမှတ်(၃၇) ၅/ဘီ၊
ဝတ်ကျောင်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့အား

အနူးအညွတ်တောင်းပန်ခြင်း

ကျွန်တော် ဦးညီညီမော် ၁၂/သကတ(နိုင်)၀၁၇၇၈၉မှ တာမွေမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၈/၂၀၁၃တွင် ဦးတင်အောင်နှင့်ဇနီး ဒေါ်ခင်ခင်မြတို့အား တရားပြိုင်များအဖြစ်ထားရှိကာ တရားစွဲဆိုခဲ့မိပါသည်။ ယခုအခါ ကျွန်တော်မှ ထိုတရားမကြီးမှုအမှတ် ၈/၂၀၁၃အား ခြွင်းချက်မရှိ ရုပ်သိမ်းပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ တရားစွဲဆိုခဲ့မိခြင်းအပေါ် ကျွန်တော် ဦးညီညီမော် ၁၂/သကတ(နိုင်) ၀၁၇၇၈၉နှင့်ဇနီး ဒေါ်ခင်ခင်ဦး ၁၄/ဒဒရ(နိုင်)၀၀၇၂၂၅တို့မှ ဦးတင်အောင်နှင့် ဇနီး ဒေါ်ခင်ခင်မြတို့အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

ဦးညီညီမော်
၁၂/သကတ(နိုင်)၀၁၇၇၈၉
ဒေါ်ခင်ခင်ဦး
၁၄/ဒဒရ(နိုင်)၀၀၇၂၂၅
အမှတ် ၈၅၊ ဇမ္ဗူသီရိအနောက်၃လမ်း၊
၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော် (၄) လမ်း၊ အမှတ် (၅၄)၊ ဧရိယာ (၉၀ ပေ × ၁၁၀ ပေ) ရှိ လန-၃၉ ရရှိပြီးသည့်မြေကွက်နှင့် နေအိမ် အဆောက်အအုံ ရေ မီး အပါအဝင်အရပ်ရပ်အကျိုးခံစားခွင့်အားလုံးတို့အား လက်ရှိ ထားပိုင်ဆိုင်ပါသည်ဟု အဆိုပြုသူ ဦးအဟုန် (ခ) ဘိုးဟုန် (၁၂/သယက(နိုင်) [illegible]) ကိုင်ဆောင်သူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူသွားရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်စန်းစန်းမော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၆၄၈၇)
အမှတ် (၅၀)၊ ဘားလမ်း၊ အခန်း (D-2)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၅၁၉၃၈၈၄

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊
သုဇာတာလမ်းမကြီး၊ အမှတ် ၈၉၅ဂရန်မြေကွက်ပေါ်တွင်
ခြောက်ထပ် RC တိုက်သစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက် အမှတ် ၈၉၅ဟုခေါ်တွင်သော မြေအကျယ်ပေ(၄၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်၏ ၂၇ ပေ×ပေ ၆၀ပေါ်တွင် ခြောက်ထပ် RC တိုက်သစ်ဆောက်လုပ်ရန် လက်ရှိ နေထိုင်ပိုင်ဆိုင်ကြ သည်ဟုအဆိုပြုသော ဒေါ်သန်းသန်းထွေး ၁၂/ဥကမ(နိုင်)၀၇၇၂၃၄နှင့် ဂရန်အမည်ပေါက်တစ်ဦး ဖြစ်သူ ဒေါ်ခင်ငွေးမြင့် ၁၂/ဥကမ(နိုင်)၀၉၆၇၄၈တို့နှစ်ဦးနှင့် ကန်ထရိုက်တာ ဦးသီဟကိုကို ၁၂/ဥကတ(နိုင်)၁၂၆၇၈၃ (ငွေကြယ်အိမ်အုပ်စုကုမ္ပဏီလီမိတက်)တို့သည် ခြောက်ထပ် RC တိုက်သစ်ဆောက်လုပ်ရန် နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အကြောင်းကြားစာပါသည့်ရက်မှ ၁၄ရက်အတွင်း သက်ဆိုင်သည့်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက နှစ်ဦးသဘောတူ ကတိစာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

ကန်ထရိုက်တာဦးသီဟကိုကို၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်စိုးထွန်း(ထီးချိုင့်) LL.B(Q),D.B.L(စဉ်-၈၂၂၅)
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေရေးရာအတိုင်ပင်ခံ LINO MASTER LAW FIRM
အမှတ် ၂၂၉၊ ပထမထပ်(ယာ)၊ ၃၈လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၂၂၀၃၊ ၀၉-၇၃၀၉၇၂၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက် အမှတ် ၆၇၁၊ ဧရိယာစတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်တွင်တည်ဆောက်ထားသော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာ ဝတီလမ်းမကြီး၊ အမှတ် ၆၇ဟုခေါ်တွင်သော နှစ်ထပ်နေအိမ်၊ ရေ၊ မီး အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြေစာရင်းတွင် အမည်ပေါက် လက်ရှိနေထိုင်သူ ဒေါ်မြင့်မြင့်ခင် ၁၂/ဥကမ (နိုင်)၀၇၆၀၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်အဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)
LL.B, D.I.L, WIPO (Switzerland)
အထက်တန်းရှေ့နေ
အမှတ် ၁၆၈၊ ပထမထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၁-၃၈၈၆၉၃

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကြည်

အသက်(၉၃)နှစ်

ပါမောက္ခ ဒေါက်တာဦးသန်းအေး-ပါမောက္ခ ဒေါက်တာဒေါ်ခင်အုန်းချစ်တို့၏မိခင်ကြီး ဒေါ်အုန်းကြည်သည် ၂၃-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ခွဲစိတ်ကုဆရာဝန်အဖွဲ့၊ မြန်မာနိုင်ငံ(ဆရာဝန်အသင်း)**

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)

တေဇ(၁၅)

ခရိုင်အုပ်ချုပ်ရေးမှူး၊မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ရန်ကုန်တိုင်းဒေသကြီး

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အရာရှိနေအိမ်ဝင်းနေ ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း (အထက-၁၊ ဒဂုံ)တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) အသက်(၄၇)နှစ်သည် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **တေဇ(၁၅)မှ သူငယ်ချင်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)

(တေဇ-၁၅)

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာနေ ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)၊ ခရိုင် အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၃၀-၄-၂၀၁၃ရက် နံနက် ၀၈:၀၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်သူငယ်ချင်းများ
ဗိုလ်မှူးကြီးကိုကိုကြီး-ဒေါ်ကေသီစံမိသားစု
ဗိုလ်မှူးမင်းယုရှိန်(ငြိမ်း)-ဗိုလ်ကြီးစိုးစိုးမော်(ငြိမ်း)မိသားစု
ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဗိုလ်ကြီးအေးမင်း(ငြိမ်း)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဌေးဝင်း

B.E(Civil) 1975

Consultant (Asia Metal Group of Companies)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၂၂/D ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်နေ ဦးဌေးဝင်း အသက်(၆၁)နှစ်သည် ၃၀-၄-၂၀၁၃ ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရန်ဟော်(Chairman)-ဒေါ်ခင်ခင်ထက်(Director)
Asia Metal Group of Companies

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဌေးဝင်း

B.E(Civil) 1975

Consultant (Asia Metal Group of Companies)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၂၂/D ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်နေ ဦးဌေးဝင်း အသက်(၆၁)နှစ်သည် ၃၀-၄-၂၀၁၃ ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ
Asia Metal Group of Companies

---

(၁)လပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဒေါ်သန်းသန်းဌေး B.Sc (Zool)

ကျောက်ကပ်အစားထိုးသူ (၁၉၉၇ခုနှစ်)

ရန်ကုန်ဆေးရုံသစ်ကြီး

အသက်(၄၇)နှစ်

ညီမလေးရေ…

- မေကအရင်သွား
- ဖေကနောက်ကလိုက်
- အဒေါ်လည်းသွားနှင့်ပြီ
- ညီမလေးလည်းအတူတူပဲ…။

မကြီးလည်း အချိန်အခါမရွေး နောင်အခါလိုက်လာရမည် ပြုပြုခဲ့သမျှကောင်းမှုကုသိုလ်ကို အားလုံးအတွက် ရည်စူး၍ အမျှ-အမျှ-အမျှပေးဝေပါ၏ ရောက်ရာဘုံဘဝက သာဓုခေါ်ဆို နိုင်ပါစေ။

မေ့မရ၊ သတိရ၊ တသသဖြင့်…

ကျန်ရစ်သူမမကြီး
ဒေါ်ခင်မကြီး
၁၃၁၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့